The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 49 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 21 , 2015




## ကျယ်ဂေါင်-မူဆယ်မှသည်
## တရုတ် - မြန်မာကုန်သွယ်မှုတိုးတက်ရေးသို့

မယ်သီတာ ၁၈



ကုန်သွယ်မှုကို မြှင့်တင်နိုင်ရန်အတွက် အသိဉာဏ်ပစ္စည်းဆိုင်ရာ ကာကွယ်ခြင်းစနစ် ပူးပေါင်းဆောင်ရွက်လျက်ရှိ ၁၂

ကနေဒါစားတော်ပဲနဲ့ ယူကရိန်းစားတော်ပဲများ မုံရွာကုန်စည်ဒိုင်ဈေးကွက်သို့ဝင်ရောက်လာ ၅

ပြည်ပဈေးကွက်သို့ မြန်မာ့ပျားရည် တင်ပို့ ၂၄

တရုတ်ဝယ်လက်ကြောင့် မြန်မာ့ဖရဲ ထိပ်တန်းပို့ကုန်ဖြစ်လာ ၂၄

# PRIME VENEERS CO., LTD.











No. 22/24, #2D, Nawarat Condominium, Sa Mon Street, Dagon Township, Yangon, Myanmar.
Tel/Fax : 95-1-378109 Email : primeveneers@gmail.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေး သဘောတူစာချုပ်အား အတည်ပြုလက်ခံကြောင်း မှတ်တမ်းလွှာကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးအပ်




ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့၌ ကျင်းပလျက်ရှိသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၀)ကြိမ်မြောက်ဝန်ကြီးများအဆင့် ညီလာခံအစည်းအဝေးသို့ တက်ရောက်နေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဒီဇင်ဘာလ ၁၆ ရက်တွင် နိုင်ရိုဘီမြို့ရှိ KICC ခန်းမ၌ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် မစ္စတာ ရောဘတ်တိုအဇယ်ဗယ်ဒိုနှင့်တွေ့ဆုံကာ ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေး သဘောတူညီချက်အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များတွင် နောက်ဆက်တွဲအဖြစ်ထည့်သွင်းရန် မြန်မာနိုင်ငံအနေဖြင့် လက်ခံကြောင်းမှတ်တမ်းလွှာကို ပေးအပ်ခဲ့ပါသည်။

အလားတူပင် အဆိုပါလက်ခံကြောင်းမှတ်တမ်းလွှာများကို ဒီဇင်ဘာလ ၁၅ ရက်တွင် ဗီယက်နမ်နိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့ကလည်းကောင်း၊ ဒီဇင်ဘာ ၁၆ ရက်တွင် ယူကရိန်းနိုင်ငံ၊ ဇမ်ဘီယာနိုင်ငံနှင့် နော်ဝေနိုင်ငံတို့ကလည်းကောင်း အသီးသီး ပေးအပ်ခဲ့ပါသည်။

ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေး သဘောတူညီချက်တွင် ၂၀၁၃ ခုနှစ်၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့၌ ကျင်းပပြုလုပ်ခဲ့သော (၉)ကြိမ်မြောက် ဝန်ကြီးများအဆင့် ညီလာခံအစည်းအဝေးမှ သဘောတူညီမှုရရှိခဲ့သော တစ်ဆင့်ဖြတ်သန်းကုန်သွယ်ရေး အပါအဝင် ကုန်စည်များကို အကောက်ခွန် ရှင်းလင်းမှုများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းရှင်များနှင့် အခြားသော ဆက်စပ်ဌာနများမှ တာဝန်ရှိသူများအကြား ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ဖော်ပြထားပါသည်။ ထို့အပြင်ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးကဏ္ဍနှင့် စပ်လျဉ်း၍ နည်းပညာအကူအညီနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက် အကူအညီပေးသွားမည့် လုပ်ငန်းစဉ်များလည်း ပါဝင်ပါသည်။

ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေး သဘောတူညီချက်အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များတွင် နောက်ဆက်တွဲအဖြစ်ထည့်သွင်းရန် လက်ခံကြောင်း မှတ်တမ်းလွှာပေးပို့သည့် နိုင်ငံအရေအတွက်သည် အဖွဲ့ဝင်နိုင်ငံ စုစုပေါင်း၏ သုံးပုံ နှစ်ပုံပြည့်မီပါက အဆိုပါ သဘောတူညီချက် စတင်အသက်ဝင်မည်ဖြစ်ပါသည်။

ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေး သဘောတူစာချုပ်အား အတည်ပြုလက်ခံပြီးသော နိုင်ငံများမှာ မြန်မာ၊ နော်ဝေ၊ ဗီယက်နမ်၊ ဘရူနိုင်း၊ ဇမ်ဘီယာ၊ ယူကရိန်းတို့ အပါအဝင် ဟောင်ကောင်၊ စင်္ကာပူ၊ အမေရိကန်၊ မောရေးသျှ၊ မလေးရှား၊ ဂျပန်၊ ဩစတြေးလျ၊ ဘော့ဆွာနာ၊ ထရီနီဒက်တိုဘားဂိုး၊ တောင်ကိုရီးယား၊ နီကာရာဂွါ၊ နိုင်ဂျာ၊ Belize၊ ဆွစ်ဇာလန်၊ တရုတ်(တိုင်ပေ)၊ တရုတ်၊ လစ်ချင်စတိန်း၊ လာအို၊ နယူးဇီလန်၊ တိုဂို၊ ထိုင်း၊ ဥရောပသမဂ္ဂ ၂၈ နိုင်ငံ၊ မက်ဆီဒိုးနီးရား၊ ပါကစ္စတန်၊ ပနားမား၊ ဂူယာနာ၊ အိုင်ဗရီကို့စ်၊ ဂရန်နာဒါး၊ လူစီယားနားနှင့် ကင်ညာနိုင်ငံတို့ဖြစ်ကြောင်း သိရှိရပါသည်။

သုတေသနပြုသူများ၏ လေ့လာချက်အရ အဆိုပါသဘောတူညီချက်ကို စတင်အကောင်အထည်ဖော်ခြင်းဖြင့် ကုန်သွယ်မှုတွင် အချိန်ကုန်သက်သာစေခြင်း၊ ငွေကုန်သက်သာစေခြင်းနှင့် စာရွက်စာတမ်း အထောက်အထား လိုအပ်ချက် လျော့ကျစေခြင်းတို့ကြောင့် ကုန်သွယ်မှုတွင် စုစုပေါင်းစရိတ်ကုန်ကျမှုကို ဝင်ငွေနိမ့်ကျသော နိုင်ငံများ၌ ၁၄ ရာခိုင်နှုန်းထက် ပိုမို၍လည်းကောင်း၊ ဝင်ငွေ အလယ်အလတ်ထက်မြင့်သော နိုင်ငံများ၌ ၁၃ ရာခိုင်နှုန်းထက်ပိုမို၍လည်းကောင်း လျော့နည်းသက်သာသွားနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ကုန်သွယ်မှုလျင်မြန်ချောမွေ့ရေး သဘောတူညီချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် လုပ်ငန်းအသစ်များကို ဆောင်ရွက်ရခြင်း မဟုတ်ဘဲ လက်ရှိလုပ်ဆောင်နေသည်များကို ပိုမိုထိရောက် အကျိုးရှိစွာ အသုံးချနိုင်ရန်နှင့် ပိုမိုခေတ်မီမြန်ဆန်သည့် နည်းပညာများကို အသုံးပြုရန် တွန်းအားပေး ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ ယင်းကိုဆောင်ရွက်နိုင်ပါက ကုန်သွယ်မှုတွင် အကျိုးအမြတ်ရရှိစေသည်သာမက အစိုးရဌာနများအတွက် ခေတ်မီသည့် အလေ့အကျင့်များကို ဆောင်ရွက်သည့် အလေ့အထများ ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် အခြေအနေကောင်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည့်အပြင် မိမိတို့နိုင်ငံတွင်လည်း ကုန်သွယ်မှုကို လျင်မြန်ချောမွေ့စေပြီး ငွေကြေးကုန်ကျမှု သက်သာစေကာ စားသုံးသူများအနေဖြင့်လည်း စျေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်မည့် အခွင့်အရေးများ ဖြစ်ပေါ်လာစေမည်ဖြစ်ပါကြောင်း သိရှိရပါသည်။

ထို့နောက် ဒီဇင်ဘာ ၁၇ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် နိုင်ရိုဘီမြို့ရှိ KICC ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော Plenary Session ၌ မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အနှစ် ၂၀ ကာလအတွင်း အာဖရိကတိုက်၌ ဝန်ကြီးများအဆင့် ညီလာခံအစည်းအဝေးကို ပထမဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းကို မြန်မာနိုင်ငံအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားခဲ့ပြီး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အဖွဲ့ဝင်နိုင်ငံအသစ်အဖြစ်ဝင်ရောက်လာသည့် နိုင်ငံများကိုလည်း ကြိုဆိုပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဖွံ့ဖြိုးမှုစားပွဲဝိုင်းဆွေးနွေးပွဲတွင် အဖွဲ့ဝင်နိုင်ငံများ အားလုံးကကြိုးစားဆွေးနွေးညှိနှိုင်းခဲ့ကြသော်လည်း ရလဒ်အနည်းငယ်သာ ထွက်ပေါ်မည့်အနေအထားကို တွေ့မြင်နေရကြောင်း၊ သို့သော်လည်း ထိုဆွေးနွေးပွဲများမှာ နိုင်ရိုဘီတွင် ပြီးဆုံးသွားမည်မဟုတ်ဘဲ နိုင်ငံစုံ ကုန်သွယ်ရေးစနစ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အခွင့်အလမ်းများဆက်လက် တည်ရှိနေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံစုံကုန်သွယ်ရေးစနစ်ကို အပြည့်အဝထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံသည် ကုန်သွယ်မှုလွယ်ကူ လျင်မြန်ချောမွေ့စေရေး သဘောတူညီချက်အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များတွင် နောက်ဆက်တွဲအဖြစ်ထည့်သွင်းရန် လက်ခံကြောင်း မှတ်တမ်းလွှာကိုကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ပေးအပ်ခဲ့ပါကြောင်း၊ ကုန်သွယ်မှုတွင် ကြုံတွေ့ရမည့်အခက်အခဲနှင့် စိန်ခေါ်မှုများကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် နီးကပ်စွာပူးပေါင်းကာ ပြည်သူများ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မိန့်ခွန်းပြောကြားခဲ့ပါသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုစနစ်တွင် အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကူညီဆောင်ရွက်ပေးလျက်ရှိသော Enhanced Integrated Framework (EIF) အစီအစဉ်ကို မြန်မာနိုင်ငံက လက်ခံရယူဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြားအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလိှုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

**Rice Market News**
Vol: 15, No.49 Monday December 21 2015

# ဆန်ချော၊ ဆန်သစ် ဈေးငြိမ်အရောင်းပါးပေမယ့် ဆန်ကြမ်းဈေးကွက်အဝယ်သွက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ ဒီဇင်ဘာလ ၁၈ ရက်နေ့ ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်း၊ ဆန်ဟောင်းဈေး ထိပ်စ တစ်အိတ် ၃၆၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၅၀၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်၊ ပေါ်ဆန်း ဆန်ဟောင်းဈေး ထိပ်စ တစ်အိတ် ၄၀၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၈၅၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း ဆန်ဟောင်းဈေး ကတော့ ထိပ်စ တစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၄၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးအတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ဖျာပုံပေါ်ဆန်း ဆန်သစ်ဈေး ထိပ်စ တစ်အိတ် ၂၈၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၈၀၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်း ဆန်အသစ်ဈေးက ထိပ်စတစ်အိတ် ၃၀၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၇၅၀၀ ကျပ်ဖြစ်လို့ ယခင်ပတ်ထက် တစ်အိတ်ကို ၁၀၀၀ ကျပ်ခန့် ဈေးကျလာပါတယ်။ နယ်စုံပေါ်ဆန်းဆန်အသစ်ဈေးကတော့ ထိပ်စ တစ်အိတ် ၂၈၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၇၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း၊ ကုန်စည်ဒိုင် ဈေးနှုန်းများအရ စိစစ် တွေ့ရှိရပါတယ်။ ကုန်စည်ဒိုင်တွင် ပေါ်ဆန်းဆန်ဟောင်းများ ပြတ်သလောက်နီးပါးဖြစ်နေပြီး၊ ဆန်သစ်များက အဝင်နည်းကာ၊ အဝယ်လည်းပါးနေပြီး အရောင်းအဝယ်အေးနေတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှ သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ ဆန်သစ်ဈေး တစ်အိတ် ၂၁၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၅၀၀ ကျပ်ခန့် ဈေးတက်လာပါတယ်။ ကုန်စည်ဒိုင်သို့ ဆန်ကြမ်းဝင်ရောက်မှုနည်းပေမယ့် ဝယ်လိုအားရှိပြီး အရောင်းအဝယ်ဖြစ်နေတယ်လို့ ဈေးကွက်မှ သိရပါတယ်။

ဒီတစ်ပတ်မူဆယ်ဆန်ဈေးကွက်ရဲ့ ဒီဇင်ဘာ ၁၈ ရက်နေ့ ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မော်ဘီတစ်အိတ် ၁၃၇-၁၃၉ ယွမ်နဲ့ ၅ မှတ် မနောသုခတစ်အိတ် ၁၃၃-၁၃၄ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီတစ်အိတ် ၁၃၄-၁၃၆ ယွမ်နဲ့ ၁၀ မှတ် မနောသုခ တစ်အိတ် ၁၃၁-၁၃၂ ယွမ်၊ ဧည့်မထ ၁၅ မှတ် မော်ဘီတစ်အိတ် ၁၃၂-၁၃၃ ယွမ်နဲ့ ၁၅ မှတ် မနောသုခ တစ် အိတ် ၁၂၉-၁၃၀ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ တစ်အိတ် ၁၂၇-၁၂၈ ယွမ်၊ ၂၅ မှတ် ရတနာတိုး ၁၂၇-၁၂၉ ယွမ်၊ ဧည့်မထ ၃၅ မှတ် မနောသုခတစ်အိတ် ၁၂၄-၁၂၆ ယွမ်၊ ၃၅ မှတ် ရတနာတိုး ၁၂၄-၁၂၆ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၃၄-၁၃၅ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၃၁-၁၃၃ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၂၇-၁၃၀ ယွမ် အသီးသီးဖြစ်ခဲ့ကြပြီး ယခင်တစ်ပတ်ထက် ဧည့်မထဆန်မှာ ၁ ယွမ်မှ ၃ ယွမ်ခန့် ဈေးတက်လာပြီး၊ ငစိန်ဆန်မှာတော့ ၂ ယွမ်ခန့် ဈေးတက်လာတာ တွေ့ရပါတယ်။

ဒီဇင်ဘာ ၁၈ ရက်နေ့ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၂၀၀ ဒသမ ၂၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် သုည ဒသမ ၄၀ ကျပ်ခန့် ဈေးကျလာခဲ့ကြောင်း၊ မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ ဝယ်လက်ပုံမှန်ရှိပေမယ့် ဒီတစ်ပတ်အဖမ်းအဆီးရှိလို့ အရောင်းအဝယ် အနည်းငယ်တန့်နေကြောင်း သိရပါတယ်။ ပုံမှန်အရောင်းအဝယ်ဖြစ်နေတာက မော်ဘီ၊ စူပါ၊ မနောသုခနဲ့ ငစိန်ဆန်များဖြစ်ပါတယ်။ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ်ဆန်တန်ချိန်ပျမ်းမျှ ၃၀၀၀-၄၀၀၀ ကျော်ခန့် ဝင်ရောက်နေပြီး ယခုတစ်ပတ်အတွင်း မူဆယ်သို့ စုစုပေါင်းတန်ချိန် ၂၀၄၄၄ ခန့် ဝင်ရောက်ခဲ့တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ သိရပါတယ်။

မြန်မာ့ဆန်ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၁၁ ရက်နေ့ထိ တန်ချိန် ၇၂၁၅၅ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၆၅ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၅၁၃၀၂ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၂ သန်းကျော်ဖိုး လျော့နည်းလျက်ရှိပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၂၆၆၄၅၇ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၇ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၈၃၇၃၄ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၅ သန်းကျော်ဖိုး ရှိကြောင်းသိရပါတယ်။ **MIRT-YGN**

# ရေဆင်းရောစပါး အောင်မြင်ဖြစ်ထွန်း

ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ လက်တောင်းကြီးအုပ်စုကို ကွင်းဆင်းခဲ့စဉ် ရေဆင်းဧရာစပါး စိုက်ပျိုး အောင်မြင်မှုနဲ့ ပတ်သက်ပြီး တောင်သူ ဦးကျော်ညွန့်က "ဒီစပါးမျိုးက ကျွန်တော်တို့ဆီရောက်လာတာ သုံးနှစ်လောက်ရှိပြီ။ လက်တောင်းကြီးအုပ်စုမှာ အားလုံးနီးပါးစိုက်ကြပါတယ်။ မျိုးတစ်တင်း ၁၀၀၀၀ ကျပ်ပေးဝယ်ရတာ။ သက်တမ်းကလည်း ငါးလခွဲ၊ ခြောက်လလောက်ကြာတယ်။ သက်တမ်းရှည်တဲ့အတွက် သွင်းအားစုကလည်း တစ်ကြိမ်ပိုပါတယ်။ ဆေးဖျန်း၊ ပေါင်းသတ်ရတာပေ့ါ။ ဒီမျိုးရဲ့အားသာချက်က သက်ကြီးမျိုးဖြစ်လို့ ရာသီဥတုဒဏ်ခံနိုင်တယ်။ ပင်တက်များလည်း အားကောင်းတယ်။ ဒီဘက်ရာသီဥတုနဲ့လည်း ကိုက်ညီတယ်။ အထွက်ကသုညဒသမ ၆၅ ဧကကို တင်းရေ ၇၃ တင်းရှိပါတယ်။ ပေါ်ချိန်မှာ ပွဲစားဆင်းဝယ်တာလည်းရှိတယ်။ ကိုယ့်ဆီမှာတင် စက်ကြိတ်တာလည်းရှိတယ်။ တစ်တင်း ၆၅၀၀ ကျပ်၊ ၇၀၀၀ ကျပ်ရှိပါတယ်။ အခု စတင်ရိတ်သိမ်းနေကြပါပြီ၊ နောက် နှစ်ပတ်လောက်ဆိုရင် အားလုံးရိတ်သိမ်းပြီးမယ် ထင်ပါတယ်။ တောင်သူအများစုကလည်း ကြိုက်တဲ့အတွက် နောက်နှစ်တွေမှာလည်း ဆက်ပြီးစိုက်သွားဖို့ အစီအစဉ်ရှိပါတယ်"လို့ ပြောပြပါတယ်။

**စွမ်းရည်-ယင်းမာပင်**

# စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် စပါးကြိတ်ခွဲစက်များတွင် ကချင်ကောက်ညှင်းစပါးများ ကြိတ်ခွဲလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့၊ ချပ်သင်း၊ ချပ်ကြီး တိုက်နယ်များတွင် ကချင်ကောက်ညှင်းစပါးလို့ခေါ်တဲ့ ကောက်ညှင်းအဖြူများ အဆိုပါတိုက်နယ်များရှိ ငါးပုံနှင့် ဆန်စက်ကြီးများတွင် ကြိတ်ခွဲလျက်ရှိပါတယ်။ ကြိတ်ခွဲထွက်ရှိသော ကောက်ညှင်းဆန်များကို ပွဲရုံများသို့ သွားရောက် ရောင်းချခြင်းဖြင့်လည်းကောင်း၊ အချို့ပွဲစားများက ကြိတ်ခွဲစက်များဖြင့် လာရောက်ချိတ်ဆက်ပြီး၊ တိုက်ရိုက်ဝယ်ယူခြင်းဖြင့်လည်းကောင်း အရောင်းအဝယ် သွက်လက်နေကြပါတယ်။ ကောက်ညှင်းဆန်တစ်တင်းကို ၁၆၀၀၀ ကျပ်မှ ၁၇၀၀၀ ကျပ်ဈေးအသီးသီးရှိပြီး ဒေသအခေါ် ကချင်ကောက်ညှင်းအဖြူစပါးဈေးနှုန်းကတော့ စပါးတင်း ၁၀၀ ကို ၆၈၀၀၀၀ ကျပ်ပတ်ဝန်းကျင်မှာရှိပါတယ်။

ကောက်ညှင်းစပါး အထွက်နှုန်းကလည်း တစ်ဧက တင်း ၅၀ မှ ၆၀ ခန့် ထွက်ရှိကြောင်း၊ အဆိုပါ တိုက်နယ်များမှ တစ်ရက်ကို ကောက်ညှင်းဆန်အိတ် ၂၀၀ ခန့်စီကို မီးရထား၊ ကားများဖြင့် မန္တလေးဘက်သို့ စီးထွက်လျက်ရှိကြောင်း ကိုးတောင်ဘို့ကျေးရွာအုပ်စု ပေါက်ကုန်းကျေးရွာ၊ ငါးပုံဆန်စက်ပိုင်၊ တောင်သူ ဦးချစ်ခိုင်မှ ပြောပြပါတယ်။

ဒေသခံစပါးစိုက် တောင်သူများ အရောင်းအဝယ်ကောင်းပြီး၊ အဆင်ပြေကြကြောင်းဈေးကွက်မှ သိရပါတယ်။

**စောမောင်-ကန့်ဘလူ**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၇-၁၂-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၈ | ၃၇၁ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၆ | ၃၆၀ | ▽ | ၃၇၀ | ၃၇၀ | □ | ၃၄၅ | ၃၅၅ | △ | ၃၃၀ | ၃၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၉ | ၃၅၄ | ▽ | ၃၅၅ | ၃၅၅ | □ | ၃၂၀ | ၃၂၅ | △ | ၃၀၀ | ၃၀၀ | □ |
| ပေါင်းဆန် | ၃၄၅ | ၃၄၅ | □ | - | - | - | ၃၄၀ | ၃၅၀ | △ | ၄၀၅ | ၄၀၅ | □ |

*Source: oryza.com*

## အမေရိကန်နိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၇-၁၂-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၈၅ | ၄၈၀ | ▽ | ၅၁၅ | ၅၂၀ | △ | ၅၃၀ | ၅၁၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၁၅ | ၅၀၀ | ▽ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၈-၁၂-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | □ | ၂၄၀၀၀ | □ | ၇၇၂၈ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၄၂၈ | □ | ၂၅၅၀၀ | □ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | □ | ၂၄၀၀၀ | □ | ၈၃၀၀ | □ | ၃၅၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | △ | ၂၄၀၀၀ | △ | ၁၃၀၀၀ | ▽ | ၄၅၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၃၀၀၀ | □ | ၈၀၀၀ | □ | ၃၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၄၅၀၀ | □ |
| မန္တလေး | ၅၇၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| မော်လမြိုင် | ၅၈၀၀ | △ | ၂၃၀၀၀ | □ | ၈၄၀၀ | □ | ၃၅၀၀၀ | □ |
| လှိုင်ကော် | ၇၆၆၀ | □ | ၃၄၀၀၀ | □ | - | - | ၅၂၅၀၀ | □ |
| မြိတ် | ၅၃၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၄၀၀၀ | ▽ |
| ဘားအံ | ၅၇၀၀ | □ | ၂၆၅၀၀ | △ | - | - | ၃၁၀၀၀ | ▽ |
| တောင်ကြီး | - | - | ၂၅၀၀၀ | □ | - | - | ၅၁၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## သီတင်းတစ်ပတ်အတွင်း ဆန်တန်ချိန် သုံးသောင်းကျော် တင်ပို့

နိုဝင်ဘာလ ၅ ရက်မှ ၁၁ ရက်အတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၁၀ ဒသမ ၇၉၈ သန်းဖိုးရှိ ဆန်ဖြူ ၂၈၃၈၃ တန် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ စခန်းများကတော့ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၂၀၁၃၀ တန်၊ ဧည့်မထဆန် ၅၇၉၁ တန်၊ ချင်းရွှေဟော်စခန်းမှ ငစိန်ဆန် ၄၄၁ တန်ကျော်နဲ့ လွယ်ဂျယ်စခန်းမှ ငစိန်ဆန် တန် ၂၀၂၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၃၁၄၂ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆန်အပြင် ဆန်ကွဲ ၄၄၆၆ တန်ကျော်ကိုလည်း တင်ပို့နိုင်ခဲ့ပါတယ်။ ဆန်တင်ပို့မှုလျော့ကျသော်လည်း ဆန်ကွဲတင်ပို့မှုကတော့ ၁၆၂၄ တန်ပိုမိုခဲ့ပါတယ်။

ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့မှုကတော့ နိုဝင်ဘာလ ၆ ရက်နေ့မှ ၁၂ ရက်နေ့ထိမှာ ကန်ဒေါ်လာ သုည ဒသမ ၈၆၉ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၂၃၄၉ တန်တင်ပို့ခဲ့ပါတယ်။ ဆန်ဖြူတင်ပို့မှာ တရုတ်နိုင်ငံသို့ ငစိန်ဆန် တန် ၅၀၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၁၀၀၀ နဲ့ ပေါ်ဆန်း၂၄ တန်၊ အီးယူနိုင်ငံများသို့ ဆန်ဖြူ ဖြစ်တဲ့ ငစိန်ဆန် ၆၂၅ တန်နဲ့ ဧည့်မထဆန် တန် ၁၀၀၊ ပေါင်းဆန် တန် ၅၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၁၂၂ တန်လျော့နည်းခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုအနေနဲ့ ယခုသီတင်းပတ်အတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၃၇၉ သန်းဖိုးရှိ ဆန်ကွဲ ၁၃၆၉ တန် တင်ပို့ခဲ့ပြီး အီးယူနိုင်ငံများကိုသာ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ထက် တန် ၁၈၀ ခန့် လျော့နည်းခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၈-၁၂-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၁/၁၂ | ၁၈/၁၂ | ပြောင်းလဲမှု | ၁၁/၁၂ | ၁၈/၁၂ | ပြောင်းလဲမှု | ၁၁/၁၂ | ၁၈/၁၂ | ပြောင်းလဲမှု | ၁၁/၁၂ | ၁၈/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၃၇၅၆ | ၃၇၀၇ | ▼ | ၃၄၀၀ | ၃၃၃၃ | ▼ | ၃၂၅၀ | ၃၂၅၀ | ■ | ၃၃၅၀ | ၃၃၅၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၆၃၇ | ၂၅၅၄ | ▼ | - | - | - | ၂၅၅၀ | ၂၄၇၅ | ▼ | ၂၆၀၀ | ၂၄၇၅ | ▼ |
| ၃ | ပဲတီစိမ်း | ၂၀၈၀ | ၂၀၀၀ | ▼ | ၁၉၂၉ | ၁၈၆၇ | ▼ | ၁၇၃၇ | ၁၉၂၁ | ▲ | ၂၀၃၀ | ၁၈၉၅ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၁၅၀ | ၂၂၅၀ | ▲ | - | - | - | - | - | - | ၁၇၉၀ | ၁၈၄၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၃၃၀ | ၁၄၀၀ | ▲ | ၁၅၃၃ | ၁၃၃၃ | ▼ | - | ၁၄၂၅ | - | ၉၇၅ | ၁၀၃၀ | ▲ |
| ၆ | ထောပတ်ပဲ | ၇၈၀ | ၆၉၅ | ▼ | - | - | - | - | ၆၅၈ | - | ၆၃၀ | ၆၃၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၈-၁၂-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၀/၁၂ | ၁၇/၁၂ | ပြောင်းလဲမှု | ၁၀/၁၂ | ၁၇/၁၂ | ပြောင်းလဲမှု | ၁၀/၁၂ | ၁၇/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၇၃၀ | ၁၇၃၀ | ■ | ၁၆၁၇ | ၁၅၇၆ | ▼ | ၁၅၇၂ | ၁၅၀၁ | ▼ |
| ၂ | ပဲစင်းငုံ | ၁၃၀၀ | ၁၂၂၀ | ▼ | ၁၄၉၇ | ၁၄၅၆ | ▼ | ၁၅၅၇ | ၁၄၄၁ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၅၀ | ၁၀၅၀ | ■ | ၁၀၉၃ | ၁၀၅၀ | ▼ | ၁၁၀၈ | ၁၀၉၅ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၇၂၂ | ၆၉၄ | ▼ | ၇၆၄ | ၇၃၉ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၅·၁၂·၁၅)ထိ | ယခုတစ်ပတ် (၁၂·၁၂·၁၅)ထိ | (၁·၄·၁၅) မှ (၁၂·၁၂·၁၅) ထိ |
| မတ်ပဲ | ၁၁၅၈ | ၁၀၅၃ | ၃၈၉၀၉၆ |
| ပဲတီစိမ်း | ၄၀၃၃ | ၆၇၀၁ | ၁၃၀၈၂၉ |
| ပဲစင်းငုံ | ၁၁ | ၄၂၂ | ၁၁၆၁၁၇ |
| ကုလားပဲ | ၃၄ | ၇၅ | ၂၃၃၆၈ |
| ပဲလွန်းဖြူ | ၇၀ | ၆၀ | ၁၃၃၃၂ |
| မြေထောက်ပဲ | ၃၇၄ | ၁၉၃ | ၁၂၈၆၀ |

## မိုးမြေပဲစိုက်ပျိုးရင် ဆောင်းမြေပဲမျိုးအတွက် ဈေးကြီးပေးဝယ်ရန်မလို

အင်းတော်မြို့နယ် ဆီထွက်သီးနှံ ဆောင်းမြေပဲ အများအပြား စိုက်ပျိုးမှု ရှိပေမယ့် မိုးမြေပဲစိုက်ပျိုးမှု အလွန်နည်းပါးတာ တွေ့ရပါတယ်။ နှစ်စဉ်ဆောင်းမြေပဲ ဧက ၂၅၀၀၀ နီးပါးစိုက်ပျိုးသော်လည်း မိုးမြေပဲမှာ သုည ဒသမ ၅၀ ရာခိုင်နှုန်း ခန့်သာရှိနိုင်ပါတယ်။ ယာခင်းလုပ်ကွက်နည်းပါးမှုကြောင့် ဖြစ်တယ်၊ ဆောင်းမြေပဲကို မိုးစပါးရိတ်သိမ်းပြီးမှ လယ်ကွက်ထဲ စိုက်ပျိုးတာ တွေ့ရပါတယ်။

မိုးမြေပဲကို လယ်တစ်ကွက်စာ စိုက်ပျိုးထားသင့်ကြောင်း၊ တောင်သူအများစုက လယ်အားလုံးစပါးစိုက်တော့ စပါးပြီး ဆောင်းမြေပဲစိုက်ဖို့ မြေပဲမျိုးကို တစ်တင်း ၅၃၀၀၀ ကျပ်နဲ့ဈေးကြီးပေးဝယ်ပြီး စိုက်ရကြောင်း သူ့အနေဖြင့် မိုးမြေပဲ သုည ဒသမ ၂၅ ဧက စိုက်ရာ အဆန်သုံးတင်းကျော်ရတဲ့အတွက် ဆောင်းမြေပဲမျိုး ဈေးကြီးပေးမဝယ်ရတဲ့အပြင် ရောင်းမယ်ဆို ဈေးကောင်းရတော့ စိုက်စရိတ်လည်း ကာမိတယ်လို့ မိုးမြေပဲစိုက်ပျိုးတဲ့ လယ်ပြင်ကျေးရွာမှ ဦးရုံးရွှေကဆိုပါတယ်။

ဆည်ရေသောက်စိုက်ကွက်များမရှိသည့်အတွက် လယ်ကွက်ထဲ မိုးရေကျန်ဖြင့် ဆောင်းမြေပဲစိုက်ပျိုးပါတယ်။ လစဉ်မိုးမရွာပါက စက်ရေတင်စိုက်ပျိုးရလို့ တစ်ဧကကုန်ကျစရိတ် နှစ်သိန်းကျော်ရှိနိုင်ပါတယ်။ မျိုးဖိုးသက်သာပါက ကုန်ကျစရိတ်နည်းပြီး အကျိုးအမြတ်ပိုရရှိနိုင်လို့ မိုးမြေပဲကို ဆောင်းမြေပဲမျိုးအတွက် မျှော်မှန်းစိုက်ပျိုးသင့်ကြောင်းလည်း သူကပြောပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

## ကနေဒါစားတော်ပဲနဲ့ ယူကရိန်းစားတော်ပဲများ မုံရွာကုန်စည်ဒိုင်ဈေးကွက်သို့ဝင်ရောက်လာ

ပြည်တွင်းသုံးစွဲမှုမြင့်တက်ခဲ့သဖြင့် ပြည်ပစားတော်ပဲများ မုံရွာကုန်စည်ဒိုင်ဈေးကွက်သို့ ဝင်ရောက်လာကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။ ဝင်ရောက်လာတဲ့စားတော်ပဲများမှာ ကနေဒါ စားတော်ပဲနဲ့ ယူကရိန်းစားတော်ပဲများဖြစ်ပြီး ရန်ကုန်ပင်လယ်ရေကြောင်းနဲ့ တမူးနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ဝင်ရောက်ခဲ့ကြောင်းသိရပါတယ်။ အခြားပဲများဈေးမြင့်တက်ခဲ့သဖြင့် ဈေးနှုန်းသင့်သော ပြည်ပစားတော်ပဲ များကို ပဲခွဲစက်၊ ပဲကြာဆံစက်များမှ အဓိကဝယ်ယူကြောင်း သိရပါတယ်။

ကနေဒါစားတော်ပဲမှာ အရည်အသွေးကောင်းပြီး တစ်တင်း ကျပ် ၂၃၀၀၀၊ ယူကရိန်းစားတော်ပဲမှာ အရည်အသွေးနိမ့်ပြီး တစ်တင်း ၂၂၀၀၀ ကျပ် ဈေးများဖြစ်ပေါ်ခဲ့ပြီး မုံရွာကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း တစ်ရက်လျှင် အိတ်၁၀၀၀ခန့် အရောင်းအဝယ်ဖြစ်ကြောင်း ကုန်သည်တစ်ဦးကပြောပါတယ်။

**အောင်မင်း-တန့်ဆည်**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ်ပဲဈေးကောင်းရလို့ ပဲစိုက်ဧကတိုးတက်လာ

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကုလားပဲ၊ မတ်ပဲ၊ ပဲတီစိမ်းနဲ့ စွန်တာနီပဲတို့တွင် ယခုနှစ်ကာလတူ ဈေးကောင်းရတာကြောင့် ကာလတူစိုက်ဧကတက်လာကြောင်း သိရပါတယ်။

**ကုလားပဲ ၆၉ ရာခိုင်နှုန်းကျော်စိုက်ပြီး**

ယခုနှစ် ဆောင်းကုလားပဲ လျာထားစိုက်ဧက ၃ ဒသမ ၈၈ သိန်းမှ ယနေ့ထိဧက ၂ ဒသမ ၆၉ သိန်း စိုက်ပျိုးခဲ့လို့ ရာခိုင်နှုန်းအားဖြင့် ၆၉ ရာခိုင်နှုန်းကျော် စိုက်ပျိုးနိုင်ခဲ့သလို၊ ယခင်နှစ်ကာလတူထက် ဧက ၁၉၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ကြောင်းသိရပါတယ်။ ကုလားပဲဈေးမှာလည်း ယခင်နှစ်အမြင့်ဆုံးဈေး တစ်တင်း ၁၆၀၀၀ ကျပ်ရှိခဲ့ပြီး၊ ယခုနှစ်အမြင့်ဆုံးဈေးမှာ တစ်တင်း ကျပ် ၄၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့တာကြောင့် ဈေးကောင်းရလို့ ယခုနှစ်စိုက်ဧက ပိုမိုနိုင်ကြောင်း၊ ကုလားပဲစိုက် တောင်သူတို့ကဆိုပါတယ်။

**မတ်ပဲလည်း ၈၄ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီး**

ယခုနှစ်မတ်ပဲ ဆောင်းစိုက်လျာထားဧက ၁ ဒသမ ၆၃ သိန်းမှ နိုဝင်ဘာလကုန်ထိ ၁ ဒသမ ၃၄ ဧက စိုက်ပျိုးခဲ့ရာ ၈၄ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပြီး၊ ယခင်နှစ်ကာလတူထက် ဧက ၉၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲဈေးမှာ ယခင်နှစ်က တစ်တင်း ၃၀၇၀၀ ကျပ်ရှိပြီး၊ ၃ နှစ်အတွင်း စံချိန်တင်ဈေး တစ်တင်း ကျပ်၇၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့တာကြောင့် ယခုနှစ်တွင် မတ်ပဲ စိုက်ပျိုးသူများနိုင်ကြောင်း သိရပါတယ်။

**စွန်တာနီ/ပြာလည်း ယခုအချိန်ထိ ၁၂၃ ရာခိုင်နှုန်း စိုက်ပျိုးပြီး**

စွန်တာနီ/ပြာ လျာထားစိုက်ဧက ၁ ဒသမ ၄၆ သိန်းမှ နိုဝင်ဘာလကုန်ထိ ဧက ၁ ဒသမ ၈၁ သိန်း စိုက်ပျိုးနိုင်ခဲ့သဖြင့် ရာခိုင်နှုန်း ၁၂၃ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့သလို ကာလတူထက်လည်း ဧက ၄၀၀၀ ကျော် ပိုမိုစိုက်ပျိုးခဲ့ကြောင်း သိရပါတယ်။ ယခုနှစ်ပဲမျိုးစုံဈေးမြင့်တက်ခဲ့ပြီး စွန်တာနီ/ပြာမှာလည်း ယခင်နှစ်က အမြင့်ဆုံးတစ်တင်း ၁၈၀၀၀ ကျပ်ရပြီး ယခုနှစ်မှာ တစ်တင်း ၁၉၀၀၀ ကျပ်ကျော်ထိ အမြင့်ဈေးဖြစ်ပေါ်ခဲ့ကြောင်း သိရပါတယ်။ စွန်တာနီ/ပြာသီးနှံဟာ အခြားပဲများလို (သွင်းအားစု+ပိုးသတ်ဆေး) သုံးစွဲရန် လိုအပ်မှုနည်းပြီး အထွက်နှုန်းမှာလည်း ကောင်းမွန်တဲ့အတွက် ယခုနှစ် စိုက်ပျိုးသူများပြားလာကြောင်း မုံရွာမြို့နယ်၊ အင်တိုင်းကျေးရွာမှ တောင်သူဦးသိန်းအောင်က ပြောပါတယ်။

**ပဲတီစိမ်းလည်း ယခုအချိန်ထိ ၁၁၃ ရာခိုင်နှုန်းစိုက်ပြီး**

ယခုနှစ် ပဲတီစိမ်းလျာထားစိုက်ဧက ၉၀၀၀၀ ကျော်မှ ၁၀၀၀၀၀ ကျော်စိုက်ပြီးဖြစ်တာကြောင့် ၁၁၃ ရာခိုင်နှုန်း စိုက်ပျိုးပြီးသလို ယခင်နှစ်ကာလတူထက် ၇၀၀၀ ကျော်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာလည်း ယခင်နှစ်အမြင့်ဆုံးဈေး တစ်တင်း ၄၀၅၀၀ ကျပ်ရှိခဲ့ပြီး ယခုနှစ်အမြင့်ဆုံး ၄၆၀၀၀ ကျပ်ရရှိကြောင်း၊ ပဲစိုက်တောင်သူများလည်း ပဲဈေးကွက်ကောင်းမွန်လို့ ယခုနှစ် ပိုမိုစိုက်ပျိုးနိုင်မယ်လို့ ဈေးကွက်က သိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

## မုံရွာကုန်စည်ဒိုင် ဆောင်းနှမ်းဈေးကွက် အရောင်းအဝယ်သွက်ပေမယ့် ဈေးအေးနေ

ပြီးခဲ့တဲ့မိုးနှောင်းကာလက စိုက်ခဲ့ကြတဲ့ဆောင်းနှမ်းတွေ မုံရွာခရိုင်အတွင်း ရိတ်သိမ်းလျက်ရှိကာ မုံရွာကုန်စည်ဒိုင်မှာ နှမ်းအဝင်လှိုင်လျက်ရှိတယ်လို့ သိရပါတယ်။

နှမ်းသစ်ပေါ်ချိန်ဖြစ်တဲ့ ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်နှမ်းဈေးကွက်မှာ ဝယ်လက်ရှိပေမယ့် မနှစ်က ကာလတူပေါက်ဈေးထက်ကျဆင်းကာ နှမ်းညိုတစ်တင်း ၂၆၅၀၀ကျပ်၊ နှမ်းဝါတစ်တင်း ၂၆၈၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၂၇၀၀၀ ကျပ်မှ ၂၉၀၀၀ ကျပ်အသီးသီး ပေါက်ဈေးဖြစ်ပေါ်နေပြီး၊ နှမ်းနက်ကတော့ အရည်အသွေးအရ အမြင့်ဆုံး ၆၀၀၀၀ ကနေ အနိမ့်ဆုံး ၄၀၀၀၀ ကျပ်၊ ၃၀၀၀၀ ကျပ်အထိ ဈေးကောင်းရတာ တွေ့ရပါတယ်။

ဒေသခံတောင်သူတွေအနေနဲ့ အကြမ်းခံပြီး ဈေးကောင်းရနိုင်မယ့်နှမ်းဖြူကို အများဆုံးစိုက်ပျိုးခဲ့ကြသလို အရင်းအနှီးပြည့်စုံတဲ့ တောင်သူတချို့က နှမ်းနက်ကိုအဓိကအားပြုစိုက်ခဲ့ကြတယ်လို့ ချောင်းဦး၊ မုံရွာနဲ့ ဘုတလင် မြို့နယ်ရှိ နှမ်းတောင်သူတွေကဆိုပါတယ်။ အရင်းအနှီးနည်း၊ စိုက်ဧကနည်း၊ မြေအရည်အသွေးညံ့တဲ့ တောင်သူတွေကတော့ နှမ်းညိုကိုအားပြုစိုက်ပျိုးကြတယ်လို့လည်း ဆိုပါတယ်။

နှမ်းတစ်ဧကရဲ့ စိုက်ပျိုးထုတ်လုပ်စရိတ်ဟာ ဒေသနဲ့မျိုးကွဲပြားသလောက် ကျပ်ရှစ်သောင်းကနေ ကျပ်တစ်သိန်းငါးသောင်းထိ ကုန်ကျတယ်လို့ဆိုပါတယ်။ ယခုနှစ် ဆောင်းနှမ်းစိုက်ပျိုးရာမှာ မိုးများလို့ ပျက်စီးမှုရှိခဲ့သလို သီးနှံအထွက်လျော့ပြီး ပေါ်ချိန်မှာဈေးကျနေလို့ အကျိုးဖြစ်ထွန်းမှု အားနည်းခဲ့တယ်လို့ နှမ်းစိုက် တောင်သူတွေက ဆိုပါတယ်။

ရိတ်သိမ်းပြီး နှမ်းစိုက်တောင်သူတွေရဲ့အဆိုအရ အနိမ့် ဆုံးတစ်ဧက ငါးတင်းထွက်ပြီး ရေမြေနဲ့ မျိုးကောင်းတဲ့ဒေသမှာတော့ ၁၀ တင်း၊ ၁၂တင်းထိထွက်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ချောင်းဦးမြို့နယ်က နှမ်းတောင်သူတစ်ဦးက နှမ်းနက် (ဆောင်း) ဧက ၂၀ စိုက်ခဲ့ရာမှာ တစ်ဧက ၈ တင်းနှုန်းထွက်ပြီး၊ အရည်အသွေးမီလို့ တစ်တင်း ၆၀၀၀၀ ကျပ်နှုန်းရကာ တစ်ဧကအတွက် ၄ ဒသမ ၈ သိန်း ဝင်ငွေရရှိကာ အကျိုးအမြတ်ရှိခဲ့တယ်လို့ဆိုပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်ပဲနီပြားဈေးကွက် ဈေးတရိပ်ရိပ်တက်

ပြည်ပဲဈေးကွက်ရဲ့ လက်လီအရောင်းအဝယ်ဖြစ်နေတဲ့ ပဲထဲမှာ ပဲနီပြားသီးနှံကတော့ ဈေးတရိပ်ရိပ်တက် လာနေတာကိုတွေ့ရပါတယ်။

ယခုတစ်ပတ်မှာ တစ်တင်း ၃၀၀၀၀ ကျပ်ရရှိခဲ့ပြီး၊ လက်လီသာအဝယ်ရှိလို့ အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲလက်ကျန်များသာရှိပြီး၊ အသစ်ဝင်ရောက်မှု မရှိသေးတာကို တွေ့ရပါတယ်။

ပဲနီပြားသီးနှံဟာလည်း ယခုနှစ်အတွင်း ဈေးကောင်းခဲ့တယ်လို့ဆိုရမှာဖြစ်ပါတယ်။ ယခင်နှစ်က ဒီဇင်ဘာလဈေးမှာ တစ်တင်း ၂၁၀၀၀ ကျပ်သာရှိခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

Vol: 15, No.49 Monday December 21 2015

# အီးယူသို့ ပဲတီစိမ်းတင်ပို့ရောင်းချနိုင်ရေးအတွက် GIZ မှ သင်တန်းပို့ချ



အီးယူနိုင်ငံများက မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ပဲတီစိမ်းများကို နှစ်စဉ်ဝယ်ယူခဲ့ကြပါတယ်။ ယခုနှစ်တွင်လည်း ဝယ်ယူရန် ကမ်းလှမ်းလျက်ရှိပါတယ်။ ကုန်သည်များနဲ့ တောင်သူများရဲ့ စိုက်ပျိုး ထုတ်လုပ်မှု အလေ့အကျင့်ကောင်းများအတွက် လိုအပ်ချက်များကို တွေ့ရှိခဲ့ပါတယ်။ ဥရောပသမဂ္ဂအဖွဲ့(EU ) နဲ့ ဂျာမနီနိုင်ငံ (GIZ )တို့မှ ပူးပေါင်းကူညီထောက်ပံ့၍ အောင်မြင်စွာ စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့် အနေဖြင့် ဒီဇင်ဘာ ၁ ရက်မှ ၁၅ ရက် အထိရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နှင့် ခရမ်းမြို့နယ်များတွင် စပိန်နိုင်ငံမှ စိုက်ပျိုးရေးအထူးပြုပါမောက္ခ (ဗစ်တိုးရီးယား) နှင့် တိုင်းတိုးချဲ့စိုက်ပျိုးရေး ဦးစီးဌာန သီးနှံကာကွယ်ရေးဌာနမှ တာဝန်ရှိသူများနှင့် (GIZ ) မှ ဘာသာပြန်တာဝန်ရှိသူများ လာရောက်သင်တန်းပို့ချခဲ့ပါတယ်။

စိုက်ပျိုးရေးပညာရှင် (ဗစ်တိုးရီးယား) မှ ဥရောပနိုင်ငံများသို့ ပဲတီစိမ်းများ တင်ပို့ရောင်းချနိုင်ရေးအတွက် တောင်သူများအား အလေ့အကျင့်ကောင်းများ ရရှိရန်နှင့် ပိုးသတ်ဆေးသုံးစွဲနည်းစနစ်တကျ သုံးစွဲနိုင်ရေး၊ လူနေမှုဘဝ ပုံစံများတွေးခေါ်နေထိုင်မှုများ မြှင့်တင်ရေး၊ ပဲတီစိမ်း စတင်စိုက်ပျိုးထုတ်လုပ်သည်မှ ပဲပင်ပေါက်ဖောက်လုပ်သည်အထိ GHP & GAP နည်းစဉ်များအတိုင်း စိုက်ပျိုးတင်ပို့ရောင်းချနိုင်ရန်ရည်ရွယ်၍ ပရိုဂျက်တာနှင့် စာတွေ့လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ပါတယ်။

သင်တန်း အထောက်အကူပြုကုမ္ပဏီမှ ဝန်ထမ်းများနှင့် သင်တန်းတက်ရောက်သူ တောင်သူများမှလည်း GIZ မှ ယခုလို လာရောက်ဆောင်ရွက်ပေးသည့် သင်တန်းအစီအစဉ်သည် မိမိတို့အတွက် များစွာအကျိုးအမြတ်ရရှိမည်ဖြစ်သည့်အပြင် နိုင်ငံအတွက် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ကုန်သွယ်မှုတွင် အပြည့်အဝ ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့ရေး၊ အစားအသောက်လုံခြုံစိတ်ချမှု၊ စားသုံးသူကာကွယ်ရေး အရည်အသွေးစံချိန်စံညွှန်းကိစ္စများကို နည်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း သင်တန်းတက်ရောက်သူ အသိုင်းအဝိုင်းမှ ပြန်လည်ကြားသိရပါတယ်။

သင်တန်းကို ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်နေ့အထိ သုံးခွမြို့ Bright Light Co. Ltd, ခန်းမတွင် သင်တန်းသားတောင်သူ ၃၀၊ အထောက်အကူပြုကုမ္ပဏီ ၇ ခုမှ ဝန်ထမ်းများနှင့် ကျင်းပပြုလုပ်ခဲ့ပြီး ခရမ်းမြို့တွင် ဒီဇင်ဘာ ၇ ရက်မှ ၉ ရက် ထိ တရုတ်ဘုံကျောင်းတွင် သင်တန်းသားတောင်သူ ၃၀၊ အထောက်အကူပြုကုမ္ပဏီ ၃ ခုမှ ဝန်ထမ်းများနဲ့ ကျင်းပပြုလုပ်ခဲ့ပါတယ်။ လက်တွေ့အားဖြင့် တက်ရောက်သူတောင်သူများ၏ ပဲတီစိမ်းစိုက်ကွင်းများကို ဒီဇင်ဘာလ ၁၅ ရက်နေ့ထိ ကွင်းဆင်းပြီး လက်တွေ့သင်တန်းများ ပို့ချခဲ့ကြောင်း သတင်းရရှိပါတယ်။

**သိန်းမြင့်-သန်လျင်**

# မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာလ တတိယပတ်ပဲဈေးကွက် ပဲသစ်ပဲဟောင်း အရောင်းအဝယ်သွက်လာ

မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာလ တတိယပတ်မှာ ပဲစင်းငုံနဲ့ မတ်ပဲသစ်တွေ တစ်စတစ်စအဝင်သွက်လာခဲ့သလို ပဲတီစိမ်းနဲ့ ပဲလွန်းဖြူ ပဲလွန်းပြာတို့ အဝင်အနည်းငယ် လှိုင်လာခဲ့ကာ အရောင်းအဝယ်သွက်လာတယ်လို့ သိရပါတယ်။

ငုံနီဈေးကွက်မှာတော့ ကျောက်ကုန်းမြေမှာ စိုက်ရက်စောခဲ့တဲ့ ငုံနီအချို့ ဒိုင်ကိုအနည်းငယ်ဝင်စပြုနေပြီး ပေါက်ဈေးအနေနဲ့ ယခင်တစ်ပတ်ကထက် တစ်တင်း ၁၅၀၀ ကျပ်လျော့ကာ ယခုတစ်ပတ်မှာ ၄၉၅၀၀ ကျပ်နဲ့ အရောင်းအဝယ်အနည်းငယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

မတ်ပဲဈေးကွက်အနေနဲ့ ပဲအဝင်ထက်၊ ဝယ်လိုအားကပိုကောင်းနေတဲ့အတွက် ယခင်တစ်ပတ်ကထက် ၃၀၀၀ ကျပ်ပိုကာ တစ်တင်း ၆၈၀၀၀ ကျပ်ပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး တစ်ရက် အိတ် ၅၀ မှ ၁၀၀ ကြား အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ပဲတီစိမ်းဈေးကွက်မှာ နယ်စုံက ပဲသစ်တွေဝင်ရောက်မှုသွက်လာခဲ့ပြီး Export အတွက် ဝယ်လိုအားရှိပေမယ့် ပဲအရည်အသွေးအရ စိမ်းကြီးဟာ တစ်တင်း ၃၃၀၀၀ ကျပ်မှ ၃၇၀၀၀ ကျပ်နဲ့ လည်းကောင်း၊ စိမ်းသေးဟာ တစ်တင်း ၃၇၅၀၀ ကျပ်နဲ့လည်းကောင်း၊ အရင်တစ်ပတ်ကထက် တစ်တင်း ၁၅၀၀ ကျပ် ကျဆင်းသွားတာ တွေ့ရပါတယ်။ အရောင်းအဝယ်အားဖြင့် ပဲတီစိမ်း နှစ်မျိုးပေါင်း တစ်ရက် အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ် ပဲလွန်းဖြူနဲ့ လွန်းပြာဈေးကွက်မှာလည်း ဒိုင်ကို ပဲအဝင်သွက်လာပေမယ့် ပြီးခဲ့တဲ့ ရက်သတ္တပတ်ကထက် တစ်တင်း ၁၀၀၀ ကျပ်ခန့် ဈေးအေးသွားပြီး လွန်းဖြူ တစ် တင်း ၂၈၀၀၀ ကျပ်နဲ့ လွန်းပြာ တစ်တင်း ၂၅၀၀၀ ကျပ် အသီး သီးပေါက်ဈေးဖြစ်ပေါ်ခဲ့ကာ အရောင်းအဝယ်အနေနဲ့ တရုတ် Export ရှိတဲ့ လွန်းဖြူက တစ်ရက် အိတ် ၅၀၀ ခန့်နဲ့ ပြည်တွင်းသုံးသာရှိတဲ့လွန်းပြာကတစ်ရက် အိတ် ၁၅၀ ခန့် ဖြစ်နိုင်တယ်လို့ ဈေးကွက်က ဆိုပါတယ်။

ယခုတစ်ပတ်မှာ ပဲနီလုံးကြားအသစ် တစ်တင်း ၁၅၅၀၀ ကျပ်နဲ့ စွန်တာနီအသစ် တစ်တင်း ၁၅၀၀၀ ကျပ် အသီးသီး ဈေးငြိမ်နေပြီး၊ ပဲကြီးကတော့ တစ်တင်း ၂၇၀၀၀ ကျပ်မှ ၂၉၀၀၀ ကျပ် ဈေးတန့်နေတာ တွေ့ရပါတယ်။ ပဲဟောင်းဖြစ်တဲ့ ကုလားပဲအုပ်စုကတော့ ယခုရက်သတ္တပတ်မှာ ဝယ်လိုအားမြင့်ခဲ့လို့ ဈေးအနည်းငယ် ပြန်မာလာခဲ့ကာ ကုလားပဲဖြူလုံးကြီး တစ်တင်း ၃၈၅၀၀ ကျပ်နဲ့ ၉၂၉ ကုလားပဲတစ်တင်း ၃၈၀၀၀ ကျပ်အသီးသီးပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး တစ်ရက် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## အဟောင်းလက်ကျန်နဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပြည်ထောပတ်ပဲ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်အတွင်း ပဲအဟောင်းလက်ကျန်များနဲ့သာ အရောင်းအဝယ်ဖြစ်နေတဲ့ ပဲကတော့ ထောပတ်ပဲသီးနှံဖြစ်ပြီး၊ ပဲသစ်လည်းဝင်ရာက်မှုမရှိသေးတာကြောင့် လက်ကျန်ပဲအချို့ လက်လီသမား ဝယ်ယူလို့ အိတ်အနည်းငယ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ လဆန်းရက်ထဲကဈေးအတိုင်း တစ်တင်း ၁၃၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသလို ပဲဈေးကွက်အတွင်းမှာလည်း အနိမ့်ဆုံးဈေးသာ ရရှိခဲ့ပါတယ်။ အခြားလက်လီပဲများ ဈေးနှုန်းမြင့်တက်ခဲ့ပေမယ့် ထောပတ်ပဲကတော့ ဈေးအေးအေးနဲ့ အရောင်းအဝယ်လည်းအေးခဲ့တဲ့ ပဲဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်တွင်းပဲမျိုးစုံဈေးကွက်မှာ ပဲဟောင်းထက်ပဲသစ်က ဈေးကောင်းရ

ပြည်တွင်းပဲမျိုးစုံဈေးကွက်မှာ ဒီတစ်ပတ်ပဲဟောင်းဖြစ်တဲ့ မတ်ပဲနဲ့ပဲစင်းငုံနီက ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေသလို အိန္ဒိယဘက်ကလည်း ဝယ်လိုအားအေးနေကြောင်းသိရပါတယ်။ နယ်ဈေးကွက် တချို့မှာတော့ ပဲစင်းငုံနီ (သစ်) တွေဈေးကွက်ထဲစတင်ဝင်ရောက်လာပြီး ဈေးကောင်းရနေကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကတော့ တရုတ်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်းသိရပါတယ်။ ကုလားပဲဖြူလုံးကြီးနဲ့ ကုလားပဲ (ထိုင်ဝမ်) ကတော့ ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ပဲခွဲစက်နှင့် လုပ်ငန်းသုံးသမားများကတော့ ဝယ်အားပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

ဘုရင့်နောင်ဈေးကွက်မှာ လက်ကျန်ပဲဟောင်းဖြစ်တဲ့မတ်ပဲကို ရောင်းသူကုန်သည်များက ဈေးဖွင့်အရောင်း ရှိပေမယ့် ရောင်းသူဝယ်သူဈေးညှိမရလို့ အရောင်းအဝယ်မဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒီတစ်ပတ်မှာ နယ်တချို့မှ ပဲစင်းငုံနီ (သစ်) တွေ စတင်ဝင်ရာက်လာပြီး တစ်တန်ကို ၁၅၆၀၀၀၀ ကျပ်ဝန်းကျင်ဖြင့် ဈေးကောင်းပေး အဝယ်ရှိခဲ့ကြောင်းသိရပါတယ်။ နယ်ဈေးကွက်ဖြစ်တဲ့ မုံရွာ၊ မကွေးနဲ့အောင်လံဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) တွေ စတင်ဝင်ရောက်လာပေမယ့် အဝင်မလှိုင်သေးကြောင်း လတ်တလောဈေးကွက်သို့ဝင်လာတဲ့ ပဲစင်းငုံနီ (သစ်) တွေကို ပြည်ပဝယ်လက်တွေက ဈေးကွက်မှာ အပြိုင်အဆိုင်ဝယ်ယူမှုတွေရှိတာကြောင့် မကြုံစဖူးဈေးကောင်းရရှိခဲ့ကြောင်း သိရပါတယ်။ ယခင်နှစ် ပေါက်ဈေးက တစ်ပိဿာကို ၁၄၀၀ ကျပ် (တစ်တန်ကို ၈၅၇၃၄၆ ကျပ်) ဈေးဖြင့်သာ ဈေးပေါက်ခဲ့ပြီး၊ ဒီနှစ်မှာတော့ တစ်ပိဿာ ၂၄၈၀ ကျပ်(တစ်တန်ကို ၁၅၁၈၇၂၇ ကျပ်) ဈေးဖြင့် ဈေးကောင်းရရှိခဲ့လို့ တောင်သူရော ကုန်သည်ပါထိုက်သင့်တဲ့ အကျိုးအမြတ်ရရှိနေကြောင်း သိရပါတယ်။

ပဲစင်းငုံနီ (သစ်) အနေဖြင့် ဇန်နဝါရီလလောက်ဆိုရင် နယ်စုံမှအဝင်ပိုများလာနိုင်ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ မန္တလေး၊ မုံရွာ၊ အောင်လံနဲ့ပြည်ဈေးကွက်မှာ ပဲတီစိမ်းကြီး နယ်အဝင်လျော့သွားပေမယ့် တရုတ်အဆွဲကတော့ ပဲရဲ့အရည်အသွေးပေါ်မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေနဲ့ တစ်ပိဿာကို ၂၀၁၀ ကျပ် (တစ်တန်ကို ၁၂၃၀၉၀၃ ကျပ်) ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ကုလားပဲဖြူလုံးကြီးနဲ့ ကုလားပဲ (ထိုင်ဝမ်) အနေနဲ့ နယ်ဈေးကွက်ဖြစ်တဲ့ မန္တလေး၊ မုံရွာ၊ မကွေးနဲ့ အောင်လံဈေးကွက်မှာ ပဲခွဲစက်၊ ကြာဆံစက်၊ အမှုန့်ကြိတ်စက်နဲ့ လုပ်ငန်းသုံးသမားများက ဝယ်လိုအား အထိုက် အလျောက်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေနဲ့ ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၂၀၂၀ ကျပ်(တစ်တန်ကို ၁၂၃၇၀၂၇ ကျပ်)၊ ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၈၅၀ ကျပ် (တစ်တန်ကို ၁၁၃၂၉၂၁ ကျပ်) ဈေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

ပဲမျိုးစုံကို ခြုံငုံသုံးသပ်ပါက ပဲဟောင်းဖြစ်တဲ့ မတ်ပဲနဲ့ပဲစင်းငုံနီကတော့ အရောင်းအဝယ်မရှိသလောက် ဖြစ်နေကြောင်း၊ ပဲစင်းငုံနီ (သစ်) ကတော့ အရည်အသွေးကြောင့် ဈေးကောင်းဆက်လက်ရရှိနိုင်ကြောင်း၊ မတ်ပဲ (သစ်) ကတော့ ဖေဖော်ဝါရီလလောက်မှာ ဈေးကွက်ထဲစတင်ဝင်ရောက်နိုင်ဖွယ်ရှိတယ်လို့ ကုန်သည်အများစုက သုံးသပ်ပြောဆိုနေကြောင်းသိရပါတယ်။ **ခင်မောင်မောင်အုန်း**

## ပြည် ပဲလွန်းဖြူသစ်များ လက်လီ ပိုအဝယ်လိုက်

ပြည်ပဲဈေးကွက်မှာ ဆောင်းပဲအချို့ဝင်ရောက်လျက်ရှိရာ ပဲလွန်းဖြူသီးနှံလည်း ဆက်လက် ဝင်ရောက်လာပြီး ပြည်အနီးတစ်ဝိုက်အပြင် အောင်လံမြို့နယ်နဲ့ မိုးညိုမြို့နယ်တို့မှလည်း ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။

သို့သော် အိတ်အရေအတွက် ပမာဏအနည်းငယ်သာဝင်ရောက်ပြီး ဝယ်လက်ကတော့ လက်လီသမားများ ပိုဝယ်နေတာ တွေ့ရပါတယ်။ ဈေးနှုန်းကတော့ အရည်အသွေးကိုလိုက်၍ ထိပ်စ တစ်တင်း ၂၈၀၀၀ ကျပ်၊ အလတ်စ တစ်တင်း ၂၇၀၀၀ ကျပ်ရရှိခဲ့ကြပါတယ်။ ပဲလွန်းဖြူသီးနှံဈေးမှာ ယခုနှစ်ဈေးက ယခင်နှစ်ဈေးထက် ကျပ်တစ်သောင်း ကျော်ပိုရရှိခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## နနွင်း



### အောင်ပန်းနနွင်း ဒေသတွင်း ဝယ်လက်ကြောင့် အရောင်းအဝယ်ဖြစ်

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာရော၊ ဟိုပုံးဈေးကွက်မှာပါ နနွင်း အရောင်းအဝယ်ဖြစ်နေပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ နနွင်းအဝင်အနည်းငယ်ရှိပေမယ့်၊ ဟိုပုံးဈေးကွက်မှာ အဝင်မရှိတော့ပါဘူး။ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ်အတွင်း ပိဿာချိန်တစ်ရာခန့်သာအဝင်ရှိပြီး၊ ဈေးပတ်သမားတွေကလည်း တစ်ခါဝယ်ရင် ပိဿာချိန်တစ်ရာခန့်သာ အဝယ်ရှိတယ်လို့လည်းသိရပါတယ်။

အောင်ပန်းမှာရော၊ ဟိုပုံးမှာပါ နနွင်းလက်ကျန်ပိဿာချိန် သုံးလေးသိန်းခန့် ကျန်ရှိနေသေးတယ်လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်က နနွင်းကိုတော့ ဈေးပတ်သမားတွေရယ်၊ ဟိုပုံးဈေးကွက်ကို ပြန်ပို့ဖို့အတွက် ဒေသတွင်းဝယ်လက်တွေသာ ဝယ်ယူတာကြောင့် အရောင်းအဝယ်ဖြစ်နေပြီး ဈေးကလည်းတောင်ပို့လက်စက တစ်ပိဿာ ၁၂၀၀ ကျပ်ရှိပြီး၊ ဆင်တောင် နနွင်းက ၁၈၀၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံးနနွင်းကိုတော့ ရန်ကုန်ဝယ်လက်တွေ ဝယ်ယူနေတာ တစ်လခန့်ရှိသွားပါပြီ။ ဒီတစ်ပတ်လည်း ဟိုပုံးနနွင်းကို ရန်ကုန်ဝယ်လက်တွေကပဲ ပိဿာချိန်နှစ်သောင်းခန့် ဝယ်ယူသွားပါတယ်။ မူဆယ်ဝယ်လက်တွေ အဝယ်နား ချိန်မှာ ရန်ကုန်ဝယ်လက်တွေ ဝယ်ယူနေတာကြောင့် ဈေးကွက်လည်း ပျက်မသွားဘဲ အရောင်းအဝယ် အနည်းငယ်ဖြစ်နေတယ်လို့ ဒေသခံတွေထံကသိရပါတယ်။ ဟိုပုံးနနွင်းကတော့ တစ်ပိဿာကို ၁၈၅၀ ကျပ် ဈေးပေါက်နေတယ်လို့လည်း ဈေးကွက်ကသိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

### မူဆယ်မှ နနွင်းပုံမှန်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလ ဒုတိယပတ်တွင် ကန်ဒေါ်လာ ၄၇၄၆၀ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၆၇ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင် သီတင်းပတ်ကလည်း ၆၇ တန်ခွဲ တင်ပို့ ခဲ့လို့ မူဆယ်ကနေ နနွင်းပုံမှန်တင်ပို့ နေတယ်လို့ ဆိုရပါမယ်။ ဟိုပုံးနနွင်းကို မူဆယ်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူကြတာပါ။ အောင်ပန်းနနွင်းက အနိမ့်ဆုံးဈေး ကျပ် ၁၀၀၀ ရှိပြီး ဆင်တောင်နနွင်းကတော့ ၁၇၀၀ကျပ်-၁၈၀၀ ကျပ် ဈေးရှိတယ်လို့ ရန်ကုန်ပရဆေးဆိုင်တစ်ဆိုင်မှ သိရပါတယ်။

**မော်မော်အောင်**

### ယခင်သီတင်းပတ်ထက် နနွင်းတန်ချိန်၁၆၀ ကျော် အပို့လျော့

ဒီဇင်ဘာလ ၆ ရက်မှ ၁၂ ရက်သီတင်းပတ်အတွင်း နနွင်း ၁၅၁ ဒသမ ၂၃၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၂၀၀၂၀ တန်ဖိုးရှိ နနွင်း ၂၈ တန်ကို အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ကန်ဒေါ်လာ ၂၁၀၀၀ တန်ဖိုးရှိ နနွင်း ၃၀ တန်ကို အိန္ဒိယ ၊ကန်ဒေါ်လာ ၂၂၆၆၀တန်ဖိုးရှိ နနွင်း၃၁ဒသမ ၂၅၅ တန်ကို မလေးရှား၊ ကန် ဒေါ်လာ ၂၂၈၆၆ တန်ဖိုးရှိနနွင်း ၃၁ ဒသမ ၉၈ တန်ကို စင်ကာပူနိုင်ငံနဲ့ ကန်ဒေါ်လာ ၂၁၄၅၀ တန်ဖိုးရှိ နနွင်း တန် ၃၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတန်ချိန် ၃၁၀ ကျော်ထိတင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင်တန်ချိန် ၁၆၀ ကျော် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## သီဟိုဠ်

### နိုဝင်ဘာလအတွင်း သီဟိုဠ်စေ့ ၁၀၅ တန်ခန့်တင်ပို့

မူဆယ်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၆၉၃ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၀၅ တန်ခန့်တင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၅၆၈ သန်းတန်ဖိုးရှိသီဟိုဠ်စေ့ ၉၄ တန်ကျော်တင်ပို့နိုင်ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ တန်ချိန် ၇ တန်ကျော်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၁၀၀ သန်း၊ ကော့သောင်း ကုန်သွယ်ရေးစခန်းကလည်း ၃ တန်ကျော်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၂၅ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

ဒီဇင်ဘာလ ၁ ရက်မှ ၁၀ ရက်အတွင်းမှာတော့ မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၄၇ တန်ကျော်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၂၈၆ သန်းတင်ပို့နိုင်ခဲ့ပြီး မြဝတီကုန်သွယ်ရေးဇုန်မှ တန်ချိန် ၇ တန်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၅၃ သန်းတင်ပို့နိုင်ခဲ့ပါတယ်။ ကော့သောင်းကုန်သွယ်ရေးစခန်းမှ သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိဘူးလို့သိရပါတယ်။

**ခင်မြနွယ်**

## ချင်း

### အောင်ပန်းဈေးကွက် ချင်းသစ်အဝင်လျှိုင်

အောင်ပန်းဈေးကွက်မှာ ပင်းတယ၊ ဟဲဟိုး၊ ကလော၊ ပင်လောင်းက ချင်းအသစ်တွေက လှိုင်လှိုင်ကြီးဝင်နေပါတယ်။ အဝင်များပေမယ့် ရောင်းအားကတော့ သိပ်ပြီးမကောင်းလှဘူးလို့သိရပါတယ်။ ပြည်ပဝယ်လက်မရှိတာက ချင်းဖြုန်းအားကိုလည်း မကောင်းစေပါဘူး။ တောင်သူတွေကလည်း ပင်ပန်းသလောက်အကျိုးခံစားခွင့်ရှိချင်လို့ ပြည်ပဝယ်လက်တွေကိုမျှော်ပေမယ့် ဝယ်လက်ကတော့ အခုထိမရှိဘူးလို့လည်း ဒေသခံတောင်သူတွေကဆိုပါတယ်။

ပြည်တွင်းဈေးပတ်သမားတွေကိုသာ အားကိုးပြီး ရောင်းနေရတယ်လို့လည်း သိရပါတယ်။ အခုဆိုရင် ပုံမှန်ဝယ်ယူနေကျဝယ်လက်ဖောက်သည်တွေသာ ဝယ်ယူနေတာကြောင့် ပစ္စည်းကများပြီး ဈေးကတော့ ကျလာပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းစိုကတစ်ပိဿာကို (ညံ့စ) က ၃၅၀ ကျပ်၊ (လတ်စ) က ၄၀၀ ကျပ်၊ (ထိပ်စ) က ၄၅၀ ကျပ်ဈေးရှိပါတယ်။

ချင်းခြောက်ကတော့ အဝင်မရှိတော့ပါဘူး။ အရင်နှစ်လက်ကျန် ချင်းခြောက်တွေလည်းနည်းလာပါပြီ။ ပြီးခဲ့တဲ့ တစ်ပတ်က ရန်ကုန်ဝယ်လက်တွေက အနည်းအကျဉ်းဝယ်ယူသွားလို့ အရောင်းအဝယ်ကလည်း ဖြစ်တယ်ဆိုရုံပါပဲလို့ သိရပါတယ်။ ဈေးကတော့ တစ်ပိဿာကို ၂၀၀၀ ကျပ်မှ ၂၅၀၀ ကျပ်ဈေးရှိတယ်လို့ အောင်ပန်းဈေးကွက်ကသိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

### ချင်း ၃၇ တန်ကျော် တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဒီဇင်ဘာ ၆ ရက်မှ ၁၂ ရက် အတွင်း ချင်း ၃၇ဒသမ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ချင်း ၂၄ တန်ကျော်သာ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် ၁၃တန်ကျော် တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၄၈၇၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ပြည်ချင်းဈေးကွက် အဝင်များလို့ ဈေးအေး

ယခုတစ်ပတ်အတွင်း အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင်အိတ် ၂၅၀ ခန့် ဝင်ရောက်လာခဲ့ရာ ယခင်တစ်ပတ်ကထက် အိတ် ၅၀ ခန့် ပိုမိုဝင်ရောက်လာပါတယ်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှာ ချင်းတစ်ပိဿာ (ရှယ်) ၁၅၀၀ ကျပ်၊ (ဂွန်) ၁၂၀၀ ကျပ်အထိဈေးမြင့်ခဲ့ပြီး၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလမှာတော့ ချင်းတစ်ပိဿာကို (ရှယ်) ၉၀၀ ကျပ်၊ (ဂွန်) ၇၀၀ ကျပ်အထိဈေးကျခဲ့တာကြောင့် ယခုနှစ်ဟာ ချင်းဈေးအနည်းငယ်ကျတဲ့နှစ်ဖြစ်ပါတယ်။ ချင်းဈေးကျပေမယ့် အရောင်းမသွက်ဘဲ အေးနေပါတယ်။ ယခင်တစ်နေ့ကို အိတ် ၅၀ ခန့်မှ ယခု အရောင်းအဝယ်အေးပြီး ၂၅ အိတ်ခန့် အရောင်းအဝယ်ဖြစ်တယ်လို့ ချင်းပွဲရုံများမှတစ်ဆင့် သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

၁၄-၁၂-၂၀၁၅ မှ ၁၈-၁၂-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း
ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 179 | 15,979,953.599 |
| 2 | Form D | 14 | 869,176.750 |
| 3 | Form E | 60 | 1,526,815.460 |
| 4 | Korea GSP | 3 | 50,933.000 |
| 5 | Form AK | 69 | 3,226,113.980 |
| 6 | Form AJ | 7 | 334,820.211 |
| 7 | Form AI | 44 | 1,942,830.740 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| Grand Total | | 376 | 23,930,643.740 |

## ကြက်သွန်

### ကြက်သွန်နီအသစ်များ ဈေးငြိမ်ပြီးအရောင်းအဝယ်ဖြစ်

ဒီဇင်ဘာတတိယပတ်မှာ ပြည်ကြက်သွန်နီသစ်များ ဝင်ရောက်မှုရှိပြီး၊ ဈေးငြိမ် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကြက်သွန်နီထွက်ရှိရာ ရေနံချောင်း၊ ပခုက္ကူအစများ ပုံမှန်အဝင်ရှိပြီး နယ်စုံဒေသစုံမှ ဝင်ရောက်မှု မရှိသေးတာကြောင့်လည်း ဈေးတန့်နေတာဖြစ်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီ(ပွဲရုံဈေး)တစ်ပိဿာကို(ကြီး)၁၉၀၀ကျပ်၊(လတ်)၁၇၀၀ကျပ်နဲ့(သေး)၁၄၀၀ ကျပ်တို့ဖြစ်ပြီး၊ လက်လီဒေသတွင်းရောင်းဈေး ကတော့ (ကြီး) ၂၂၀၀ ကျပ်၊ (လတ်) ၂၀၀၀ ကျပ်နဲ့ (သေး) ၁၆၀၀ ကျပ်တို့နဲ့ ရောင်းဝယ်လျက်ရှိကြပါတယ်။

ကြက်သွန်နီအသစ်တွေ ပေါ်လာပေမယ့် အရည်အသွေးဟာ ယခင်နှစ်တွေကို မမီတာတွေ့နေရပါတယ်။ အရောင်အသွေးမလှခြင်း၊ အစိုဓာတ်အနည်းငယ်ပိုများခြင်းနဲ့ အရွယ်အသေးများသာ ဈေးကွက်အဝင်များခြင်းကြောင့် ရှားပါးသေးတယ်လို့ဆိုပါတယ်။ ကြက်သွန်နီ အသစ်နေ့စဉ် ပုံမှန်ဝင်ရောက်နေပြီး အကြီးစနဲ့ အလတ်စများက လက်လီ ၂၂၀၀ ကျပ်အထက်မှာ ဈေးနှုန်းအသီးသီးနဲ့ ရောင်းဝယ်လျက်ရှိကြပါတယ်။ ပွဲရုံများမှာ တစ်ရက်ကို အိတ် ၂၅၀ နီးပါး အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ **နီနီဝင်း-ပြည်**

### အိန္ဒိယနယ်စပ်မှ ကြက်သွန်ဖြူရော အနီပါ တင်သွင်း၊ တင်ပို့မှုများရှိ

မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာလ ဒုတိယပတ်တွင် ကန်ဒေါ်လာ ၁၃၇၆၅ တန်ဖိုးရှိကြက်သွန်ဖြူ ၉ တန်ကျော် တင်ပို့ခဲ့သလို ကန်ဒေါ်လာ ၅၀၉၆၅ တန်ဖိုးရှိကြက်သွန်နီ ၈၉ တန်ကိုလည်း တင်သွင်းခဲ့ပါတယ်။ ရိဒ်ကုန်သွယ်ရေးစခန်းကလည်း ကန်ဒေါ်လာ ၅၇၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၁၀၀ တင်သွင်းလာခဲ့တာ တွေ့ရပါတယ်။ မူဆယ်နဲ့ မြဝတီကုန်သွယ်ရေးဇုန်တွေကတော့ နိုဝင်ဘာလ တတိယပတ်လောက်ထိသာ ကြက်သွန်နီတင်ပို့မှု ရှိခဲ့တာပါ။ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်အတွင်း ကန်ဒေါ်လာ ၁၃၀၈၇၅ တန်ဖိုးရှိကြက်သွန်နီ တန် ၂၃၀ ခွဲ တင်သွင်းခဲ့ပါတယ်။ တရုတ်ကြက်သွန်နီ တစ်ပိဿာကို ၁၅၀၀-၂၀၀၀ ကျပ်နှုန်းရှိနေကာ“ကြက်သွန်နီက ဟင်းချက်ဖို့မရှိမဖြစ် ဝယ်ရတာပဲ၊ ဒီနှစ်လို ကြက်သွန်ဈေးကြီးတာ မျိုးတစ်ခါမှ မကြုံဖူးဘူး။ အိမ်ရှင်မတွေအတွက် အခက်ကြုံရတာပေါ့လို့ ” ဈေးဝယ်သူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

# ငါပြောသလိုလုပ် ． ． ．．

ပြတင်းပေါက်မှ နေရောင်ခြည်ဝင်တာမြင်မှ အိပ်ရာကနိုးဖြစ်သည်။ မနေ့ညက သူငယ်ချင်းတစ်ယောက်ရဲ့ ပင်စင်မယူခင်နှုတ်ဆက်ညဆိုပြီး ဆိုင်မှာ ဆုံကြတာဖြစ်သည်။ ဒီတစ်ယောက်ရဲ့ အကြောင်းမဟုတ်လည်း အကြောင်းရှာပြီး သောက်ဖြစ်နေတာကြာပြီ၊ အကြောင်းပြစရာမရှိလည်း ရှိတဲ့အကြောင်းတစ်ခုမဟုတ်တစ်ခု အကြောင်းပြသောက်ဖြစ်သည်။ အကြောင်းပြစရာမရှိလည်း သောက်ချိန်ရောက်လို့ သောက်ဖြစ်သည်။ ပျော်လို့သောက်သည်၊ ပျင်းလို့သောက်သည်၊ နောက်တော့သောက်ချင်လို့သောက်သည်။ ကြိုက်လို့ သောက်သည်နှင့် အဆုံးမှာ မသောက်ရဘဲမနေနိုင်၍ သောက်ဖြစ်နေခြင်းပင်။

ပထမတစ်ပုလင်းလာချတော့ လူတွေက ကြည်ကြည်လင်လင်၊ ပုလင်းကိုလူစေ့တက်စေ့ကိုင်ကာ အလင်းရောင်ဘက် ထောင်ကြည့်လိုက်၊ ဖင်ပြန်ခေါင်းပြန်စစ်ဆေးကြသည်။ အတုဖြစ်နေမှာစိုး၍ ဖြစ်သည်။ ဆိုင်ကကောင်လေးတွေနဲ့ ဆိုင်ရှင် တရုတ်ကြီးကတော့ စိတ်ချဆရာလို့ ပြောသည်။ အတုဖြစ်ကြောင်း စိတ်ချလက်ချ သောက်ခိုင်းတာပင်ဖြစ်မည်။ နောက်ပုလင်းတွေမှာတော့ တုသလား၊ စစ်သလား၊ အင်လား၊ ဘယ်သူမှခွဲခြားချိန် မပေးတော့၊ စားပွဲပေါ်ရောက်. . ဖောက်. . သောက်။

ညကပုလင်းကတော့ အတု၊ အင်တွေဖြစ်မည် ထင်သည်။ အိပ်ရာကနိုးတာနဲ့ ကြည်ကြည်လင်လင်မရှိ။ ဇက်ပိုးက လေးနေပြီး နားထင်၊ နားရင်းတွေမှာ တဒိန်းဒိန်းနဲ့ သွေးကြောတွေက ဆောင့်တိုးနေသည်။ ရင်ထဲကလဲ ပူနေသည်။ ဗိုက်ထဲမှာလည်း သံစုံတီးဝိုင်းစနေပြီ၊ ရေအေးအေးကလေးတစ်ခွက်သောက်ပြီး အိမ်ကပ်အရက်ကလေး ထပ်ချလိုက်မှ နေသာထိုင်သာရှိသွားသည်။

ညတိုင်းအရက်တွေ ဆက်တိုက်သောက်ဖြစ်ပြီး နောက်နေ့ မနက်တိုင်း နံနက်စာရယ်လို့ မစားဖြစ်၊ စားချင်စိတ်လည်းမရှိ။ မျက်နှာချင်းဆိုင်မှာရှိတဲ့ လက်ဖက်ရည်ဆိုင်က ဝါတာတာ၊ နီတီတီ လက်ဖက်ရည်ဖန်ဖန် တစ်ခွက်သာ သောက်ဖြစ်သည်။ ဆေးဆိုးထားသော လက်ဖက်ခြောက်များ ဖြစ်သည်။

လက်ဖက်ရည်သောက်ပြီး ဆိုင်ကဂျာနယ်အဟောင်း တစ်စောင်ကို ဟိုလှန်သည်လှန်လုပ်နေစဉ် ခံတွင်းကချဉ်လာသည်။ စားနေကျ၊ ဝါးနေကျအရာတစ်ခုကို တောင့်တလာသည်၊ မြန်မာ့ဆေးရွက်ကြီးနှင့် ကွမ်းယာပင်။

ဆိုင်ရှေ့သစ်ပင်အောက်ရှိ ကွမ်းယာဆိုင်က ကောင်လေးကို အသံပေးလိုက်တော့ ရပြီဆရာဆိုပြီး ကွမ်းယာထုပ်နှစ်ထုပ် လက်ထဲရောက်လာသည်။ ကွမ်းယာထုပ်လက်ထဲရောက်လာသည်နှင့် ဘာမှမဟုတ်ဘဲ ကွမ်းယာကိုဖြေကြည့်မိသည်၊ ကွမ်းယာပေါ်ကထုံးစက်၊ ရှားစက်၊ ကွမ်းသီးစိတ်နှင့် မြန်မာဆေးရွက်အပိုင်းအစများ တွေ့ရသည်။ ကိုယ့်ပါးစပ်ထဲထည့်မှာပဲ အာဟာရတန်ဖိုးတွေ ဘာတွေတွက်မနေတော့၊ တွက်ချက်သည့် အိုင်တီကိရိယာရှိရင်လည်း အနုတ်လက္ခဏာတွေပြပြီး လူအရိုးခေါင်းတံဆိပ်နှင့် Danger ဟု စက်က အော်မည်ထင်သည်။

ကွမ်းရွက်ကိုဖြစ်သလို လုံးထွေးထုပ်ပြီး ပါးစောင်ထဲသို့ထည့်လိုက်သည်။ တစိစိနှင့်ဝါးလိုက်ရမှ ကွမ်းရွက်ရဲ့ အပူရည်၊ ဆေးရွက်ရဲ့ အစပ်ရည်တို့ကြောင့် အာသာပြေသလိုဖြစ်သွားရသည်။ ဆိတ်တွေ၊ နွားတွေအားနေရင် စမြုံ့ပြန်သလိုမျိုးဟု မဆီမဆိုင် သတိရမိလိုက်သေးသည်။ ဘာပဲဖြစ်ဖြစ် လူ့ရှင်တော်များပြောသလို အရက်တွေ၊ ကွမ်းယာတွေမစားနဲ့ စွဲတတ်တယ်ပြောနေကြတာတို့ဖြင့် နေ့တိုင်းစားသောက်နေတာမစွဲပေါင်။

ဘာလိုလိုနဲ့ အသက်အရွယ်ကရလာသည်နှင့် အရက်နှင့် ကွမ်းစွဲလမ်းသည့်ကာလကလည်း ရင့်လာခဲ့ပြီ။ ကိုယ်ခံအားလည်း ကောင်းသေးရင်တော့ မသိသာပေမယ့် တစ်ခါတစ်ခါ ညာဘက်ရင်ဘတ်အောက်က အောင့်သလိုလို၊ ကျောဘက်အောက်နားက နာသလိုလို၊ အသည်းနှင့်ကျောက်ကပ်တို့က ဆန္ဒပြစ ပြုပြီထင်သည်။ တစ်ခါတစ်ခါ ဆီးအရောင်သည် နနွင်းရေဖျော်ထားသလို ဝါတာတာတွေ ထွက်ကျလာတတ်သေးသည်။ ဒီလိုအချိန်ကျရင် လမ်းထိပ်က ကုန်စုံဆိုင်ကလေးကို ပြေးရသည်။

ကျွန်တော်တို့ လမ်းထိပ်မှာ စုံစီနဖာ၊ တောက်တိုမယ်ရ ရောင်းချ သော ကုန်စုံဆိုင်ကလေးတစ်ဆိုင်ရှိသည်။ ဆိုင်ကလေးကျဉ်းပေမယ့် လိုချင်တာ အကုန်ဝယ်လို့ရသည်။ သိချင်တာအကုန်မေးလို့ရသည်။ သူ့ဆိုင်မှာမရှိပေမယ့် အခြားဆိုင်ကနေ အပြေးသွားဆွဲပေးသည်။ ကျွန်တော့်ဖြစ်ပုံကို ပြောပြတော့ ဆေးရာင်စုံအလုံး ၂၀ ခန့်ပါသော စပ်ဆေးထုပ်ပေးလိုက်လေသည်။

ဆိုင်ရှင် ဒေါ်ညိုမမှာ လေးတန်းသုံးခါကျနှင့် ကျောင်းထွက်ပြီး ယောက်ျားနဲ့ လိုက်ပြေးကာ ဒီဆိုင်ကို စတင်ထူထောင်ထားသူဖြစ်သည်၊ ကျန်းမာရေးဆိုင်ရာ ဘွဲ့တွေ၊ ဒီဂရီတွေမရပေမယ့် သူ့ဆိုင်က စပ်ဆေးမှာ နာမည်တော်တော်ရသည်။ အရပ်ထဲက ကလေးတော်တော်များများ ကျောပူခေါင်းပူ၊ ချောင်းဆိုး၊ ရင်ကျပ်ဖြစ်ရင် ဆရာဝန်ဆေးခန်းကို မသွားကြတော့။ ဒေါ်ညိုမ စပ်ဆေး ၅၀၀ ကျပ်တန် တစ်ထုပ်နဲ့ဆိုအိုကေပြီ။ ညနေဘက် နေဝင်ရီတရောဆိုရင် ဒေါ်ညိုမဆိုင် လူစည်လေပြီ။ လူငယ်ဈေး ဝယ်သူက များလေသည်။ ဘာတွေရောင်းလို့ ဘာတွေဝယ်လေသည်မသိ၊ အထုပ်ကြီးငယ်လည်း ဆွဲသွားကြတာမတွေ့ရ။

ဒီလိုနဲ့ ဆီးကလေး ဝါလာလိုက်၊ ဒေါ်ညိုမဆီ ပြေးလိုက်။ ခြေဖဖိုးကလေး ရောင်လာလိုက်၊ ဒေါ်ညိုမဆီပြေးလိုက်၊ ဝမ်းဗိုက်ကလေး ဖောင်းလာလိုက်၊ ဒေါ်ညိုမဆီပြေးလိုက်နဲ့ လူကလည်း တစ်နေ့တခြားလုံးပါး ပါးလာပုံရသည်။

ဒါပေမယ့်အလှည့်ကျတော့ နွဲ့လို့မရပေဘူးလေ။ တာဝန်ကတာဝန်ပါဘဲ၊ ရုံးချိန်နီးတော့ရေကလေး မိုးကလေးချိုး၊ လူကြည့်ကောင်းအောင် လူအရိုအသေတန်အောင် ယူနီဖောင်းများလဲဝတ်ပြီး၊ ဒီကနေ့မြို့လယ်က အထက်တန်း ကျောင်းမှာ ကလေးတွေကို တာဝန်တစ်ခုအနေနဲ့ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲမှာ ဟောရပြောရဦးမှာပါကလား. . . .။

**မောင်မောင်အေး - လှိုင်ကော်**

---

## urÇSref m[ myxr

၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံပေါင်း ၁၄၆ နိုင်ငံမှာ မြန်မာနိုင်ငံဟာ စေတနာ၊ သဒ္ဓါတရား အကောင်းဆုံးနဲ့ အလှူအတန်းရက်ရောမှု နိုင်ငံအဖြစ် ပထမဆုံး ရပ်တည်နေနိုင်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၁၄ ရက်က သတင်းရရှိပါတယ်။ လန်ဒန်အခြေစိုက် Charitable Aid Foundation (CAF) က စေတနာသဒ္ဓါတရား အကောင်းဆုံးနှင့် အလှူအတန်း ရက်ရောဆုံးနိုင်ငံများစာရင်း သုတေသနစစ်တမ်းထုတ်ပြန်ရာမှာ ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံဟာ အမေရိကန် နိုင်ငံနဲ့ ပူးတွဲ ပထမ ရနေရာကနေ ၂၀၁၅ ခုနှစ်မှာ ပထမနေရာရောက်ရှိလာတယ်လို့ ထုတ်ပြန်ပါတယ်။ အစဉ်တစိုက်ထိပ်ဆုံး ၁၀ နိုင်ငံမှာ မြန်မာ၊ အမေရိကန်၊ နယူးဇီလန်၊ ကနေဒါ၊ သြစတြေးလျ၊ ဗြိတိန်၊ နယ်သာလန်၊ သီရိလင်္ကာ၊ အိုင်ယာလန်နှင့် မလေးရှားတို့ ဖြစ်ကြတယ်လို့ ဖတ်ရမှတ်ရပါတယ်။

အောက်ဆုံး ငါးနိုင်ငံမှာ ပါလက်စတိုင်း၊ လစ်သူယေးနီးယား၊ ယီမင်၊ တရုတ်နဲ့ ဘူရွန်ဒီနိုင်ငံတို့က ရှိနေပြီး ဗုဒ္ဓဘာသာဝင်အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံက ဘုန်းတော်ကြီးများကို သာလှူဒါန်းမှုပြုပြီး ပြည်သူအချင်းချင်း ထောက်ပံ့မှုအားနည်းလို့ အဆင့် ၁၉ သာရရှိတယ်လို့ စစ်တမ်းတွေကဆိုပါတယ်။ ကဲ ကျွန်တော်တို့မြန်မာလူမျိုးတွေ ဂုဏ်ယူစရာမကောင်းဘူးလား၊ လက်မထောင်စရာမကောင်းဘူးလား၊ “ကမ္ဘာမှာမြန်မာဟေ့” လို့ ဝင့်ကြွားဂုဏ်ယူစရာ မကောင်းဘူးလားဗျာ။

လေးစားအပ်ပါသော စာရှုသူ ဝင့်ကြွားဂုဏ်ယူစရာရှိနေတာကို ကျွန်တော်တို့တစ်တွေ ရဲရဲဝံ့ဝံ့ဂုဏ်ယူကြရအောင်လားဗျာ၊ “ရေဘူးနဲ့ဖိနပ် မပါနွေခါမှသိမယ် ဒါနနဲ့ သီလမပါလျှင်သေခါမှသိမယ်” “တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူမိနိုင်ရိုးလား”ဆိုတဲ့ ခံယူချက်ယုံကြည်ချက် အလှူဒါန သဒ္ဓါတရားကြွေးကြော်သံတွေနဲ့ ဂုဏ်ယူခဲ့တဲ့ ပြည်မြန်မာ- ကမ္ဘာ့အလယ်မှာ ကိုယ့်ထက်များစွာချမ်းသာတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံထက်မှာ ပထမရနေတာဟာ တစ်ကယ်ကို ဂုဏ်ယူစရာပါဗျာ၊ ပုံမှန်လှူဒါန်းမှုသာမက နိုင်ငံအတွင်းမှာ သဘာဝဘေးအန္တရာယ်ကြောင့် တစ်ခုခုဖြစ်လို့ ဒုက္ခရောက်ကြပြီဆိုရင်လည်း ဒုက္ခရောက်ရာဒေသတွေကို တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ မရောက်ရောက်အောင် သွားရောက်ကူညီ လှူဒါန်းကြပါတယ်။ တစ်ဖက်ကကြည့်ရင် ကမ္ဘာ့ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံ ၂၀ မှာ ပါဝင်နေတဲ့ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာပေါ်မှာ လှူဒါန်းပေးကမ်းရက်ရောမှု အကောင်းဆုံး နိုင်ငံများစာရင်းမှာ ပထမနေရာရနေတာဟာ မြန်မာလူမျိုးတို့ရဲ့ စိတ်ရင်းအမှန်က “မရှိအတူ ရှိအတူ” မျှဝေခံစားတတ်ကြပြီး သံသရာအကျိုးကို ယုံကြည်သူများဖြစ်ပြီး ဗုဒ္ဓဘာသာဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအတွက်ကောင်းသော အကျိုးရလဒ်တစ်ခု မဟုတ်ပါလား၊ ကိုယ့်ဝန်ထမ်း မိသားစုတစ်ခုလေး ပခုက္ကူမှာကိုပဲ လစာငွေထဲက လစဉ်ဖြတ်ပြီး စုဆောင်းလို့ ကထိနစီဝရံသံဃဿဒေးမ ဆိုတဲ့ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းလာတာဟာ ယခုဆိုရင် အကြိမ် ၃၀ တိုင်အောင်လှူဒါန်းနေခဲ့ပြီးဖြစ်ပါတယ်။ ဓမ္မိယလဒ္ဓစင်ကြယ်သော ကိုယ့်ရဲ့ချွေးနည်းစာ လစာထဲကနေ လစဉ်စုဆောင်းလို့ လှူဒါန်းခဲ့ကြတာမဟုတ်ပါလား၊ ဒီနှစ်ဆိုရင် ဌာနမှ ပင်စင်ယူသွားကြတဲ့ ပင်စင်စား သက်ကြီးရွယ်အိုတွေကို ပုဆိုးတစ်ထည်၊ ထမီတစ်ထည်စီ တတ်နိုင်သမျှသက်ကြီး ပူဇော်ပွဲလုပ်ခဲ့တာလည်း သုံးကြိမ်တိုင်ခဲ့ပြီဖြစ်ပါတယ်။ သဒ္ဓါမချို့တဲ့ မြန်မာတို့ရဲ့ လှူဒါန်းမှုများဟာ ကမ္ဘာပေါ်မှာ မြန်မာ့စိတ်ရင်း၊ မြန်မာ့အလှူရှင်တွေလို့ ပြောပါရစေ။

စားသုံးသူကာကွယ်ပေးရေးကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်က ကျွဲတဲကျေးရွာမူလွန်ကျောင်း အ. မ. က (၃၄) မှာ သွားရောက်ဟောပြော ပညာပေးကြတော့ ကိုယ်ကပထမဦးစွာ မိတ်ဆက်ရင်းစကားပြောရတော့ မိမိတို့ ပတ်ဝန်းကျင်မှာ အစားအသောက်တွေနဲ့ ပတ်သက်လို့ အန္တရာယ်ပေးနိုင်တဲ့ အစားအသောက်တွေကို ရှောင်ရှားပြီးစားသောက်ဖို့ စားသုံးသူဆိုတာ ဘာလဲ၊ ဘယ်သူကို ခေါ်တာလဲဆိုတာတွေ ရှင်းပြရင်း အစားအသောက် တွေကြောင့် ကင်ဆာရောဂါဖြစ်နေလို့ မြန်မာပြည်ဟာ ကမ္ဘာပေါ်မှာ ကင်ဆာရောဂါဖြစ်ပွားတဲ့ နေရာမှာ ဒုတိယ ဖြစ်နေကြောင်းကိုလည်း ဟောမိပြောမိပါတယ်။ ဒီစာစုကလေးရေးရင်း စားသုံးသူကာကွယ်ပေးရေး ဟောပြောခဲ့တာကို မှတ်မိတော့ ၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံဟာ ကမ္ဘာ့ဒါန ရက်ရောမှု အညွှန်းကိန်းမှာ ပထမ၊ ကမ္ဘာ့ကင်ဆာ ဖြစ်ပွားမှုမှာ ဒုတိယ ကျောင်းသားစကားနဲ့ပြောရမှာဆိုရင် ပထမပဲရရ၊ ဒုတိယပဲရရ ဆုစာရင်းတော့ဝင်ပါတယ်။ ဒီနေရာမှာ ဘယ်သူ့ကိုပဲ မေးမေး ကမ္ဘာ့ဒါန ရက်ရောမှုအညွှန်းကိန်းပထမကို ဂုဏ်ယူမလား၊ ကမ္ဘာပေါ်မှာ ကင်ဆာရောဂါဖြစ်ပွား ဆုံး ဒုတိယ လိုက်နေတာကို ဂုဏ်ယူမလားမေးရင် အားလုံးဟာ ကမ္ဘာ့ဒါနရက်ရောမှု အညွှန်းကိန်း ပထမကိုပဲယူချင်ကြမှာပါပဲ၊ ဒါကလူတွေရဲ့ သဘောသဘာဝ။ ဒါကိုပြုပြင်ပြောင်းလဲလုပ်ဆောင် အကောင်အထည်ဖော်ဖို့ကြ အားနည်း တတ်ကြပါတယ်။ ဒါကလည်းလူရဲ့ သဘောသဘာဝ ကို လိုချင်တယ်၊ ရလိုတယ်၊ ဒါပေမယ့် လုပ်ဆောင်ရမယ်၊ ဆောင်ရွက်ရမယ်၊ အလုပ်သဘောကျတော့ ဆင်ခြေဆင်လက် အကြောင်းပြချက်တွေနဲ့ အောင်မြင်အောင် မလုပ်ဆောင်ခဲ့ကြဘူး။ ပထမတော့ရလိုတယ်၊ ဒါပေမယ့် စာကျတော့မကြိုးစားလိုဘူး၊ ကျောင်းတက်ရက် မပြည့်တဲ့ ကျောင်းသားလိုဖြစ်နေပါတယ်၊ ဒီတော့ကျွန်တော်တို့တွေ ကျောင်းသားပဲဖြစ်ဖြစ်၊ ဝန်ထမ်းပဲဖြစ်ဖြစ် စိုက်ပျိုးထုတ်လုပ်တဲ့ လယ်သမားပဲဖြစ်ဖြစ်၊ ရောင်းဝယ်ဖောက်ကားတဲ့ စီးပွားရေးလုပ်ငန်းရှင်ပဲဖြစ်ဖြစ်. . . စသည်ဖြင့် နောက်ဆုံးနိုင်ငံရေးကိုပဲလုပ်လုပ် စိတ်စေတနာမှန်မှန်နဲ့ ကြိုးစားအားထုတ်ပြီး တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ခံမှု တာဝန်ယူမှု တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်မှု ဆိုတာတွေကို တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ကြပြီး နောက်ဆုံးတက်ကျိုးရင် လက်ထိုးလှော်မယ်ဆိုတဲ့ ခံယူချက်နဲ့ လုပ်ကိုင်ဆောင်ရွက်သွားကြမယ်ဆိုရင် ဘယ်အရာဘယ်အလုပ်မှာမဆို အောင်မြင်မှုတွေရကြပြီး ကမ္ဘာ့ဒါန ရက်ရောမှုအညွှန်းကိန်း လို ကမ္ဘာမှာမြန်မာဟာ ပထမဆိုတာ သေချာမလွဲ ပိုင်ပိုင်နိုင်နိုင်ဆွတ်ခူးနိုင်မှာ သေချာမလွဲလို့ ပြောပါရစေ။ ဘာပဲပြောပြော ဂုဏ်ယူဝင့်ကြွား ပြောလိုတာက ၂၀၁၅ ခုနှစ်ရဲ့ ကမ္ဘာ့နိုင်ငံပေါင်း ၁၄၆ နိုင်ငံမှာ မြန်မာနိုင်ငံဟာ စေတနာသဒ္ဓါတရား အကောင်းဆုံးဆိုတဲ့ အလှူအတန်းရက်ရောမှုနိုင်ငံ“ပထမ” ရခဲ့တာဆိုတော့ခေါင်းမော့ရင်ကော့လက်မထောင်ပြီး ကမ္ဘာမှာ မြန်မာဟာ “ ပထမ” လို့ ကြွေးကြော်လိုက်ပါရစေ။

**မြင့်ဦး - ပခုက္ကူ**

# ဓာတ်ဆီ/ဒီဇယ်

## ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၈၆၀ ကျော်ဝင်

ဒီဇင်ဘာ ၆ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၄၁၀၀၀၈၂ တန်ဖိုးရှိ ဒီဇယ် ၅၆၈ ဒသမ ၄၈၁ တန်နဲ့ ကန်ဒေါ်လာ ၁၈၄၄၅၂၃၇တန် ဖိုးရှိ ဓာတ်ဆီ ၂၉၉ ဒသမ ၄၅၄တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ ပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ တန်ချိန် ၂၄၀ကျော်ရှိခဲ့တာ ကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၃၂၁ တန်ကျော် အဝင်ပိုခဲ့သလို ဓာတ်ဆီက ယခင်တစ်ပတ်မှာ တန်ချိန် ၂၆၀ ကျော်အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ ယှဉ်ရင် တန်ချိန် ၃၆ တန်ကျော် အဝင်ပိုခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရောဒီဇယ်ပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဒီဇင်ဘာ ပထမပတ်အတွင်း ရောင်း ချနေတဲ့ဓာတ်ဆီ၊ဒီဇယ်ဈေးများကတောင်ကြီးမှာ ဈေးငြိမ်နေပြီးမော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချ နေတဲ့ဒီဇယ်၊ဓာတ်ဆီပီပါဈေးများမှာလည်း ယခင် တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာဓာတ်ဆီ၊ဒီဇယ်ဈေးအနည်းငယ်ကျခဲ့တယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အဆင့်မြင့်ဒီဇယ်၊ ဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း (95) မှာ ဈေးအနည်းငယ် ကျခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးမှာ ဒီဇယ် ၆၂၀ ကျပ်၊အောက်တိန်း (92) ၆၄၀ ကျပ်၊အောက်တိန်း (95) ၇၄၀ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၆၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီဇင်ဘာလ ၁၄ ရက် ဓာတ်ဆီဝယ်ဈေး ၁၅၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၂၀၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ဝယ်ဈေး၊ ရောင်းဈေး ၃၀၀၀ ကျပ် ဈေးကျလာပါတယ်။ ဒီဇယ်ဈေးမှာ ဒီဇင်ဘာလ ၁၄ ရက်မှာ ဝယ်ဈေး ၁၂၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၂၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်သမား တစ်ဦးထံမှ စုံစမ်း သိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီနဲ့ ဒီဇယ်မှာဈေးငြိမ်ပြီး အဆင့်မြင့်ဒီဇယ်ဈေးအနည်းငယ်မြင့်ပြီး အောက်တိန်းမှာ ဈေးအနည်းငယ်ကျလာ တယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၆၂၅ကျပ်၊ ဒီဇယ် ၆၂၅ ကျပ်၊အဆင့်မြင့်ဒီဇယ် ၇၁၀ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေ တဲ့ပီပါဈေးများမှာဒီဇင်ဘာလ ၁၄ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၂၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ် ခဲ့တယ်လို့ သိရပါတယ်။ဓာတ်ဆီဈေးမှာ ဒီဇင်ဘာ ၁၄ ရက်မှာ ဝယ်ဈေး ၁၄၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၂၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ယခင်တစ်ပတ် ဈေးနဲ့ယှဉ်ရင် ဒီဇယ် ဈေးအနည်းငယ်ကျလာပြီး ဓာတ်ဆီဈေးငြိမ်နေ ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၁၀၀ ကျပ်၊ ဓါတ်ဆီ၃၃၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

တောင်ကြီးဈေးကွက်မှာ ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်စက်သုံးဆီဈေးများမှာ ဓာတ်ဆီ၊ ဒီဇယ် ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီ တစ်ဂါလန် ၂၈၀၀ ကျပ်၊ ဒီဇယ် ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာဓာတ်ဆီ ၂၉၀၀ ကျပ်၊ဒီဇယ် ၃၂၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီဈေး ငြိမ်နေပြီး ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၁၅၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၀၁၅ ကျပ်၊ အောက်တိန်း ၃၁၅၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၁၀၀ ကျပ်၊ အောက်တိန်း ၃၂၀၀ ကျပ် နဲ့ အရောင်း အဝယ်ဖြစ်နေ တယ်လို့သိရှိရပါတယ်။

**MIRT-DOT**

| Energy NYMEX | 18-12-2015 | | |
|---|---|---|---|
| | Price | Change | Change % |
| WTI Crude Future (USD/bbl.) | 34.83 | -0.12 | -0.34 |
| Brent Crude Futr (USD/bbl) | 37.14 | 0.08 | 0.22 |
| Gasoline Rbob Fut (Cent/gal) | 127.50 | 1.34 | 1.06 |
| Natural Gas Futr (USD/MMBtu) | 1.73 | -0.02 | -1.31 |
| Heating Oil Futr (Cent/gal) | 110.94 | 0.41 | 0.37 |

# ငွေလဲနှုန်းများ ဆက်လက်မြင့်တက် ကျပ် ၁၃၀၀ ကျော်အထိ ရောက်ရှိ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သည့် ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ဆက်လက်မြင့်တက်ခဲ့ကာ ကျပ် ၁၃၀၀ ကျော်အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းများ မြင့်တင်မည်ဟူသည့်သတင်းကြောင့် ကမ္ဘာတစ်ဝန်းတွင် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများ မြင့်တက်လျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ငွေလဲနှုန်းများ မြင့်တက်လာရခြင်းဖြစ်ကြောင်း သိရ သည်။

ကမ္ဘာတစ်ဝန်းတွင် ဒေါ်လာငွေကြေးတန်ဖိုး မြင့်တက်လာမှုကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံဗဟိုဘဏ်မှ သတ်မှတ်သည့်ငွေလဲနှုန်းမှာလည်း မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှသိရသည်။

"ဗဟိုဘဏ်ကလည်း သူ့ရဲ့ရည်ညွှန်းငွေလဲနှုန်းကိုမြှင့်လိုက်တယ်။ နိုင်ငံတကာမှာလည်း ငွေလဲနှုန်းတွေမြင့်တက်နေတဲ့အတွက် ပြည်တွင်းကငွေလဲနှုန်းတွေ မြင့်တက်လာရတာပါ။ ငွေလဲနှုန်းတွေ မြင့်တက်လာတဲ့အတွက် ဆန်ဈေးတွေရော၊ စပါးဈေးတွေပါ မြင့်တက်လာတာကိုတွေ့ရပါတယ်။ ငွေလဲနှုန်းမြင့်တက်လာတဲ့အတွက် ကုန်ဈေးနှုန်းတွေ မြင့်တက်လာမှာကို စိုးရိမ်ရပါတယ်"ဟု ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၎င်း၏ ရည်ညွှန်းငွေလဲနှုန်းကို ဒီဇင်ဘာလ ၁၅ ရက်တွင် ၁၃၀၁ ကျပ်သတ်မှတ်ခဲ့ပြီး ဒီဇင်ဘာလ ၁၈ ရက်တွင် ၁၃၀၅ ကျပ်သို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။ ငွေလဲစင်တာများတွင် ဒီဇင်ဘာလ ၁၄ ရက်က ရောင်းဈေး ၁၃၀၀ ကျပ်၊ ဝယ်ဈေး ၁၂၉၇ ကျပ်ဖြင့် ရောင်းဝယ် ခဲ့သော်လည်း ဒီဇင်ဘာလ ၁၆ ရက်တွင် ရောင်းဈေး ၁၃၀၆ ကျပ်၊ ဝယ်ဈေး ၁၃၀၃ ကျပ်ဖြင့် ရောင်းဝယ်ခဲ့သည်။

ဒီဇင်ဘာ ၁၈ ရက်တွင် ရောင်းဈေး ၁၃၀၉ ကျပ် ဝယ်ဈေး ၁၃၀၆ ကျပ်ရှိခဲ့ပြီး ဒီဇင်ဘာလ ၁၉ ရက်တွင် ရောင်းဈေး ၁၃၁၀ ကျပ်၊ ဝယ်ဈေး ၁၃၀၆ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

# ကမ္ဘာ့ရွှေဈေး ပြန်လည်မြင့်တက်လာမှုကြောင့် မြန်မာ့ရွှေဈေး လိုက်ပါမြင့်တက်လာ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကအနည်းငယ်ငြိမ်သက်ခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ဈေးငြိမ်နေရာမှ ကျဆင်းခဲ့သော်လည်း ကမ္ဘာ့ရွှေဈေး ပြန်လည်မြင့်တက်လာမှုကြောင့် မြန်မာ့ရွှေဈေးပါလိုက်ပါမြင့်တက်ခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

အမေရိကန်နိုင်ငံတွင် ဘဏ်တိုးနှုန်းများ မြှင့်တင်တော့မည်ဟူသည့် သတင်းများကြောင့် ကမ္ဘာ့ရွှေဈေးကွက် ရွှေဝယ်လိုအားများ သိသိသာသာကျဆင်းခဲ့သဖြင့် ဒီဇင်ဘာလ ၁၈ ရက် ညနေပိုင်းတွင် ကမ္ဘာ့ရွှေဈေး သိသိသာသာ ကျဆင်းသွားခဲ့သည်။ သို့သော် နောက်တစ်နေ့ ဒီဇင်ဘာလ ၁၉ ရက် နံနက်ပိုင်းဈေးဖွင့်ချိန်တွင် ရွှေတစ်အောင်စလျှင် ၁၃ဒေါ်လာအထိမြင့်တက်သွားခဲ့ကြောင်း သိရသည်။

"ကမ္ဘာ့ရွှေဈေး ကျလာတော့ မြန်မာ့ရွှေဈေးလည်း လိုက်ပြီးကျလာတယ်။ ဒါပေမယ့် နောက်တစ်နေ့ကျတော့ ကမ္ဘာ့ရွှေဈေးက ရုတ်ခြည်းပြန်တက်လာတာ။ ဈေးကွက်ထဲမှာတော့ ရွှေအရောင်းအဝယ်က ပုံမှန်အတိုင်းပါပဲ။ ရွှေဈေးကျသွားတဲ့အချိန်က ညနေပိုင်းမှာဖြစ်သွားတဲ့အတွက် အရောင်းအဝယ် သိပ်မဖြစ်လိုက်ဘူးလို့ ပြောရမယ်။ ဒါပေမယ့် ဈေးကွက်ထဲမှာတော့ တော်တော်လေးကို လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားတယ်"ဟု ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် ဒီဇင်ဘာလ ၁၄ ရက်က ကျပ် ၇၄၈၅၀၀ ရှိခဲ့ရာ မှ ဒီဇင်ဘာလ ၁၆ ရက်တွင် ကျပ် ၇၄၄၀၀၀ သို့ ကျဆင်းခဲ့သည်။ ဒီဇင်ဘာလ ၁၈ ရက် ညနေပိုင်းတွင် ကျပ် ၇၃၉၀၀၀သို့ ကျဆင်းသွားခဲ့သော်လည်း ဒီဇင်ဘာလ ၁၉ ရက်နံနက်ပိုင်း ဈေးဖွင့်ချိန်တွင် ကျပ် ၇၄၃၀၀၀သို့ ပြန်လည်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဒီဇင်ဘာလ ၁၄ ရက်က ၁၀၇၆ ဒေါ်လာရှိခဲ့ရာမှ ဒီဇင်ဘာလ ၁၆ ရက်တွင် ၁၀၆၄ ဒေါ်လာသို့ ကျဆင်းခဲ့ကာ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ၁၀၅၁ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင်မူ ၁၀၆၆ ဒေါ်လာသို့ ပြန်လည်မြင့်တက်လာခဲ့သည်။ **မယ်သီတာ**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 14- December | 13.69 | 1544.26 | 1510.88 | 4714.98 | 843.00 |
| 15- December | 13.72 | 1539.10 | 1509.76 | 4693.70 | 848.00 |
| 16- December | 13.81 | 1520.06 | 1500.13 | 4658.08 | 859.00 |
| 17- December | 14.07 | 1508.64 | 1498.56 | 4632.54 | 865.00 |
| 18- December | 13.80 | 1503.49 | 1500.78 | 4675.78 | 844.00 |

Source:kitco.com

## Currency Exchange Rate

December 18, 2015
**Base Currency is United States Dollar - USD**

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.40 |
| BDT | Bangladesh Taka | 78.08 |
| CAD | Canada Dollars | 1.39 |
| CNY | China Yuan Renminbi | 6.48 |
| EUR | Euro | 0.92 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 66.42 |
| I DR | Indonesia Rupiahs | 13941.32 |
| JPY | Japan Yen | 121.87 |
| MYR | Malaysia | 4.28 |
| PKR | Pakistan Rupees | 104.69 |
| PHP | Philippines Pesos | 47.35 |
| RUB | Russia Rubles | 71.34 |
| SGD | Singapore Dollars | 1.41 |
| KRW | South Korea Won | 1181.86 |
| LKR | Sri Lanka Rupe | 143.49 |
| THB | Thailand Baht | 36.15 |
| GBP | United Kingdom Pounds | 0.67 |
| VND | VietnamDon | 2524.80 |

*Source : xe.com*

## World Gold Price

December, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 14 | 1062 | 1063 | 1062 |
| 15 | 1062 | 1062 | 1062 |
| 16 | 1062 | 1063 | 1063 |
| 17 | 1065 | 1066 | 1066 |
| 18 | 1054 | 1054 | 1055 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 14-12- 2015 | 748.50 | 748.00 |
| 15-12- 2015 | 744.00 | 743.50 |
| 16-12- 2015 | 745.00 | 744.90 |
| 17-12- 2015 | 745.50 | 745.00 |
| 19-12- 2015 | 740.00 | 739.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 14 | 6 .47 | 36.10 | 78.93 | 66.98 |
| 15 | 6. 46 | 36.10 | 78.17 | 67.08 |
| 16 | 6 47 | 36.03 | 78.93 | 66.87 |
| 17 | 6 .48 | 36.05 | 78.70 | 66.64 |
| 18 | 6.48 | 36.15 | 78.08 | 66.42 |

## ဘိလပ်မြေ

### ယခင်တစ်ပတ်ထက်ဘိလပ်မြေ အဝင်နည်း

ဒီဇင်ဘာ ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၁၃၂၇၄၇ ကျော် တန်ဖိုးရှိ ဘိလပ်မြေ ၃၈၁၇၃ ဒသမ ၅၀ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ထိုင်းနိုင်ငံမှသာ ဝင်ခဲ့တယ်လို့သိရပါတယ်။ ဝင်လာတဲ့တံဆိပ်များမှာ စိန်၊ ဆင်၊ တံဆိပ်များ ဖြစ်ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၄၂၅၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၄၃၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### အရောင်းအဝယ်သွက်နေတဲ့ ဘိလပ်မြေဈေးကွက်

ဒီဇင်ဘာ ၆ ရက်မှ ၁၂ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှဘိလပ်မြေအဝင်မှာ ၃၈၁၇၀ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ ၄၂၅၃၀ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် ၄၃၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၂၆၆၇၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၉၈၉၃ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၆၇၈၂ တန် ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ကောင်းတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အေသုံးလုံး၊ ကျားခေါင်းနဲ့ ဆင်တံဆိပ် ဘိလပ်မြေများ ပြန်ဝင်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာလည်း ရောင်းအားတက်ပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင်(ထိုင်း) ၇၁၀၀ကျပ်၊အပါချီ ၅၀၀၀ ကျပ်၊ အေသုံးလုံး ၅၀၀၀ ကျပ်၊ ကမ္ဘောဇ ၄၆၀၀ ကျပ်၊ နဂါး ၅၀၀၀ ကျပ်၊ စိန် ၇၅၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပွင့်လင်းရာသီကြောင့် တည်ဆောက်ရေးလုပ်ငန်းတွေလည်း ကောင်းလာတယ်။ ဒါကြောင့်လည်း အရောင်းအဝယ် ကောင်းတယ်လို့သိရပါတယ်။ အရောင်းအဝယ်ကောင်းပေမယ့် ဈေးတော့ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၅၀၀ ကျပ်၊ စိန်(ထိုင်း) ၅၄၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်းအဝယ်ကောင်းပေမယ့် ဈေးက နည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ၅၃၀၀ ကျပ်၊ မြန်မာ ဆင် ၄၆၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်) ၄၇၀၀ ကျပ်၊ကျားခေါင်း၄၆၀၀ ကျပ်၊ မြင်းခေါင်း ၄၆၀၀ ကျပ်၊စိန် ၆၈၀၀ ကျပ်၊ ဆင် ၆၉၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ခတ်မြေသြဇာ

### တရုတ်၊ ဗီယက်နမ်၊ ထိုင်းနဲ့ စင်ကာပူမှ မြေဆီများဝင်

ဒီဇင်ဘာ ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၃၉၀၀၃၇ တန်ဖိုးရှိ မြေသြဇာ ၈၅၇၃ ဒသမ ၉၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ မြေသြဇာ ၆၀၂၇ ဒသမ ၈၀တန်၊ ရုရှားနိုင်ငံမှတန်ချိန် ၅၂၀ ဒသမ ၂၅ တန်၊စင်ကာပူမှ ၈၇၃ တန်၊ ထိုင်းနိုင်ငံမှ ၆၅၂ ဒသမ ၉ တန်နဲ့ ဗီယက်နမ်မှ တန်ချိန်၅၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ကယ်လ်ဆီယမ်ဖော့စဖိတ်(ဂရိတ်)၊ အမိုနီးယမ်း ဆာလဖိတ်၊ မဂ္ဂနီစီယမ် ဆာလဖိတ်၊ ယူရီးယား၊ နိုက်ထရိုဂျင်၊ ကွန်ပေါင်း၊ Heptamoly bdate နဲ့ Bulk Bland ကို တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် မြေသြဇာအဝင်မှာတန်ချိန် ၇၈၀၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၇၂၂ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### အရောင်းအေးနေတဲ့ မြေသြဇာဈေးကွက်

ဒီဇင်ဘာ ၆ ရက်မှ ၁၂ရက် သီတင်းပတ်အတွင်း ပြည်တွင်းကိုရေလမ်းမှ မြေသြဇာ ၈၅၇၃ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၇၈၅၁ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၇၂၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ ၁၅၉၅၆တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ ၁၇၆၇၈ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန်၁၇၂၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာ အရောင်းအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကွန်ပေါင်း ကဈေးနည်းနည်း မြင့်လာတယ်လို့ သိရပါတယ်။ ဒါကလည်း အရောင်းအဝယ်ကောင်းလို့မဟုတ်ဘဲ ကုမ္ပဏီဈေးတက်လို့သာ ဖြစ်တယ်လို့ သိရပါတယ်။ ဈေးမြင့်တာကလည်း အများကြီးမဟုတ်ဘဲ ၃၀၀ ကျပ်မှ ၅၀၀ ကျပ အတွင်းသာဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ် နေတဲ့ ဈေးမှာ ပုလဲ အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၁၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည်(ထိုင်း) ၃၈၀၀၀ကျပ်၊ ကွန်ပေါင်း (ပန်း ရောင်) ၁၅ပတ် လည် (ထိုင်း) ၃၀၅၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ -ထိုင်း) ၂၉၀၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၂၅၀၀ ကျပ်၊တီစူပါ ၁၆% (မြား ကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း ရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်အေးတယ်။ ဒီအချိန်က စိုက်ပျိုးချိန်လည်း မဟုတ်တာကြောင့် အရောင်းပါးသလို ဈေးလည်း ငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) (အစိမ်း)၁၆၀၀၀ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၅၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၂၀၀ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၁၀၀၀ ကျပ်၊ ယူရီးယား -ပုလဲ (ရွှေတောင်-တရုတ်) ၂၀၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၂၀၀ ကျပ်၊ တီစူပါ ၂၂၀၀၀ကျပ်၊ တောင်သူမ ၁၅၅၀၀ ကျပ်၊ သီးစုံ (စိမ်းပြာ) ၁၅၅၀၀ ကျပ်၊ မြား ၁၅း၇း၈ ၁၈၅၀၀ ကျပ်၊ ဇာမဏီ ၁၇၀၀၀ ကျပ် ဈေးရှိတယ်လို့မြေသြဇာ အရောင်းဆိုင်မှ စုံစမ်း သိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာက အရောင်းအေးတယ်လို့ သိရပါတယ်။ အရောင်းအေးသလိုဈေးလည်းကျလာတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။ ဈေးကွက်ထဲမှာတီစူပါ(၁၆% နဲ့ ၁၂%) က ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်)၁၉၇၀၀ ကျပ်၊ယူရီးယား(ပန်းဖူး-တရုတ်) ၁၉၇၀၀ ကျပ်၊ တီစူပါ (၄၆%-တရုတ်)၁၉၇၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၄၁၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါ တယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာက အရောင်းအဝယ်အေးသလို ဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်)၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၁၀၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၀၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၆၀၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)၁၆၀၀၀ကျပ်၊ ခတ်ဆား (တရုတ်) ၁၆၅၀၀ ကျပ်၊ ပိုတက် (တရုတ်) ၂၆၅၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၄၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန်၃၇၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၂၂၀ကျော်ဝင်

ဒီဇင်ဘာ ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှကန်ဒေါ်လာ ၇၆၁၂၀၇ တန်ဖိုးရှိ နို့ဆီ ၃၇၁ ဒသမ ၉၁၂ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီတစ်မျိုးသာ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၂၄၀ကျော် အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၁၂၃ တန်ကျော် အဝင် ပိုခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်မှ ၁၆၈ ဒသမ ၈၈၄ တန်၊စင်ကာပူမှ ၅၄ ဒသမ ၇၃၄ တန်၊အင်ဒိုနီးရှားမှ သုည ဒသမ ၀၆၆ တန်၊ ဗီယက်နမ်မှ သုည ဒသမ ၂၅၉ တန်နဲ့ မလေးရှားမှ ၅ ဒသမ ၂၂၀ တန်ဝင်ခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ ၁၀၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၇၉၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၅/၁၂ မှ ၁၁/၁၂ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၈/၁၁ မှ ၄/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၈၇၃.၆၅ | ၁၁၅၅.၇၅ | (-) | ၂၈၂.၁၀ |
| ၂။ | လွယ်ဂျယ် | ၅၉၄.၀၀ | ၆၆၀.၀၀ | (-) | ၆၆.၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၅၂.၀၀ | (-) | ၅၂.၀၀ |
| ၄။ | ကန်ပိုက်တီး | ၃၃၉၀.၀၀ | ၂၂၈၈.၈၀ | (+) | ၁၁၀၁.၂၀ |
| ၅။ | တာချီလိတ် | ၄၀၀၂.၀၀ | - | (+) | ၄၀၀၂.၀၀ |
| ၆။ | မြဝတီ | ၆၄၄.၄၄ | ၈၉၇.၄၀ | (-) | ၂၅၂.၉၆ |
| ၇။ | ကော့သောင်း | ၁၅၇၃၇.၅၀ | ၁၁၇၉၀.၀၀ | (+) | ၃၉၄၇.၅၀ |
| ၈။ | မြိတ် | ၁၄၃၅.၀၀ | ၃၀၅၀.၀၀ | (-) | ၁၆၁၅.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၂၆၆၇၆.၅၉ | ၁၉၈၉၃.၉၅ | (+) | ၆၇၈၂.၆၄ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၅/၁၂ မှ ၁၁/၁၂ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၈/၁၁ မှ ၄/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၉၈၈.၅၀၀ | ၁၅၂၉၁.၀၅၅ | (-) | ၂၃၀၂.၅၅၅ |
| ၂။ | လွယ်ဂျယ် | ၄၆.၀၀၀ | ၃၇.၀၀၀ | (+) | ၉.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၃၅၉.၇၅၀ | ၁၁၂၁.၅၀၀ | (+) | ၂၃၈.၂၅၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၃၅၈.၇၇၈ | ၇၁၄.၅၀၀ | (-) | ၃၅၅.၇၂၂ |
| ၆။ | ကော့သောင်း | ၁၆၃.၀၀၀ | ၂၁၄.၀၀၀ | (-) | ၅၁.၀၀၀ |
| ၇။ | မြိတ် | ၈၄၀.၀၀၀ | - | (+) | ၈၄၀.၀၀၀ |
| ၈။ | ရိုဒ် | ၂၀၀.၀၀၀ | ၃၀၀.၀၀၀ | (-) | ၁၀၀.၀၀၀ |
| | စုစုပေါင်း | ၁၅၉၅၆.၀၂၈ | ၁၇၆၇၈.၀၅၅ | (-) | ၁၇၂၂.၀၂၇ |

တင်တင်ထွန်း MIRT

## နှမ်း

### တရုတ်နယ်စပ်ရော၊ ထိုင်းနယ်စပ်ကပါ နှမ်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာလ ဒုတိယပတ်အတွင်း နှမ်းနက် ၁၄၁၇ တန်နဲ့ နှမ်းဖြူ ၉၃ တန်ကို ကန်ဒေါ်လာ ၁ ဒသမ ၈၂၁ သန်းဖိုးတင်ပို့ခဲ့ပါတယ်။အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်ကတော့ ယခင်တစ်ပတ်က တင်ပို့တဲ့အတိုင်း ကန်ဒေါ်လာ ၄၂၀၀၀ တန်ဖိုးရှိ နှမ်းနက် ၂၈ တန်တင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်ကတော့ ယခုတစ်ပတ်ရော ယခင်တစ်ပတ်ကပါ နှမ်းအပို့ မရှိပါဘူး။မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူဈေး ၁၅၉၆၆၈၇ ကျပ်မှ ယခုတစ်ပတ် ၁၅၉၅၀၈၅ ကျပ်သို့ လည်းကောင်း၊နှမ်းနက်ဈေး ၁၉၉၈၂၉၃ ကျပ်မှ ၁၉၉၆၂၈၉ ကျပ်သို့လည်းကောင်း နှမ်းဈေးများ အနည်းငယ် ကျဆင်းသွားခဲ့ပါတယ်။ နယ်အစုံက နှမ်းဝင်ရောက်တာများပြားပေမယ့် ရန်ကုန်နဲ့ မန္တလေးမှ ဝယ်ယူမှုနည်းပါးတာကြောင့် ဈေးတွေပြန်လည်ကျဆင်းရတာဖြစ်တယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရပါတယ်။

**မော်မော်အောင်**

### ပြည်ဈေးကွက်သို့ ဆောင်းနှမ်းအသစ်များ စတင်ဝင်ရောက်

ပြည်ဈေးကွက်သို့ ဆောင်းနှမ်း အသစ်များကို မြန်အောင်နှင့်ကြံခင်း ဘက်မှ တစ်နေ့ အိတ် ၅၀ ကျော် ဝင် ရောက်လာသဖြင့် နှမ်းဈေးအနည်းငယ် ကျလာပါတယ်။ နှမ်းကို ဆီစက်သမားများက အဝယ်ရှိပေမယ့် ဆောင်းနှမ်း အသစ်ဖြစ်လို့ ဈေးအနည်းငယ်အေးနေ တာဖြစ်ပါတယ်။

မြေပဲဆန်မှာ အဝယ်အနည်းငယ်လိုက်လာတာကြောင့် ဈေးအနည်းငယ်မြင့်လာတာ တွေ့ရပါတယ်။ နှမ်းဈေးမှာ ဆောင်းနှမ်းနီ အသစ်တစ်တင်း ၂၇၀၀၀ ကျပ်၊ နှမ်းနက် အသစ် တစ်တင်း ၄၃၀၀၀ ကျပ်နဲ့ စမုံနက်နှမ်းတစ်တင်း ၅၇၀၀၀ ကျပ်ဖြင့် ဈေးအနည်းငယ်အေးနေသော်လည်း မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာ ၁၉၅၀ ကျပ်နဲ့ လုံးဆန်တစ်ပိဿာ ၂၄၀၀ ကျပ်ဈေးဖြင့် ဝယ်လက်အဝယ်လိုက်၍ ဈေးမြင့်လာတာ တွေ့ရပါတယ်။ မြေပဲဆန်ဈေးမှာ အသစ်ဈေးဖြစ်ပေမယ့် အဟောင်းဈေးနဲ့ဈေးတူနေပြီး တစ်နေ့ကို အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

# ဝယ်လိုအားနေးကွေးကျဆင်းမှုကြောင့် မလေးရှားစားအုန်းဆီဈေးနှုန်း ကျဆင်း

ရေနံစိမ်းဈေးနှုန်းနဲ့ အခြားသော ဟင်းရွက်ဆီဈေးနှုန်းများ ကျဆင်းမှုနဲ့အတူ စားအုန်းဆီပို့ကုန်များ နှေးကွေးကျဆင်းမှုကြောင့် ဒီဇင်ဘာ ၁၇ ရက်မှာ မလေးရှားစားအုန်းဆီဈေးများ ကျဆင်းခဲ့ပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင်(Bursa Malaysia Derivatives Exchange) မှာ မတ်လအတွက် စားအုန်းဆီအခြေခံ စံထားနှုန်းက သုည ဒသမ ၈ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၃၈၃ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၅၂ ဒသမ ၂၆ ဒေါ်လာ) နှုန်းရှိခဲ့ပါတယ်။ နေ့တစ်နေ့အတွက် ရောင်းချမှုပမာဏဟာ ၂၅ တန်ရှိအတွဲ ၃၆၆၄၄ တွဲ ရှိခဲ့ပါတယ်။

ဒီဇင်ဘာ ၁၆ ရက်နေ့မှာ ရေနံစိမ်းဈေးနှုန်းတွေက ၁၁ နှစ်အတွင်း အနိမ့်ဆုံးဈေးနှုန်းကို ရောက်ရှိခဲ့ပြီး ရောင်းလိုအားများ ဆက်လက်မြင့်တက်နေမှုကြောင့်လည်းကောင်း၊ ၁၀ နှစ်နီးပါးအတွင်း ပထမအကြိမ်အဖြစ် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ပေးလိုက်ပြီးနောက် ဒေါ်လာတန်ဖိုးမြင့်တက်လာတဲ့အတွက်ကြောင့်လည်းကောင်း၊ ရေနံစိမ်းဈေးနှုန်းတွေက ထပ်မံကျဆင်းမယ့်အလားအလာတွေ တွေ့မြင်နေရပါတယ်။

စားအုန်းဆီကို ရေနံစိမ်းအစားထိုး လောင်စာဆီဖြစ်တဲ့ ဇီဝလောင်စာဆီထုတ်လုပ်ရာမှာ စားအုန်းဆီကိုရောနှော အသုံးပြုနိုင်တဲ့အတွက် ရေနံစိမ်းဈေးနှုန်းများက စားအုန်းဆီဈေးနှုန်းအပေါ်မှာ ဩဇာသက်ရောက်မှုရှိပါတယ်။

“ဝယ်လိုအား ကျဆင်းတာက ဈေးကွက်အပေါ် ယုံကြည်မှုကို ဇဝေဇဝါဖြစ်စေတဲ့အကြောင်းရင်းတစ်ခု ဖြစ်ပါတယ်။ ရင်းဂစ်တန်ဖိုးကျဆင်းမှုက ရောင်းလိုအားကို မြင့်တက်စေခဲ့ပေမယ့် ဈေးကွက်ကို တွန်းတင်ပေးနိုင်လောက်တဲ့အထိ စွမ်းအားပြည့်စုံမှုမရှိခဲ့ပါဘူး။ လက်ရှိဖြစ်ပေါ်နေတဲ့အကြောင်းတရားများက ဈေးနှုန်းမြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ပါတယ်”လို့ ကွာလာလမ်ပူရှိကုန်သည်တစ်ဦးက ပြောပါတယ်။

ဒီဇင်ဘာမှာ ပို့ကုန်ကျဆင်းမှုနဲ့ သိုလှောင်လက်ကျန်တွေ စံချိန်တင်မြင့်တက်မှုကြောင့် စားအုန်းဆီဈေးနှုန်း မြင့်တက်မယ့်အလားအလာတွေကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။ စားအုန်းဆီထုတ်လုပ်ရာမှာ ကမ္ဘာ့ဒုတိယ အများဆုံးနိုင်ငံဖြစ်တဲ့ မလေးရှားနိုင်ငံရဲ့ စားအုန်းဆီတင်ပို့မှုက ၁၂ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး နိုဝင်ဘာလ ကုန်သိုလှောင်လက်ကျန်က ၂ ဒသမ ၉ သန်းနဲ့ စံချိန်တင်မြင့်တက်ခဲ့ပါတယ်။

ဒီဇင်ဘာပထမလဝက်မှာ စားအုန်းဆီတင်ပို့မှုက နိုဝင်ဘာ အလားတူကာလနဲ့ နှိုင်းယှဉ်ရင် ၃၄ ရာခိုင်နှုန်းနဲ့ ၃၆ ရာခိုင်နှုန်းအကြား ကျဆင်းခဲ့ပါတယ်။

ထုတ်လုပ်မှုတွေကျဆင်းမယ်ဆိုရင်တော့ သိုလှောင်မှုတွေကျဆင်းပြီး ဈေးနှုန်းမြင့်တက်မှုကို အထောက်အကူ ဖြစ်စေနိုင်ပါတယ်။ ရိုက်တာသတင်းဌာနရဲ့ စစ်တမ်းအရ ရိတ်သိမ်းချိန်ရာသီကုန်ဆုံးပြီး မုတ်သုံရာသီကလည်း အဓိကစိုက်ပျိုးဧရိယာတွေကို ရောက်ရှိလာပြီဖြစ်တဲ့အတွက် အင်ဒိုနီးရှားစားအုန်းဆီကြမ်း ထုတ်လုပ်မှုက နိုဝင်ဘာနဲ့နှိုင်းယှဉ်ရင် ၇ ရာခိုင်နှုန်းကျဆင်းပြီး တန်ချိန် ၂ ဒသမ ၈ သန်းအထိ ရောက်ရှိခဲ့ပါတယ်။

အခြားဟင်းရွက်ဆီဈေးကွက်တွေဖြစ်တဲ့ အမေရိကန် ပဲပုပ်ဆီဈေးကွက်မှာ ဇန်နဝါရီလအတွက် ကြိုတင်ရောင်းချတဲ့ အမေရိကန် ပဲပုပ်ဆီဈေးက သုည ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပါတယ်။

**ဉာဏ်တင်**



### ပြည်တွင်းဆီဈေးနှုန်းများ (၁၈-၁၂-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| ရန်ကုန် | ၅၂၀၀ | ၅၂၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၃၄၀ | ၁၃၃၀ | ▽ |
| မန္တလေး | ၃၈၀၀ | ၃၈၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ | ၁၄၅၀ | ၁၄၃၀ | ▽ |
| ပဲခူး | ၂၈၀၀ | ၂၈၀၀ | □ | ၅၀၀၀ | ၄၉၀၀ | ▽ | ၁၄၂၀ | ၁၄၀၀ | ▽ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၇၀၀ | △ |
| မုံရွာ | ၄၂၀၀ | ၄၁၀၀ | ▽ | ၃၇၀၀ | ၃၅၀၀ | ▽ | ၁၄၈၀ | ၁၄၇၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၈-၁၂-၂၀၁၅ US$/Ton

| အမျိုးအစား | ဒီဇင်ဘာဒုတိယပတ် | ဒီဇင်ဘာတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၁၁.၀၀ | ၅၁၈.၅၀ | △ |
| RBD P.Olein | ၅၃၄.၀၀ | ၅၃၈.၅၀ | △ |
| RBD P.Strarin | ၄၈၀.၀၀ | ၄၇၆.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၈- ၁၂ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၃၂.၅၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၈.၀၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၁၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၆၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၀.၇၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၃.၀၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၄၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၆၉.၃၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၈-၁၂-၂၀၁၅ နေ့ (CIFဈေး Cloud Point 8 ˚C Max ၅၇၈ ဒေါ်လာ၊ FOB ၅၅၃ ဒေါ်လာနှင့် USD ဈေး ၁၃၀၅ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၁၈-၁၂-၂၀၁၅ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၃၀၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# ကုန်သွယ်မှုကို မြှင့်တင်နိုင်ရန်အတွက် အသိဉာဏ်ပစ္စည်းဆိုင်ရာ ကာကွယ်ခြင်းစနစ် ပူးပေါင်းဆောင်ရွက်လျက်ရှိ



မြန်မာနိုင်ငံသည်စက်မှုလုပ်ငန်းဆိုင်ရာတိုးတက်ရေး အားပေးမြှင့်တင်နိုင်ရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံခြင်းနှင့် နည်းပညာလွှဲပြောင်းခြင်းတိုးတက်စေရန်၊ ထုတ်ကုန်နာမည်ကျော်ကြားမှုဖြင့် ကုန်သွယ်မှုကိုမြှင့်တင်နိုင်ရန်အတွက် ထိရောက်သော အသိဉာဏ်ပစ္စည်းဆိုင်ရာ ကာကွယ်ခြင်းစနစ် လိုအပ်လျက်ရှိတဲ့အတွက် ကုန်သွယ်မှုနှင့် ဆက်နွှယ်တဲ့ အသိဉာဏ်ပစ္စည်းဆိုင်ရာ သဘောတူညီချက်နဲ့အညီ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေများ ရေးဆွဲကာ မူပိုင်ခွင့်ကဏ္ဍကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်။

မြန်မာ့ထွက်ကုန်များကို တန်ဖိုးထားခြင်းဖြင့် တန်ဖိုးအလိုက်ထိုက်တန်တဲ့ တုံ့ပြန်မှုဖြစ်တဲ့ဈေးကွက် ဈေးနှုန်းပိုမိုရရှိမှုကို ခံစားနိုင်မှာဖြစ်ရာ မူပိုင်ခွင့်နဲ့ပတ်သက်တဲ့အသိပညာ ဗဟုသုတများရရှိပြီး ဆက်လက်ဆောင်ရွက်ဖို့ လမ်းကြောင်းပေးတဲ့အနေနဲ့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနက ကြီးမှူးပြီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် မူပိုင်ခွင့်ရရှိရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး ပွဲများကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ဒီဇင်ဘာလ ၁၇ ရက်က အရာ တော်မြို့မှာ သနပ်ခါး၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ရွှေဘိုမြို့မှာ ရွှေဘိုပေါ်ဆန်းနဲ့ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၀ ရက်က စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာမှာ စိန်တစ်လုံးသရက်သီး ခေါင်းစဉ်များဖြင့် ကျင်းပပြုလုပ်ခဲ့ရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ပညာရှင်များက လာရောက်ဆွေးနွေးပေးခဲ့ပါတယ်။

ဂျင်စင်းက နိုင်ငံတကာဈေးကွက်တွင် နာမည်ကျော်ကြားလာသောကြောင့် ပိုင်ဆိုင်မှုအငြင်းပွားမှု များရှိလာသကဲ့သို့ သနပ်ခါးကို နိုင်ငံတကာမှ စိတ်ဝင်စားလာတာနဲ့အမျှ သနပ်ခါးအမည်ခံ အလှကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်တွင်တွေ့ရှိနေပြီဖြစ်ရာ သနပ်ခါးကို အခြားနိုင်ငံက မူပိုင်ခွင့် ဆောင်ရွက်လျှင် မြန်မာနိုင်ငံအတွက်နစ်နာမှုများရှိလာမည်ဖြစ်ပါတယ်။ ကမ္ဘာ့အကောင်းဆုံးဆန်ဆုရရှိထားတဲ့ ပေါ်ဆန်းမွှေးဆန်ကိုလည်း Brand ကို ကျော်ကြားအောင် ဈေးကွက်ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ရမှာဖြစ်သလို စိန်တစ်လုံးသရက်သီးဆိုလျှင် မြန်မာမှ ဟူ၍ နိုင်ငံတကာဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် မူပိုင်ခွင့်ဆောင်ရွက်ရမယ်ဆိုတာနဲ့ မူပိုင်ခွင့်အကြောင်းအရာများကို ဆွေးနွေးပွဲများကနေ အသိပညာ ရရှိစေခဲ့ပါတယ်။

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် IP ကဏ္ဍတွင် စက်မှုပစ္စည်းမူပိုင်ခွင့်နှင့် စာပေနှင့်အနုပညာ လက်ရာများမူပိုင်ခွင့်ဟုရှိကာ စက်မှုပစ္စည်းမူပိုင်ခွင့်တွင် တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်နှင့် ပထဝီဆိုင်ရာအညွှန်း တို့ပါဝင်ပါတယ်။ ယင်းတို့အနက် ပထဝီဆိုင်ရာအညွှန်း GI က တီထွင်၍မရဘဲ တရားဝင် သတ်မှတ်သိရှိပြီးဖြစ်သော မူရင်းဒေသတွင် ထင်ပေါ်ကျော်ကြားမှု၊ ရိုးရာဓလေ့ဆိုင်ရာ အလေ့အကျင့်များ၊ ထုတ်ကုန်၏ သက်ဆိုင်ရာ အရည်အသွေး၊ သမိုင်းကြောင်းရှိသည့် ထူးခြားသောအချက်အလက်များနှင့် ဆက်နွှယ်နေသည့် နယ်မြေ၊ ဒေသန္တရ တွင်အစပြုကြောင်း ညွှန်ပြချက်တစ်ခုဖြစ်ပါတယ်။

GI သည်တစ်ဦးတည်းပိုင်မဟုတ်ဘဲ အစုအဖွဲ့၊ အသင်းအဖွဲ့ပိုင်ဖြစ်ကြောင်းသိရပါတယ်။ ပထဝီဆိုင်ရာ အညွှန်းမှတ်ပုံတင်ခြင်းကို သတ်မှတ်ချက်များနှင့်အညီမှတ်ပုံတင်ရမည်ဖြစ်ကာ သက်ဆိုင်ရာ ကုန်ပစ္စည်းကို ထုတ်လုပ်သောဒေသအတွင်းရှိပုဂ္ဂိုလ်များ၊ ထုတ်လုပ်သူများ၊ သက်ဆိုင်ရာကုန်ပစ္စည်း ထုတ်လုပ်သူများ၏ အကျိုးစီးပွားကို ကိုယ်စားပြုသည့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ နိုင်ငံတော်အတွင်းရှိ အခွင့်ရ အာဏာပိုင် အဖွဲ့အစည်းများကနေ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

ပထဝီဆိုင်ရာ အညွှန်းဆောင်ရွက်ခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်ရာဒေသနှင့် ဈေးကွက်တွင်ထိန်းချုပ်နိုင်ခြင်းဖြင့် အာမခံချက်ကို အပြည့်အဝယုံကြည်မှုပေးနိုင်စေခြင်း အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ကာ ထုတ်လုပ်သူများ၏ အကျိုးကျေးဇူးများကတော့-

- -သတ်မှတ်ထားသောပထဝီဆိုင်ရာ အညွှန်းဒေသအတွင်း ထုတ်လုပ်ခြင်းဖြင့် သီးခြားထုတ်ကုန်များ သီးသန့်အမည်သတ်မှတ်နိုင်ခြင်း၊
- -ထုတ်လုပ်သူများ၏ လုပ်ပိုင်ခွင့်ဖြင့်စီမံခန့်ခွဲ၍ ကာကွယ်နိုင်ခြင်း၊
- -ကုန်အမှတ်တံဆိပ်ကဲ့သို့ တစ်ဦးတည်းပိုင်မဟုတ်၊ သတ်မှတ်ကုန်ပစ္စည်းထုတ်လုပ်သူအားလုံးမှ အသုံးပြုနိုင်ခြင်း၊
- -ထွက်ရှိရာဒေသအလိုက်အရည်အသွေးမြင့်ကုန်ပစ္စည်းများကိုရွေးချယ်အသုံးပြုနိုင်ခြင်း၊
- -အရည်အသွေးတသမတ်တည်းရှိခြင်းကြောင့် ဈေးကွက်တွင် ကောင်းမွန်သော ဈေးနှုန်းရရှိနိုင်ခြင်းတို့ ဖြစ်ပါတယ်။

မူပိုင်ခွင့်နဲ့ပတ်သက်ပြီး ဆောင်ရွက်ခဲ့ကြသည်မှာ ကုန်အမှတ်တံဆိပ်ကို မြန်မာနိုင်ငံ စာချုပ်စာတမ်း မှတ်ပုံတင်အက်ဥပဒေအရ အမှတ်တံဆိပ်တစ်ခုအနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှာ မှတ်ပုံတင်ခြင်း၊ သတင်းစာမှာထည့်သွင်း ကြော်ငြာခြင်းများဖြင့် အကာအကွယ် ယူခဲ့ကြပါတယ်။ ရှေ့ဆက်လက်ပြီး မှတ်ပုံတင်နိုင်အောင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံရှိဒေသထွက်ကုန်များ ကာကွယ်ပေးခြင်းနှင့် စပ်လျဉ်းသည့် သင်တန်းကို ၂၀၁၅ခုနှစ် အောက်တိုဘာလ ၁၉ ရက်နှင့် ၂၀ ရက်များတွင်လည်းကောင်း၊ ပြင်သစ်နိုင်ငံ အစိုးရနှင့် ပူးပေါင်းလျက် မြန်မာနိုင်ငံရှိပထဝီဆိုင်ရာအညွှန်း GI နဲ့ စပ်လျဉ်းသည့် ထုတ်ကုန်များ စစ်တမ်းကောက်ယူမည့် Project စတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃ရက်နှင့် ၄ရက်နေ့များတွင်လည်းကောင်း၊ နေပြည်တော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးမှ အရာတော်သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနဲ့ ရွှေဘိုပေါ်ဆန်းစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ဥက္ကဌနှင့်တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါတယ်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှာ ပထဝီဆိုင်ရာအညွှန်းထုတ်ကုန်များဖြစ်ရမည့် စံသတ်မှတ်ချက်များနှင့် အညီ လုပ်ငန်းများကို ပဏာမရွေးချယ်ခဲ့ကြကာ ကွင်းဆင်းစစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါတယ်။GI ဖြစ်ရန်ပဏာမ ရွေးချယ်ထားတဲ့ ပစ္စည်းများကတော့ အရာတော်သနပ်ခါး၊ ရွှေဘိုပေါ်ဆန်း၊ စိန်တစ်လုံးသရက်သီး၊ ရှာငံကော်ဖီ၊ လက်ဖက်အစို၊ ပုဂံယွန်းထည်၊ ပုသိမ်ထီးနဲ့ အင်းလေးကြာချည် တို့ဖြစ်ကြောင်းသိရပါတယ်။

လုပ်ငန်းတူ၊ အုပ်စုတူ၊ ထုတ်ကုန်တူသူများကို စုစည်းစေပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီး၍ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက အတည်ပြုသော အစုအဖွဲ့၊ အသင်းအဖွဲ့များကို မြို့နယ်အသီးသီးတွင် ဖွဲ့စည်းပေးထားခြင်းဖြင့် အသင်းအဖွဲ့ပုံစံဆောင်ရွက်မှုများ တိုးတက်စေပြီး ယခုလိုစစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ မူပိုင်ခွင့်လုပ်ငန်းစဉ်တွင် ပါဝင်အောင် ဆောင်ရွက်နိုင်ခြင်း အားဖြင့် အသင်းအဖွဲ့အလိုက် ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးအကြောင်းသိရှိကာ အသင်းအဖွဲ့များ သက်ဆိုင်ရာဌာနများ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြခြင်းဖြင့် အောင်မြင်မှု အသီးအပွင့်ကို ခံစားရရှိနိုင်မှာ ဖြစ်ပါတယ်။

**ရီလင်းထွန်း - မုံရွာ**

## မုံရွာနယ်က ပုဂ္ဂလိက ရက်ကန်းလောကဖွံ့ဖြိုးတိုးတက်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရက်ကန်းလုပ်ငန်းဖွံ့ဖြိုးရာ မုံရွာမြို့နယ်မှာ ကာလအတန်ကြာရပ်တန့် နေခဲ့ရာမှ အိုက်ဇောလုံချည်နဲ့ ရက်ကန်းလုပ်ငန်း ပြန်လည်နိုးထလာခဲ့ပါတယ်။ ကျေးလက်သူတချို့ရဲ့ မိမိတို့ဘဝ ရပ်တည်ဖို့ နည်းပညာကို အိန္ဒိယနယ်စပ်အထိ သွားရောက်လုပ်ကိုင်သင်ယူနိုင်ခဲ့ကြလို့ ယခုလို ရက်ကန်းစင်တွေရဲ့ လက်ခတ်သံတွေကို ကြားနေရတာဖြစ်ပါတယ်။

ယခုအခါ ဒေသအတွင်းမှာပဲ အချင်းချင်း နည်းပညာဖလှယ်ပြီး ဈေးကွက်ကတောင်းဆိုတဲ့ ဒီဇိုင်းမျိုးစုံကို အချိန်မရွေး ပုံဖော်ရက်လုပ်နိုင်ကြတဲ့အတွက် အခုချိန်ထိ အိုက်ဇောလုံချည်ရဲ့ ဈေးကွက်ရပ်တည်မှုဟာ ခိုင်မာနေဆဲ ဖြစ်တာ တွေ့ရပါတယ်။

ဒါကြောင့်လည်း ကျေးလက်ဒေသတိုင်းမှာ ရက်ကန်းလုပ်ငန်းပြန့်ပွားလုပ်ကိုင် နေကြသလို အရင်းအနှီး အနည်းငယ်နဲ့ ကိုယ်ပိုင် “ စင်ထောင် ” ရက်လုပ်နိုင်ကြတဲ့ အတွက် လုပ်ငန်းရှင်တွေအတွက် လုပ်သားအခက်အခဲဖြစ်ပေါ်စေတာ တွေ့ရပါတယ်။ ရက်ကန်းတစ်စင် အသင့်ရက်လုပ်ဖို့ ချည်ချသူ၊ ရက်ကန်းရှည်သူ၊ ရသွားသွင်းသူ၊ ရက်ဖောက်ရောက်သူနဲ့ ရက်ကန်းခတ်သူ အဆင့်ဆင့် လူလိုအပ်ပါ တယ်။

အဲဒီကဏ္ဍတွေထဲက အရေးပါတဲ့ ချည်ချလုပ်ငန်းကို လုပ်သားရှားမှုအတွက် အရင်ကလက်နဲ့ချတဲ့အစား စက်နဲ့လုပ်ကိုင်လျက်ရှိတာ မုံရွာမြို့နယ်ရဲ့ ကျောက်စင်ပုံ (မြောက်) ကျေးရွာမှာ တွေ့ခဲ့ရပါတယ်။ စက်ခုံတစ်ခုမှာချည်လုံး (ယောက်လုံး) အလုံး ၂၀တစ်ပြိုင်တည်း တပ်ဆင်လည်ပတ်နိုင်ပြီး၊ လူနှစ်ဦးလုပ်မယ်ဆိုရင် နှစ်လက်ချ၊ ယောက်လုံး ၃၀ လည်ပတ်နိုင်တယ်လို့ ဆိုပါတယ်။ ၁၅ လိပ်ပါတဲ့ ချည်တစ်ထုပ်ကို ချည်ချခ ၁၅၀၀ ကျပ်ရပြီး တစ်ရက် နှစ်ဦး လုပ်မယ်ဆိုရင် ချည်ထုပ် ၄ ထုပ်ပြီးလို့ဝင်ငွေ ၆၀၀၀ ကျပ်ရပါတယ်။

ကျောက်စစ်ပုံ (မြောက်ရွာ) ဟာ လျှပ်စစ် မီးရတဲ့အတွက် ချည်ချစက်လည်ပတ်ဖို့ တစ်ကောင်အား မော်တာတစ်လုံးသာလိုအပ်ပြီး၊ မီတာခအနေနဲ့ တစ်လမှ ၈၀၀၀ ကျပ်ခန့် သာကုန်ကျလို့ အိမ်နေရင်း အပိုဝင်ငွေရတယ်လို့ ပိုင်ရှင်ဒေါ်ဝင်းအေးက ဆိုပါတယ်။ မိမိကျေးရွာမှာတင် ရက်ကန်းစင် ၄၀၀ ခန့်ရှိပြီး၊ အနီးအနားရွာတွေမှာ ရက်ကန်းစင်များစွာရှိလို့ နေ့စဉ်လုပ်ငန်းလည်ပတ်နေရတယ်လို့ ဆိုပါတယ်။ ကျေးလက်တွေမှာ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာသလို ရှားပါးလာတဲ့ လုပ်သားအခက်အခဲကို ဖြေရှင်းနိုင်ဖို့ အခုလို အသေးစားချည်ချခုံများကို ဈေးနှုန်းချိုသာစွာနဲ့ ရက်ကန်းလုပ်ငန်းရှင်တွေကို ဖြန့်ချီပေးနိုင်ရင် ကောင်းတယ်လို့ဒေသခံရက်ကန်းလုပ်ငန်းရှင်တွေက ဆိုပါတယ်။

**ထွန်းလှိုင် - မုံရွာ**

■

## ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၅/ ၂၀၁၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူတိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ၅/ ၂၀၁၅ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ လ ၁၁ ရက်နေ့ နံနက် ၁၀နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၃)တွင် ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့် အဖွဲ့ဝင်များ၊ စာသုံးသူ တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် များ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ စုစုပေါင်း ၂၄ ဦး တက်ရောက်ကြပါသည်။

စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနိုင်ရန်အတွက် စားသုံးသူများ၏ တိုင်ကြားမှုများကိုလည်း လျင်မြန်စွာဆောင်ရွက်ပေး ရန်နှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ဝိုင်းဝန်းညှိနှိုင်း လုပ်ဆောင်ကြရန် ပြောကြားခဲ့ပြီး၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်ချိုက ယခင်ကျင်းပပြီးခဲ့သည့် ၄/ ၂၀၁၅ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် အခြေအနေများနှင့် ယခုကျင်းပမည့် ၅/ ၂၀၁၅ ကြိမ်မြောက် အစည်းအဝေးတွင် စားသုံးသူ တိုင်ကြားမှုပုံစံနှစ်မျိုးဖြစ်သည့် စာဖြင့် တိုင်ကြား နိုင်သည့်ပုံစံ၊ နှုတ်ဖြင့်တိုင်ကြားနိုင်သည့်ပုံစံတွင် ပါရှိရမည့်အချက်အလက်များကိုလည်းကောင်း၊ တိုင်ကြားလာသည့်တိုင်ကြားမှုများကိုလည်း စားသုံးသူအခွင့်အရေးအရ ပုဂ္ဂလိကတစ်ဦးချင်း၏ နစ်နာမှုများကို ဖြေရှင်းပေးမည်မဟုတ်ဘဲ စားသုံးသူပြည်သူများ၏ နစ်နာဆုံးရှုံးမှုကိုသာ ဖြေရှင်းဆောင်ရွက်ပေးမည့် အခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသူများက မိမိတို့ ကဏ္ဍအလိုက် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်သည့် ကိစ္စများ၊ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့်ပတ်သက်၍ ဆွေးနွေး တင်ပြကြရာ စာသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့မှ တာဝန်ရှိသူ များက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်သီ(စားသုံးသူ)ရန်ကုန်**

## မြေပဲဆီအမည်ခံ စားအုန်းဆီနဲ့ဆီအရော ကုန်အမှတ်တံဆိပ် ၁၇ ခုစာရင်း ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော စားအုန်းဆီအမှတ်တံဆိပ် ၁၈ ခုသည် မြေပဲဆီဟု ဖော်ပြထားပြီး မြေပဲဆီအစစ်မဟုတ်ဘဲ စားအုန်းဆီနဲ့ အခြားစားသုံးဆီ အရောများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အမှတ်တံဆိပ်တွင် ဖော်ပြချက်နဲ့ ကိုက်ညီမှုမရှိတဲ့ စံမညီစားသုံးဆီများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အသိပေးကြေညာထားပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

စံမညီစားသုံးဆီများ ထုတ်လုပ်တဲ့ မြေပဲဆီထုတ်လုပ်တဲ့လုပ်ငန်းများအနေနဲ့ ဈေးကွက်အတွင်းမှ အမြန်ဆုံး ပြန်လည်ရုပ်သိမ်းသွားရန်နဲ့ ဆက်လက်ထုတ်လုပ်ရောင်းချကြောင်းစိစစ်တွေ့ရှိရပါက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈ (၁) အရ အရေးယူသွားမယ်လို့လည်း သတိပေးထားပါတယ်။

အမှတ်တံဆိပ်နဲ့ အစားအသောက်အမျိုးအစားများမှာ တော်ဝင်နဒီ (Penut Oil)၊ Lucky , SS၊ ရွှေမိုး၊ စံထိပ်တန်း၊ ရွှေစင် (မြေပဲဆီ)၊ စိန်သရဖူ၊ Family ၊ ညွန့်ငွေး ၊ စိန်တောင်တန်း၊ အိုကေစီ/OKC (မြေပဲဆီသန့်)၊ ရွှေကမ္ဘာ (အဆင့်မြင့်ပဲဆီသန့်)၊ ရွှေတောင်၊ ကောင်းကြိုက်၊ အင်း၀၊ အေးမြတ်မွန် (ပဲဆီသန့်)၊ ကောင်းထက်ကျော် (ပဲဆီ)၊ Quality (100% Pure Groundnut Oil) တို့ဖြစ်ကြပြီး အများဆုံးမှာ ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီးတို့ရှိ မြေပဲဆီထုတ်လုပ်သည့်လုပ်ငန်းများ ဖြစ်ကြပါတယ်။

လုပ်သားပြည်သူများ နေ့စဉ် မရှိမဖြစ် စားသုံးနေရတဲ့ စားသုံးဆီများ သတ်မှတ်စံနှုန်းများနဲ့ ညီညွတ်စေရန်အတွက် ဈေးကွက်များအတွင်းရှိ စားသုံးဆီများကို ဆက်လက်စစ်ဆေး ဖော်ထုတ်ကြပ်မတ် ဆောင်ရွက်သွားမယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက အသိပေးထားပါတယ်။

**မယ်စားသုံး**

**ဝမ်းနည်း ကြေကွဲခြင်း**

ကောမတ်စ်ဂျာနယ်၏
အယ်ဒီတာချုပ်
ဦးဉာဏ်တင် ၏ သားဖြစ်သူ
မောင်သီဟစိုး
အသက်(၂၄)နှစ်သည်
၂၀၁၅ ခုနှစ်
ဒီဇင်ဘာ ၁၉ ရက်နေ့တွင်
ကွယ်လွန်သွားကြောင်း
သိရသည့်အတွက်
ကျန်ရစ်သူမိသားစုနှင့်
ထပ်တူ ဝမ်းနည်းကြေကွဲ
ရပါကြောင်း။

ကောမတ်စ်ဂျာနယ်
မိသားစု

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ သကြားစက်ရုံ (ကန့်ဘလူ) ကြံရာသီစက်ဖွင့်ပွဲအခမ်းအနားကျင်းပ



မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းရဲ့ သကြားစက်ရုံ (ကန့်ဘလူ) ၂၀၁၅-၂၀၁၆ ကြံရာသီစက်ဖွင့်ပွဲ အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ဇီးကုန်း (တောင်)ကျေးရွာ သကြားစက်ရုံရဲ့ ကွင်းပြင်မှာ ဒီဇင်ဘာလ ၁၆ ရက်နေ့ နံနက် ၉း၃၀ နာရီအချိန်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဝန်ကြီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ စစ်ဗျူဟာမှူးနဲ့ အရာထမ်းများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနဲ့အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ ကန့်ဘလူ၊ ခင်ဦး၊ တန့်ဆည်မြို့နယ်များမှ ဒေသခံကြံစိုက်တောင်သူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနဲ့ သကြားစက်ရုံမှူးကြီးနဲ့တကွ စက်ရုံဝန်ထမ်းများ တက်ရောက်ခဲ့ကြပါတယ်။

ကြံရာသီစက်ဖွင့်ပွဲ အခမ်းအနားကို စက်ရုံမှူးကြီး ဦးခင်မောင်သန်းမှ အဖွင့်အမှာစကားပြောကြားခဲ့ရာ ယခုနှစ်ကန့်ဘလူသကြားစက်မှ ဝယ်ယူမယ့် လျာထားတန်ချိန်မှာ ကြံအနေအထားအရ ၁၂၀၀၀၀ မှ ၁၅၀၀၀၀ ထိလျာထားပါကြောင်း၊ ယခင်နှစ်က ကြံတန်ချိန် ၁၆၀၀၀၀ ထိဝယ်ယူရရှိခဲ့ကြောင်း၊ သကြားစက်ရုံမှ ပုံမှန်ကြိတ်ဝါးနိုင်မှုမှာ တစ်ရက်လျှင် တန်ချိန် ၂၀၀၀ မှ ၂၅၀၀ ထိဖြစ်ပါကြောင်း၊ ကြံတန်ချိန် ၁၀၀ ကို ကြိတ်ဝါးပါက သကြားတန်ချိန် ၉ တန်ထွက်ရှိပါကြောင်း၊ သကြားစက်မှ တစ်ရက်လျှင် သကြားတန်ချိန် ၂၁၆ မှ ၂၂၅ ထိ ကြိတ်ခွဲထုတ်လုပ်နိုင်ပါကြောင်း၊ ကြံဝယ်ယူမယ့် ဈေးနှုန်းကတော့ တစ်တန် ၃၀၀၀၀ ကျပ်ဖြစ်ပါကြောင်း၊ ကြံတန်ချိန် ပိုမိုရရှိရေးအတွက် မြို့နယ်များမှ စက်မှုသီးနှံဦးစီးဌာနရဲ့ ဦးစီးမှူးများနဲ့လည်း ချိတ်ဆက်ပြီး တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း ပြောကြားသွားပါတယ်။

ဆက်လက်ပြီး သကြားစက်ရုံရဲ့ ရည်မှန်းချက်တာဝန်များဖြစ်တဲ့ -

(၁) စက်ရုံဟာ အရည်အသွေးအကောင်းဆုံး သန့်စင်သကြားထုတ်လုပ်နိုင်တဲ့ ကြီးမားတဲ့ စက်ရုံ ဖြစ်တာနဲ့အညီ တပ်မတော်နဲ့နိုင်ငံတော်အတွက် လိုအပ်သော သကြားများကို အရည်အသွေး ကောင်းမွန်ပြီး၊ ထုတ်လုပ်မှု ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ရေး၊

(၂) အထွက်နှုန်းကောင်းပြီး၊ ရာသီဥတုဒဏ်ခံနိုင်သည့် ကြံမျိုးကောင်းမျိုးသန့်များရရှိရေး၊

(၃) ကြံစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊

(၄) တစ်ယူနစ်ထုတ်လုပ်မှုကုန်ကျစရိတ် (Unit Cost) အနည်းဆုံးနဲ့ ထုတ်လုပ်နိုင်ရေး၊

(၅) သကြားထုတ်လုပ်မှုနှုန်း (Recovery) ၁၀ ရာခိုင်နှုန်းရရှိရန် ရည်မှန်းချက်ထားဆောင်ရွက်ရေး၊

(၆) နှစ်စဉ်အသားတင်အမြတ်ရရှိရေး၊

(၇) သကြားထုတ်လုပ်ခြင်းဖြင့် စက်ရုံအကျိုးအမြတ်ရရှိရေးနဲ့ကြံတောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေး

ဆိုတဲ့ ရည်မှန်းချက် ခုနစ်ချက်ကိုပါ ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။

**စောမောင်-ကန့်ဘလူ**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၁-၁၂-၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) တွေ စတင်ဝင်ရောက်လာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် လက်ကျန် ပဲ ဟောင်းဖြစ်တဲ့ မတ်ပဲနှင့် ပဲစင်းငုံနီက ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပြီး အရောင်းရော အဝယ်ပါအေးနေကြောင်း သိရပါတယ်။ ဒီရက်ပိုင်းမှာ ပဲစင်းငုံနီ(သစ်) စတင်ဝင်ရောက်လာပြီး တစ်တန်ကို ၁၅၆၀၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့သလို ပြည်ပဝယ်လက်ကလည်း အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိတာကြောင့် ယခင်နှစ်ဖြင့် နှိုင်းယှဉ်ပါက ဈေးကောင်းပိုမိုရရှိလာကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်း၊ ပဲပုပ်နှင့် ထောပတ်ပဲသာ ပုံမှန်အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်လက်ကျန်ပဲဟောင်းများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံနီနှင့် ကုလားပဲမျိုးစုံတို့ အရောင်းအဝယ်ပါးနေပြီး ပဲတီစိမ်း၊ ပဲပုပ်နှင့်၊ ထောပတ်ပဲသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကိုတော့ တရုတ်ဝယ်လက်က တစ်ပိဿာ ၂၀၄၄ ကျပ် (တစ်တန်ကို ၁၂၅၁၇၂၀ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၅၀၀ ခန့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲပုပ်(ဗမာ)နှင့် ပဲပုပ်(ရှမ်း)စကို တရုတ်ဘက်က ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် ပဲပုပ်(ဗမာ) တစ်ပိဿာ ၉၂၀ ကျပ် (တစ်တန်ကို ၅၆၃၃၉၈ ကျပ်) ပဲပုပ် (ရှမ်း) တစ်ပိဿာ ၁၀၇၀ ကျပ် (တစ်တန်ကို ၆၅၅၂၅၇ ကျပ်) ဈေး ဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၂၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်တွေက ဝယ်လိုအား ပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်း အဝယ်အနေဖြင့် တစ်ပိဿာ ၁၈၀၀ ကျပ် (တစ်တန်ကို ၁၁၀၂၃၀၂ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲပစ္စည်းလက်ကျန်ပြတ်

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲလက်ကျန်ပြတ်သလောက်ဖြစ်နေပြီး ပဲအရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ ဒေသတွင်းပြောင်းသီးနှံကတော့ တစ်ပိဿာ ၄၀၀ ကျပ်ဝန်းကျင်ဖြင့် ရန်ကုန်အဝယ်အနည်းငယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းနှင့် ကုလားပဲဖြူလုံး ကြီး အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကို မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး တစ်ပိဿာကို ၁၈၉၅ ကျပ်(တစ်တန်ကို ၁၁၆၀၄၇၉ ကျပ်)ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကတော့ ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ပဲခွဲစက်တွေက တစ်ပိဿာ ၁၈၄၀ ကျပ် (တစ်တန်ကို ၁၁၂၆၇၉၇ ကျပ်)ဈေးဖြင့်နေ့စဉ်အိတ်၁၅၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းပုံမှန်အဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကို မန္တလေးဝယ်လက်က ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၂၅ ကျပ် (တစ်တန်ကို ၁၁၁၇၆၁၁ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၁၅၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## အောင်လံဈေးကွက်မှာ ကုလားပဲ၊ ပဲစင်းငုံနီနှင့် ပဲတီစိမ်း ပုံမှန်အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်တွေက တစ်ပိဿာကို ၁၈၅၀ ကျပ် (တစ်တန်ကို ၁၁၃၂၉၂၀ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့် ပုံမှန်အဝယ်ရှိပေမယ့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)တွေ စတင်ဝင်ရောက်နေပြီး တစ်ပိဿာကို ၂၆၀၀ ကျပ် (တစ်တန်ကို ၁၅၉၂၂၁၄ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကိုတော့ မန္တလေးဝယ်လက်က တစ်ပိဿာကို ၁၉၇၅ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲစင်းငုံ(သစ်)တွေ ဆက်တိုက်ဝင်ရောက်လာ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံ(သစ်)တွေ ဈေးကွက်ထဲ ဆက်လက်ဝင်ရောက်နေသလို ပြည်ပအတွက် အဓိက ဝယ်



ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၅၅၀ ကျပ် (တစ်တန်ကို ၁၅၆၁၅၉၄ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကိုတော့ မန္တလေးဝယ်လက်က တစ်ပိဿာကို ၂၀၁၀ ကျပ် (တစ်တန်ကို ၁၂၃၀၉၀၃ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းအဝင်လှိုင် တရုတ်အဆွဲ ပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ ပြောင်းအဝင်လှိုင်လာသလို တရုတ်ဝယ်လက်ကလည်း ဝယ်လိုအားပုံမှန်ရှိပေမယ့် အဝင်လှိုင်တာကြောင့် ဈေးကောင်းမရဖြစ်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၁၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၃သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းကို တရုတ်ဝယ်လိုအား ပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းဝင်ရောက်မှုက တစ်ပတ်အတွင်းတန်ချိန် ၃၆၇၀၀ ခန့် ဝင်ရောက်ခဲ့သလို တရုတ်ဘက်ကလည်း ဝယ်လိုအား ပုံမှန်ရှိပေမယ့် ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၇၈ ယွမ်မှ အမြင့်ဆုံး ၈၀ ယွမ်အကြား ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××



## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေး ဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များ ပုံမှန်အဝယ်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို ရန်ကုန်-မန္တလေးဝယ်လက်က တစ်ပိဿာကို ၃၉၀ ကျပ်ဈေးဖြင့် ပုံမှန်အဝယ်ရှိသလို အစာစပ်သမားများကတော့ အရည်အသွေးပိုကောင်းတဲ့ ပြောင်းသီးနှံကို တစ်ပိဿာ ၄၃၅ ကျပ်ဈေးဖြင့် ဈေးပေးအဝယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## ပြည်ဈေးကွက်မှာ ပဲတီစိမ်းကြီး ဈေးကွက်သို့ ဝင်ရောက်မှုနည်း

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးဈေးကွက်သို့ ဝင်ရောက်မှုနည်းပေမယ့် တရုတ်အတွက်အဓိက ဝယ်ယူနေတဲ့ မန္တလေးဝယ်လက်ကတော့ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကတော့ ကုန်သည်ဝယ်လက်မှာ ပစ္စည်းလက်ကျန်နည်းနေသလို မျိုးအတွက်ဝယ်ယူသူများလည်း ဝယ်လိုအားနည်းသွားကြောင်း သိရပါတယ်။




# Ford ၏ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာမြှင့်တင်မှု အစီအစဉ် Driving Skills for Life အား မန္တလေးမြို့တွင် ကျင်းပ

Ford ကားကုမ္ပဏီသည် မော်တော်ယာဉ်မောင်းသူအများအပြားကို အသိပညာပေးနိုင်ရန်၊ မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်မောင်းများ ဘေးအန္တရာယ်ကင်းရှင်းရေးအသိပညာများကို မြှင့်တင်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် နေ့တစ်ဝက်ကြာမြင့်သည့် Driving Skills for Life (DSFL) အသိပညာပေးအစီအစဉ်များကို မန္တလေးမြို့တွင် ပထမဆုံးအကြိမ်အဖြစ် ဒီဇင်ဘာ ၃ ရက်မှ ၅ ရက်အထိ ခြောက်ကြိမ်အခမဲ့ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ရဲ့ Driving Skills for Life အစီအစဉ်က မော်တော်ယာဉ်မောင်းနှင်သူတွေ ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်အောင် လိုအပ်တဲ့ ကိရိယာတွေနဲ့ လေ့ကျင့်သင်ကြားပေးဖို့ ရည်ရွယ်လုပ်ဆောင်ထားတာပါ။ ယာဉ်အန္တရာယ်ကင်းရှင်းရေးဟာ တကယ့်ကို အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်တဲ့အပြင် ဒီအသိကို မြန်မာနိုင်ငံက ယာဉ်မောင်းနှင်သူတွေကြားမှာ ပိုမိုမြင့်မားလာအောင် လုပ်ဆောင်ဖို့ ကျွန်တော်တို့မှာလည်း တာဝန်ရှိတယ်လို့ ခံယူမိပါတယ်။ အထူးသဖြင့် ငယ်ရွယ်ပြီးအတွေ့အကြုံနည်းတဲ့ ယာဉ်မောင်းနှင်သူတွေအတွက် ဖြစ်ပါတယ်”ဟု Ford ကားကုမ္ပဏီ၏အာရှပစိဖိတ်ဈေးကွက်ဌာန၊ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ David Westerman က ပြောကြားသည်။

အဆိုပါ Driving Skills for Life အစီအစဉ်ကို အစိုးရဝန်ထမ်းများ၊ သတင်းမီဒီယာမှတာဝန်ရှိသူများ၊ Ford ကားများကိုဝယ်ယူထားသူများ၊ အရေးပေါ်ကယ်ဆယ်ရေးဝန်ဆောင်မှု ယာဉ်မောင်းများနှင့် အများပြည်သူအပါအဝင် လူဦးရေ ၁၀၀ ကျော်ခန့်ကို အခမဲ့မျှဝေသင်ကြားပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ဒုတိယအကြီးဆုံးမြို့ဖြစ်သည် မန္တလေးမြို့တွင်ကျင်းပသည့် ယခုအစီအစဉ်ကို ယခုနှစ်အစောပိုင်းက ရန်ကုန်မြို့တွင်လည်း ပြုလုပ်ခဲ့ပြီး လူဦးရေ ၁၅၀ ကျော်တက်ကြွစွာပါဝင်ခဲ့ကာ အောင်မြင်မှုရရှိခဲ့သည်။

Ford အနေနှင့် ၎င်း၏မော်တော်ယာဉ်အမျိုးအစား ၁၂ မျိုးကိုပြသ ရောင်းချသွားမည့် အရောင်းပြခန်းနှင့် ဝယ်ယူသူများအတွက် ဝယ်ယူပြီးနောက်ပိုင်းထပ်မံလိုအပ်မည့် ဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် ဝန်ဆောင်မှုစင်တာတစ်ခုကိုလည်း မန္တလေးမြို့တွင် ပထမဆုံးအကြိမ်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ်အစီအစဉ်၏ အဓိက အကြောင်းအရာများတွင် အရက်သောက်၍ မော်တော်ယာဉ် မောင်းနှင် ခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များ အကြောင်းကိုလည်း ယခုနှစ် မန္တလေးအစီအစဉ်တွင် ထပ်မံထည့်သွင်းထားပြီး ပါဝင် သူများစမ်းသပ်မောင်းနှင်ရာတွင် ဟန်ပျက်သွားခြင်းနှင့် သတိလက်လွတ်ဖြစ်သွားချိန်များတွင် အထောက်အကူဖြစ်စေမည့် အထူးပြုလုပ်ထားသော အကာအကွယ်ဝတ်စုံများကိုလည်းထားရှိကာ ဝတ်ဆင်စေခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံ၏လမ်းများတွင် တစ်နေ့လျှင် ပျမ်းမျှလူ ၁၁ ဦးခန့်ယာဉ်အန္တရာယ်ကြောင့် အသက်ဆုံးရှုံးနေရပြီး မြို့ပေါ်လမ်းများတွင် အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ ယာဉ်ကျော်တက်မောင်းနှင်ခြင်း၊ မူးယစ်သောက်စား၍ မောင်းနှင်ခြင်းနှင့် ကျွမ်းကျင်မှုမရှိဘဲမောင်းနှင်ခြင်းများကြောင့် ဖြစ်ပွားရခြင်းမှာ အများဆုံးဖြစ်သည်။

မြန်မာနိုင်ငံတွင် Driving Skills for Life (DSFL) အစီအစဉ်ကို Ford ၏ ပြည်တွင်းမိတ်ဖက်ကုမ္ပဏီဖြစ်သည့် Capital Automotive Ltd နှင့် RMA Group တို့ပူးပေါင်း စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

**မယ်သီတာ**

# ကူးစက်ရောဂါများကို ထိန်းချုပ်နိုင်ရန် အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ဟု ဆို

အရှေ့တောင်အာရှ ဒေသတွင်း နိုင်ငံများအနေဖြင့် ဒေသတွင်း၌ ဖြစ်ပေါ်လာမည့် ကူးစက်ရောဂါများကို တခြားသော နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ဒဲဟောင်မြို့တွင် ပြုလုပ်သည့် ဖိုရမ်တစ်ခု၌ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းလှိုင်က ပြောကြားလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်၊အိန္ဒိယ၊တရုတ်နှင့် မြန်မာနိုင်ငံတို့ ပူးတွဲကျင်းပသည့် BICM လေးနိုင်ငံ၏ ကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ဒဲဟောင်မြို့တွင် ဒီဇင်ဘာလ ၁၂ ရက်က ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါဖိုရမ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကူးစက်ရောဂါများအတွက် ဒေသတွင်း နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရုံသာမက တခြားသောဒေသတွင်း နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။

BICM လေးနိုင်ငံအနေဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေး ကိစ္စရပ်များကို တစ်နေ့တခြား ပိုမိုတိုးတက်အောင်လုပ်ဆောင်ရာတွင် ဒေသတွင်း နိုင်ငံများနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကူးစက်ရောဂါများ ပျံ့ပွားခြင်း မရှိစေရန် အထူးဂရုစိုက်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းလှိုင်က ပြောကြားခဲ့သည်။

နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိရစ္ဆာန်များကြောင့် ဖြစ်ပွားရသည့် ကူးစက်ရောဂါများကို ထိန်းချုပ်ရန်မှာ အလွန်ပင်ခက်ခဲသည့် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားကျန်းမာရေးနှင့် မိသားစုစီမံကိန်းကော်မရှင်မှ သုတေသီတစ်ဦးဖြစ်သူ ဝမ်လီပင်းက ပြောကြားခဲ့သည်။

“ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေးနဲ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနတွေ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ အထူးသဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးကို လုပ်ဆောင်တဲ့နေရာမှာပိုမိုပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်”ဟု ဝမ်လီပင်းက ထပ်မံပြောကြားခဲ့သည်။

“အထူးသဖြင့် ကူးစက်ရောဂါတွေ ဖြစ်ပေါ်လာပြီဆိုရင် တစ်နိုင်ငံကနေ တစ်နိုင်ငံကို ကူးစက်မှုဖြစ်မလာဖို့ အားလုံးပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်” ဟု အိန္ဒိယနိုင်ငံ Observer Research Foundation ၏ ပါမောက္ခရာခါဟာရီချတ်တာဂျီက ပြောကြားခဲ့သည်။ **မယ်သီတာ**




# ကျန်းမာရေးနှင့်ညီညွတ်သော ဗီတာမင်စီ အချိုရည်အဖြစ် Sunkist C500 ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအဖြစ် စတင်မိတ်ဆက်

ကျန်းမာရေးနှင့်ညီညွတ်သော ဗီတာမင်စီအချိုရည်အဖြစ် Sunkist C500 ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအဖြစ် စတင်မိတ်ဆက်လိုက်ပြီဖြစ်ပြီး အဆိုပါမိတ်ဆက်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ဒီဇင်ဘာလ ၁၈ ရက်က ကျင်းပခဲ့သည်။

ယခုအသစ်မိတ်ဆက်လိုက်သည့် Sunkist C500 သည် လူတစ်ယောက်ချင်းစီ၏ ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်သည့် ဗီတာမင်စီပမာဏကို လွယ်ကူလျင်မြန်စွာ ဖြည့်တင်းပေးနိုင်အောင် စီမံဖန်တီးထားသော အချိုရည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ လုံလောက်သော ဗီတာမင်စီပမာဏကို နေ့စဉ် ကောင်းမွန်စွာရရှိမည်ဆိုလျှင် သာမန်အအေးမိခြင်း၊ ကိုယ်ခံအားနည်းသည့် ဝေဒနာ၊ နှလုံးနှင့် ပတ်သက်သည့် ရောဂါများ၊ မီးမဖွားမီကြုံတွေ့ရသော ကျန်းမာရေးဆိုင်ရာ ပြဿနာများ၊ အမြင်အာရုံနည်းခြင်းနှင့် အသားအရေတွန့်ခြင်းများကိုပါ လွယ်ကူစွာ တားဆီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါ Sunkist C500 ကို နေ့စဉ် တစ်နေ့တစ်လုံး ပုံမှန်သောက်သုံးခြင်းဖြင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်း Sunkist C500 ကိုသံဘူးများဖြင့် စီမံထုတ်လုပ်ထားပြီး ရှောက်ချိုသီးရှစ်လုံးနှင့်ညီမျှသည့် သဘာဝအရသာအတိုင်း သောက်သုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Sunkist C500 ကို ဈေးကွက်အတွင်း၌ တစ်ဘူးလျှင် ကျပ် ငါးရာနှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

ခန္ဓာကိုယ်အတွက် လိုအပ်သော ဗီတာမင်စီပမာဏကို အလုံအလောက်ရရှိနေပါက ရောဂါဝေဒနာမျိုးစုံကိုကာကွယ်နိုင်မည်ဖြစ်သည်။ ဗီတာမင်စီသည် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးတွင်ရှိသော ပျက်စီးသွားသည့်တစ်သျှူးများအားပြုပြင်ပေးပြီး တစ်သျှူးအသစ်များကို ပိုမိုကြီးထွားစေနိုင်ကြောင်း သိရသည်။

ဗီတာမင်စီသည် ရေတွင် အလွယ်တကူပျော်ဝင်နိုင်သော ဓာတ်တစ်မျိုးဖြစ်ပြီး ခန္ဓာကိုယ်တွင် ၂၄ နာရီထက်ပိုပြီး သိုလှောင်ထားခြင်းမပြုနိုင်ပေ။ ထို့ကြောင့် နေ့စဉ်စားသောက်နေသော အစားအစာများဖြစ်သည့် အရည်ရွှမ်းသည့် အသီးအနှံများ၊ ပန်းဂေါ်ဖီစိမ်းများ၊ ခရမ်းချဉ်သီး အစရှိသည့်အစားအစာများမှတစ်ဆင့် ခန္ဓာကိုယ်အတွက် လိုအပ်သော ဗီတာမင်စီကို ရယူရန်လိုအပ်ကြောင်း သိရသည်။

**မယ်သီတာ**

## ရှောင်ကွင်းလမ်းတွင် စုပုံထားတဲ့ အကောက်ခွန်မဲ့ပစ္စည်းများကို မူဆယ်လှုပ်ရှားအဖွဲ့မှ စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်းထုတ်နုတ်အင်အားလှုပ်ရှားအဖွဲ့သည် ဒီဇင်ဘာလ ၈ ရက် ၁၂း၄၅ ချိန်တွင် ကျောက်တောင်ရှောင်ကွင်းလမ်းသို့ ရှောင်တခင်စစ်ဆေးရာ လိုင်စင်မဲ့ဆိုင်ကယ်များဖြစ်တဲ့ WANBO 125, CANDA 125, MDL 125 နဲ့ KENBO 125 အမျိုးအစားဆိုင်ကယ် ၄ စီးနဲ့ ခြုံစောင် ၁ ထုပ် ခန့်မှန်းတန်ဖိုးကျပ် ၁၅ သိန်းကျော်ဖိုးခန့်ကို သိမ်းဆည်းရမိခဲ့ပါတယ်။ ယင်းနေ့ ၁၃း၃၀ ချိန်တွင်လည်း အဆိုပါနေရာ၌ပင် တရုတ်နိုင်ငံထုတ်မှိုခြောက် ၁၄ အိတ်၊ ကျောက်ပွင့် ၁၄ ဖာ၊ လျှပ်စစ်ပစ္စည်းများဖြစ်တဲ့ လျှပ်စစ်ဒယ်အိုး (၂၂၅ V) ၆ ခု၊ လျှပ်စစ်ဒယ်အိုး (၁၃၅၀ W) ၄ ခု၊ စတီးအိုး ၂၃ လုံး၊ ထမင်းပေါင်းအိုး 700W/ 1000 W ၁၆ လုံးနဲ့ အခွေမျိုးစုံ ၂ ဖာကို ခန့်မှန်းတန်ဖိုးကျပ်သိန်း ၂၀ ကျော်ဖိုးခန့်ထပ်မံ သိမ်းဆည်းရမိခဲ့ပါတယ်။ သိမ်းဆည်းရမိ အကောက်ခွန်မဲ့ပစ္စည်းများကို အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## သွင်းကုန်ကြေညာလွှာထက် ပိုမိုသယ်ဆောင်လာတဲ့ သစ်သီးဝလံမျိုးစုံအား လှုပ်ရှား-၁ အဖွဲ့မှသိမ်းဆည်းရမိ

ဒီဇင်ဘာလ၁၅ ရက် တစ်ရက်တည်းမှာပင် ရှမ်းပြည်နယ် နောင်ချို လှုပ်ရှား -၁ အဖွဲ့သို့ ဝင်ရောက် စစ်ဆေးခံတဲ့ ခြောက်ဘီး၊ ၁၂ ဘီး ယာဉ်များပေါ်မှ သွင်းကုန်ကြေညာလွှာထက် ပိုမိုသယ်ဆောင်လာတဲ့ ပန်းသီး ၄၅၀၀ ကီလိုဂရမ်၊ လိမ္မော်သီး ၃၀၀ ကီလိုဂရမ်ကိုလည်းကောင်း၊ သွင်းကုန်ကြေညာလွှာမှာ ကြေညာထားခြင်း မရှိတဲ့ သစ်တော်သီး ၁၄၀၀ ကီလိုဂရမ်နဲ့ ပန်းသီး ၅၅၅၀ ကီလိုဂရမ်ကို သိမ်းဆည်းရမိတဲ့အတွက် အကောက်ခွန် လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲများ ဖွင့်လှစ်သိမ်းဆည်းထားတယ်လို့ သတင်းရရှိပါတယ်။ စုစုပေါင်း သိမ်းဆည်းရမိသစ်သီးဝလံ တန်ချိန်မှာ ၁၁ ဒသမ ၇၅၀ ဖြစ်ပါတယ်။ **MIRT**

## တရားမဝင် သယ်ဆောင်လာတဲ့ အမဲသားခြောက် ကျပ်သိန်းရှစ်ဆယ်ကျော်ဖိုးအား လရ -၁ အဖွဲ့မှသိမ်းဆည်းရမိ

ဒီဇင်ဘာလ ၄ ရက်မှ ၁၀ ရက်ထိကာလအတွင်း မန္တလေး-မူဆယ်ကုန်သွယ်မှုလမ်းကြောင်း၊ ရှမ်းပြည်နယ်၊ နောင်ချိုမြို့အနီး စစ်ဆေးရေးတာဝန်ထမ်းဆောင်နေသော လရ-၁ မိုဘိုင်းအဖွဲ့သည် MToyota Probox Succed၊ ရွှေလီရတနာ မှန်လုံယာဉ်နဲ့ ရတနာစိုးမှန်လုံယာဉ်များပေါ်မှာ ခရီးသည်ပစ္စည်းများနဲ့ ရောနှော၍ တရားမဝင်သယ်ဆောင်လာသော ခန့်မှန်းကျပ် ၈၁ ဒသမ ၄၀၀ သိန်းတန်ဖိုးရှိ အမဲသားခြောက် ၇၄၀ ပိဿာ ကိုသိမ်းဆည်းရမိခဲ့တဲ့အတွက် အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲများ ဖွင့်လှစ်သိမ်းဆည်းထားတယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## တရားမဝင် ကုန်စည်သယ်ဆောင်သော ယာဉ်၊ လိုင်စင်မဲ့ယာဉ်နဲ့ မော်တော်ဆိုင်ကယ်များ နိုဝင်ဘာလအတွင်း သိမ်းဆည်းရမိတဲ့ အမှုတွဲ ၃၀ ကျော်ရှိ

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး မိုဘိုင်းအဖွဲ့များမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း တရားမဝင် ကုန်စည်သယ်ဆောင်သော ယာဉ် ၁၃ စီးကို အမှုတွဲ ၁၃ ခုနဲ့ဖွင့်လှစ်တားဆီးနိုင်ခဲ့ကာ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၄၂ သန်းရှိပါတယ်။ ထို့ပြင် ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၃၇ သန်းရှိ လိုင်စင်မဲ့ယာဉ် ၁၉ စီးကိုလည်းအမှုတွဲ ၁၉ ခုနဲ့ တားဆီးအရေးယူနိုင်ခဲ့ပြီး ခန့်မှန်းကျပ် တစ်သန်းတန်ဖိုးရှိ ဆိုင်ကယ် နှစ်စီးကိုအမှုတွဲ တစ်ခုနဲ့ဖွင့်လှစ်တားဆီး အရေးယူခဲ့ရတယ်လို့သိရပါတယ်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလထိ တရားမဝင်ကုန်စည် သယ်ဆောင်ယာဉ် ၆၄၀ စီး၊ လိုင်စင်မဲ့ယာဉ် ၄၂၂ စီးနဲ့ ဆိုင်ကယ် ၅၉ စီးကို အမှုတွဲ ၁၁၁၇ ခုနဲ့ဖွင့်လှစ်တားဆီးခဲ့ပြီး စုစုပေါင်း ဖမ်းဆီးရမိ ခန့်မှန်းတန်ဖိုးမှာကျပ် ၁၅၀၉၇ သန်းရှိတယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## နောင်ချိုမြို့အထွက် ရှောင်ကွင်းလမ်းပေါ်တွင် ကျွဲအရှင်များအားဖမ်းဆီးရမိ

ဒီဇင်ဘာလ ၉ ရက် ၂၂း၃၀ ချိန်ခန့်မှာ ရှောင်ကွင်းလမ်း နောင်ချိုမြို့နယ်အထွက် ရေလင်ရွာ လမ်းကြားမှာ မသင်္ကာဖွယ်ရာ ယာဉ်တစ်စီးရပ်တန့်စောင့်ဆိုင်းနေကြောင်း သတင်းရရှိတဲ့အတွက် လရ-၁ အဖွဲ့က သွားရောက် စစ်ဆေးရာမှာ စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိတဲ့ ကျွဲအရှင် ၁၁ ကောင်ကို တွေ့ရှိခဲ့ရပါတယ်။ ယာဉ်ကို အကောက်ခွန်ဌာနသို့ လည်းကောင်း၊ ကျွဲများကို နောင်ချိုမြို့နယ် စည်ပင်သို့လည်းကောင်း လွှဲပြောင်းအပ်နှံထားပြီး ဖြစ်တယ်လို့သိရပါတယ်။ ဒေါင်ဖန်း ယာဉ်ရဲ့တန်ဖိုးမှာ ကျပ်သိန်း ၄၀ နဲ့ကျွဲအရှင် ၁၁ ကောင်ရဲ့ တန်ဖိုးမှာ ကျပ်သိန်း ၁၁၀ ရှိတယ်လို့သိရပါတယ်။

**MIRT**

## မြဝတီ၊ ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်ပိုမိုတင်ပို့နိုင်

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းတို့က နိုဝင်ဘာလ ၅ ရက်မှ ၁၁ ရက်တာ ကာလအတွင်း ကန်ဒေါ်လာ ၃ ဒသမ ၇၉၉ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၃၈၀၆ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၂၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၇၀ သန်း တန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၈၁ တန်ကျော်၊ကဏန်း ၂၁ တန်ကျော်နဲ့ ပုစွန် ၂တန်ကျော်တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၇ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်းစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၃၅၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၁၅၂၈ တန်နီးပါး၊ကင်းမွန်တန် ၆၀ ကျော်၊ အခြားရေထွက် ၈၁ တန်ကျော်၊ ပုစွန် ၆ တန်နီးပါး၊ပင်လယ်ငါးရှဉ့် တစ်တန် ကျော်၊ ရေဘဝဲ ၄၃၂ ကီလိုဂရမ်နဲ့ ကဏန်းကီလိုဂရမ် ၃၀၀ တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၉၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂ ဒသမ ၂၇၆ သန်း တန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၃၈၄ တန်ကျော်၊ ငါးမှုန့် ၅၀၅ တန်၊ အေးခဲကဏန်းပျော့ ၃၄ တန်ကျော်၊ပုစွန် ၂၉ တန်ကျော်၊ ရေချိုပုစွန် ၁၉ တန်ကျော်၊ကဏန်းနီ ၁၈ တန်၊ကင်းမွန် တန် ၂၀ ကျော်၊ ပုစွန်ခြောက် ၃ တန်ကျော်၊ငါးခြောက် ၆ တန်နဲ့ ကဏန်းသေး(အသေ)၂ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၁၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ **ခင်မြနွယ်**

## နယ်စပ်မှ ITC နဲ့ ကြက်သွန်နီတင်သွင်းမှုအတွက် သက်တမ်းနဲ့တန်ချိန် ခွင့်ပြုချက်ထုတ်ပြန်

ပြည်တွင်းကြက်သွန်နီဈေးနှုန်းကျဆင်းစေရန်နဲ့ ကြက်သွန်နီကို လုပ်ငန်းရှင်များလွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရန်အတွက် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်လက်မှတ်နဲ့ တင်သွင်းခွင့်ကို ဒီဇင်ဘာလ ၄ ရက်နေ့ကစပြီး ခွင့်ပြုထားပြီးဖြစ်ပါတယ်။ထိုသို့ ITC နဲ့ တင်သွင်းရာမှာ လိုင်စင်လျှောက်ထားရမယ့် အများဆုံးပမာဏမှာ တန် ၅၀ နဲ့ လိုင်စင်သက်တမ်းကို နှစ်ပတ်သာခွင့်ပြုပေးမယ်လို့ သတင်းရရှိပါတယ်။

ကြက်သွန်နီကိုITC အသုံးပြုပြီး တင်သွင်းမယ်ဆိုရင် ITC လုပ်ထုံးလုပ်နည်းနဲ့အညီ တစ်ရက်လျှင် ကျပ်သိန်း ၂၀နှုန်းနဲ့ ငါးရက်အတွက် တစ်ကြိမ်တည်း ကျပ်သိန်း ၁၀၀ အထိ လိုင်စင်သက်တမ်း ခုနစ်ရက်နဲ့ ခွင့်ပြုပေးသွားမယ်လို့ သိရပါတယ်။ **MIRT**

## မိုဘိုင်းအဖွဲ့များမှ ရွှေနှင့် သတ္တုတွင်းထွက်များ ကျပ်သန်း ၇၄၄၀ ဖိုးအထိ သိမ်းဆည်းရမိ

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ၊ မိုဘိုင်းအဖွဲ့က ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလထိ ကျောက်စိမ်း၊ အင်ကြင်းကျောက်၊ သလင်းကျောက်၊ စကျင်ကျောက်၊ သတ္တုမှုန့်၊ သတ္တုရိုင်းနဲ့ ရွှေများကို အမှုတွဲ ၂၀၂ တွဲ၊ အလေးချိန်အားဖြင့် ၁၁၈၁၅၇ ကီလိုဂရမ်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၇၄၄၀ သန်းဖိုး သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။

နိုဝင်ဘာလ တစ်လထဲမှာတော့ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများ ၂၁၅၁ ကီလိုဂရမ်၊ ခန့်မှန်းတန်ဖိုးကျပ် ၂၀၄ သန်းဖိုးကို အမှုတွဲ ၉ မှုနဲ့ ဖွင့်လှစ်တားဆီးထိန်းသိမ်းနိုင်ခဲ့ပါတယ်။

**MIRT**

## သိမ်းဆည်းရမိ အေးခဲကြက်သားများ တာချီလိတ်တွင် မီးရှို့ဖျက်ဆီး

တာချီလိတ်-ကျိုင်းတုံ တာလေ တိုးဂိတ်အနီးတွင် တာချီလိတ်လှုပ်ရှားအဖွဲ့က ရှောင်တခင်စစ်ဆေးစဉ် ဒီဇင်ဘာလ ၇ ရက်နေ့ ၁၈း၀၀ ချိန်ခန့်မှာ တာလေနဲ့ တိုးဂိတ်အကြား အေးခဲကြက်သားများ တင်ဆောင်နေတယ်လို့ သတင်းရတဲ့အတွက် သွားရောက်စစ်ဆေးရာမှာ စီပီအမှတ်တံဆိပ် အေးခဲကြက်သား (၁x၃၀) ကီလိုဂရမ် ၉ထုပ်နဲ့ (၁x၂)ကီလိုဂရမ် ၁၂၇ ထုပ်၊ စုစုပေါင်း ၅၂၄ ကီလိုဂရမ်၊ ခန့်မှန်းတန်ဖိုး ကျပ် ၁၅ ဒသမ ၇၂၀ ဖိုးကို စစ်ဆေး တွေ့ရှိခဲ့ရတဲ့အတွက် အကောက်ခွန်အမှုတွဲ ဖွင့်သိမ်းဆည်းခဲ့ပါတယ်။ ဒီဇင်ဘာလ ၈ ရက်နေ့မှာတော့ မယ်ယန်း ပို့ကုန် ယာဉ်စစ်ကွင်း အနောက်ဖက်တွင် မီးရှို့ မြေမြှုပ်ဖျက်ဆီးပြီးဖြစ်တယ်လို့ သိရပါတယ်။

အလားတူ ဒီဇင်ဘာလ ၉ ရက်နေ့ကလည်း မိုင်းကိုးကျေးရွာအနီး ရှောင်ကွင်းလမ်းများမှ သယ်ဆောင်လာတဲ့ ပစ္စည်းများကို အတင်အချပြုလုပ်တတ်တဲ့နေရာများကို ဝင်ရောက်စစ်ဆေးရာမှာ စီပီတံဆိပ် အေးခဲကြက်သား ၁၈ ဖာနဲ့ အသားတုံ ၁၅ အိတ်၊ စုစုပေါင်း ၇၅၉ ကီလိုဂရမ်၊ ခန့်မှန်းတန်ဖိုးကျပ် ၂၀ ဒသမ ၁၄၅ သိန်းဖိုးကို သိမ်းဆည်းရမိခဲ့ကြောင်းနဲ့ ပုပ်သိုးပျက်စီးလွယ်ပစ္စည်းများဖြစ်၍ ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ မီးရှို့မြေမြှုပ်ဖျက်ဆီး ပြီးဖြစ်တယ်လို့သိရှိရပါတယ်။

MIRT

# VIBER မှ WE LOVE MYANMAR အစီအစဉ်ကို စတင်မိတ်ဆက်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် တယ်လီနောမှ Viber ကို အခမဲ့ အသုံးပြုခွင့်ပေးမည်

မြန်မာနိုင်ငံရှိ လူသုံးအများဆုံး စာတိုပို့App တစ်ခုဖြစ်သည့် Viber သည် ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် အသုံးပြုသူ ငါးသန်းသာရှိခဲ့ရာမှ ယခုနှစ်တွင် ရာခိုင်နှုန်း ၂၆၀ အထိ တိုးတက်လာပြီး သုံးစွဲသူ ၁၈ သန်းအထိ မြန်မာနိုင်ငံတွင်ရှိလာသည့် ၎င်း၏အောင်မြင်မှုကို ဆင်နွှဲရန်အတွက် "We Love Myanmar"ဆိုသော အစီအစဉ် တစ်ခုကို ဒီဇင်ဘာလ ၁၄ ရက်က စတင်မိတ်ဆက်လိုက်ကြောင်းသိရသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံအတွင်း Viber သုံးစွဲသူဦးရေ တစ်ရှိန်ထိုး မြင့်တက်လာခြင်းက မြန်မာနိုင်ငံသူ နိုင်ငံသားများ အနေဖြင့် Viber ၏ အခမဲ့စာတိုပို့ခြင်းနှင့် ဖုန်းခေါ်ဆိုခြင်း ဝန်ဆောင်မှုများကို တစ်ခဲနက်နှစ်သက် အားပေးကြောင်းကို သက်သေပြခြင်း ပင်ဖြစ်သည်။

"မြန်မာနိုင်ငံက သုံးစွဲသူတွေ အနေနဲ့ Viber ကို အခုလို တစ်ခဲနက်အားပေး သုံးစွဲကြတဲ့အတွက် တကယ့်ကို ဝမ်းမြောက်မိပါတယ်။ မြန်မာနိုင်ငံမှာ Viber ကို နံပါတ်တစ်ဖြစ်အောင် အားပေးအသုံးပြုကြတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ Viber အနေနဲ့ အခုလို သုံးစွဲသူတွေရဲ့ တစ်နေ့တာမှာ တစ်စိတ် တစ်ဒေသအဖြစ် ပါဝင်ခွင့်ရတာကို ကျေနပ်ဝမ်းမြောက်မိပါတယ်။ သုံးစွဲသူတွေကို ပျော်ရွှင်အောင်ကြိုးပမ်းလုပ်ဆောင်ရင်း ကျွန်တော်တို့ Viber ရဲ့ အောင် မြင်မှုကိုဆင်နွှဲချင်ပါတယ်"ဟု Viber ၏ လုပ်ငန်းလည်ပတ်မှု အမှုဆောင် အရာရှိချုပ်ဖြစ်သူ Michael Shmilov ကပြောသည်။

Viber သည် မြန်မာနိုင်ငံရှိ လျင် မြန်စွာ တိုးတက်များပြားလျက်ရှိသော မိုဘိုင်းဖုန်းအသုံးပြုသူများ Viber ကို ပိုမိုအဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ၏ ထိပ်တန်း မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီများဖြစ်သည့် တယ်လီနော၊ Red Dot တို့နှင့်အတူ လက်တွဲ၍ "We Love Myanmar" အစီအစဉ်ကို မိတ်ဆက်လိုက်ခြင်းဖြစ်သည်။

ယခုအစီအစဉ်သည် Viber နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများအတွက် ထူးခြားသော အောင်မြင်မှုမှတ်တိုင်တစ်ခုလည်းဖြစ်သည်။ လာမည့် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် Viber နှင့် တယ်လီနောတို့ ပူးပေါင်း၍ Viber အခမဲ့ အသုံးပြုခြင်းနှင့် "We Love Myanmar" စတစ်ကာများ အခမဲ့ရယူနိုင်ခြင်း အစီအစဉ်တို့ကို ပြုလုပ်သွားမည်ဖြစ်သည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီ လ ၄ ရက်မှစတင်၍ မှတ်ပုံတင်စရာ မလိုဘဲ Viber App တွင် ရတ်သတ္တပတ် နှစ်ပတ်ကြာ အခမဲ့စာတိုပေးပို့နိုင်မည့် အစီအစဉ်ကိုတယ်လီနောမှ ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။တယ်လီနော အသုံးပြုသူများ အနေဖြင့် အဆိုပါ ကာလအတွင်း အင်တာနက်ဖိုးမကုန်ဘဲ



Viber စတစ်ကာအသစ်များကိုလည်း အခမဲ့ download ရယူနိုင်မည်ဖြစ် သည်။

"We Love Myanmar" Sticker pack တွင် မြန်မာလူမျိုးများကြား သုံးစွဲမှုအများဆုံးဖြစ်သည့် စကားလုံးများပါဝင်သော "မြန်မာဖြစ် ရတာ ဂုဏ်ယူတယ်"၊ "ငါတို့နိုင်ပြီ"၊ "မိုက်တယ်"၊ "ချစ်တယ်"၊ "ချစ်သွားပြီ" စသည်တို့ကို ချစ်စဖွယ် စတစ်ကာ ဇာတ်ရုပ်လေးများဖြင့် သရုပ်ဖော်ထားကြောင်း သိရသည်။

တယ်လီနောသည် မြန်မာနိုင်ငံတွင် အကြီးမားဆုံးသော 3G ဆက်သွယ်မှုကွန်ရက်ဖြစ်ပြီး နိုင်ငံတစ်ဝန်းတွင် တာဝါတိုင်ပေါင်း ၄၀၀၀ နီးပါး ဖြန့်ကြက်ထားလျက်ရှိသည်။ လက်ရှိတွင် တယ်လီနောသည် အသုံးပြုသူ ပေါင်း ၁၂ သန်းကျော်ကို ဝန်ဆောင်မှု ပေးလျက်ရှိပြီး ၎င်းတို့အနက်မှ ၅၇ ရာခိုင်နှုန်းမှာ အင်တာနက်ပုံမှန် အသုံး ပြုကြသူများဖြစ်သည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင်ပြီး Viber နှင့် Red Dot တို့ပူးပေါင်း၍ အကြွေးဝယ်ကတ် မလိုဘဲ နိုင်ငံတကာသို့ Viber Out call ခေါ်ဆိုမှုကို မည်သူမဆို အလွယ်တကူပြုလုပ်နိုင်အောင် စီစဉ်ဆောင် ရွက်သွားမည်ဖြစ်သည်။ Viber Out အသုံးပြုသူများသည် မြန်မာနိုင်ငံအနှံ့ရှိ Red Dot နှင့် ချိတ်ဆက်ထားသည့် ဆိုင်ပေါင်း ၉၀၀၀ ကျော်တွင် Viber Out ငွေဖြည့်ကတ်ကို လွယ်ကူစွာဝယ် ယူနိုင်မည်ဖြစ်သည်။

Viber Out ခေါ်ဆိုမှုသည် မြန်မာနိုင်ငံရှိ Viber အသုံးပြုသူ ဖုန်းနံပါတ်မှ Viber အသုံးမပြုသည့် မည်သည့်နံပါတ် (ကြိုးဖုန်း၊ လိုင်းဖုန်း) ကိုမဆို လွယ်ကူစွာဆက်သွယ်နိုင်အောင် ဆောင်ရွက်ပေးသည့်အပြင် နိုင်ငံခြားသို့လည်း အဆင်ပြေစွာ ဆက်သွယ်ခေါ် ဆိုနိုင်စေမည်ဖြစ်သည်။

# Vietjet မှ မြန်မာနိုင်ငံတွင် လက်မှတ်အရောင်းဌာန ၁၀၀ ကျော်ကို ဖွင့်လှစ်ပြီး ဈေးကွက်ချဲ့ထွင်

ဗီယက်နမ်နိုင်ငံ၏ ခေတ်သစ်လေကြောင်းလိုင်း တစ်ခုဖြစ်သည့် Vietjet လေကြောင်းလိုင်းသည် မြန်မာနိုင်ငံတွင် လက်မှတ်အရောင်းဌာနပေါင်း ၁၀၀ ကျော်ကိုဖွင့်လှစ်ပြီးဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ယခုအခါ မြန်မာပြည်မှ ခရီးသွား များသည် Vietjet ၏ ရန်ကုန်-ဟိုချီမင်းခရီးစဉ်နှင့် အခြားဗီယက်နမ်ပြည် တွင်းခရီးစဉ်များအတွက် လေယာဉ်လက်မှတ်များကို ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များရှိ Vietjet၏ လေယာဉ်လက်မှတ် အရောင်းဌာနများတွင် အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာ မှ စတင်၍ လွယ်ကူအဆင်ပြေစွာ ဝယ်ယူနိုင်ပြီဖြစ်သည်။

ယခုကဲ့သို့ Vietjet ၏ အရောင်းဌာနများကို တိုးချဲ့ဖွင့်လှစ်လိုက်ခြင်းကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိပြည်သူ များသည် ၎င်းတို့၏ လေယာဉ်လက်မှတ်များကို အွန်လိုင်းမှဖြစ်စေ အရောင်း ဌာနများတွင်ဖြစ်စေ အဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်မည်ဖြစ်သည်။

Vietjet သည် ၎င်း၏ လေယာဉ် လက်မှတ်အရောင်းဌာနများစွာကို မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့တွင်ဖွင့်လှစ်ထားပြီးဖြစ်သည်။Vietjet ၏ ဒုတိယဥက္ကဋ္ဌ Nguyen Thi Thuy Binh က "မြန်မာနိုင်ငံမှာ ရှိတဲ့လူအများစုက အင်တာနက်နဲ့ ကြိုတင်စာရင်းပေးသွင်းဝယ်ယူနိုင်တဲ့ ဘဏ်ဝန်ဆောင်မှုကို မရကြသေးပါဘူး။Vietjet အနေနဲ့ ဗီယက်နမ်နိုင်ငံမှာရှိတဲ့ မြန်မာပြည်သူတွေရဲ့ ပိုမိုဖွံ့ဖြိုး တိုးတက်လာတဲ့ စီးပွားရေးနဲ့ ခရီးသွားလုပ်ငန်း တွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်း ပေးနိုင်ဖို့နဲ့ ခရီးသွားလာတဲ့အခါ ပိုပြီး အဆင်ပြေလွယ်ကူအောင် အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်နေပါတယ်။မြန်မာပြည်က ခရီးသွားတွေ အနေနဲ့ ဒီ အရောင်းမြှင့်တင်ရေးအထူးလက်မှတ် တွေကို နေ့စဉ် နံနက် ၁၁ နာရီ ၃၀ မိနစ်ကနေ မွန်းလွဲ ၁နာရီ ၃၀ မိနစ် အတွင်း www.vietjetair.com မှာ ဝယ်ယူနိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ရန်ကုန်မြို့နှင့် ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံးစီးပွားရေးနှင့်ခရီးသွားလုပ်ငန်း အချက်အချာဖြစ်သည့် ဟိုချီမင်း မြို့တို့ကို ချိတ်ဆက်ပျံသန်းလျက်ရှိသည့် အဆိုပါခရီးစဉ်ကြောင့် မြန်မာပြည်သူ များအနေဖြင့် ဗီယက်နမ်နိုင်ငံနှင့် အာရှ တစ်ခွင်အား အထူးသက်သာသည့် ဈေးနှုန်းများဖြင့် အဆင်ပြေလွယ်ကူစွာသွား လာနိုင်တော့မည်ဖြစ်သည်။

ထို့အပြင် ဒီဇင်ဘာလတွင် ခရီး သွားရန် ကြိုတင်စာရင်းပေးသွင်းဝယ်ယူသူများအတွက်လည်း ၂၀၁၆ ဇန်နဝါရီလ ၅ ရက်အထိ ပြုလုပ်မည့် "Fly into an amazing fairytale with Vietjet" အရောင်းမြှင့်တင်ရေး အစီအစဉ်ကို ပြုလုပ်ထားကြောင်း သိရ သည်။

ရန်ကုန်-ဟိုချီမင်း ခရီးစဉ်တွင် စီးနင်းလိုက်ပါမည့်မြန်မာခရီးသွားများအပါအဝင် Vietjet ဖြင့်ပျံသန်းမည့် ခရီးသည်များအားလုံးသည် ၂၀၁၅ ဒီဇင်ဘာလ ၁ ရက်မှမှ ၂၀၁၆ ဇန်နဝါရီလ ၅ ရက်အတွင်း နိုင်ငံတကာခရီးစဉ်များအတွက် အခမဲ့လေယာဉ်လက်မှတ်များကို ကံစမ်းခွင့်ရရှိခြင်း၊ စမတ်ဖုန်းများနှင့် ဗီယက်နမ်နိုင်ငံမှ ကြယ်ငါးပွင့် အဆင့်ရှိ အပန်းဖြေစခန်းများတွင် အခမဲ့ တည်းခိုနိုင်မည့်လက်မှတ်များရရှိနိုင်မည့် အခွင့်အလမ်းများကို Vietjet က စီစဉ်ပေးထားကြောင်း သိရသည်။

Vietjet ၏ခရီးသည်များသည် သက်ဆိုင်ရာလေဆိပ်များတွင်ပြုလုပ်မည့် ဖျော်ဖြေရေးအစီစဉ်များ၊ ဇာတ်ကောင် အရုပ်များနှင့် ပျော်ရွှင်စွာ တွေ့ဆုံခြင်း၊ အထူးလက်ဆောင်များပေးဝေသည့် အစီအစဉ်များတွင်လည်း ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်သည်။

# အဆိုတော် ဖြူဖြူကျော်သိန်းအား Sunkist C500 ဗီတာမင်စီ အားဖြည့်အချိုရည်၏ Brand Ambassador အဖြစ် ခန့်အပ်

ဂီတလောကတွင် ၁၂နှစ်တာ ကျင်လည်လှုပ်ရှားလျက်ရှိပြီး အောင်မြင်မှုရရှိနေသည့် အဆိုတော် ဖြူဖြူကျော်သိန်းအား Sunkist C500 ဗီတာမင်စီ အားဖြည့် အချိုရည်၏ Brand Ambassador အဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

ဒေါက်တာဖြူဖြူကျော်သိန်းအား Sunkist C500 ၏ Brand Ambassador အဖြစ် ခန့်အပ်ပွဲကို ဒီဇင်ဘာလ ၁၈ ရက်က ဆူးလေရှန်ဂရီလာဟိုတယ်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

Sunkist C500 ၏ Brand Ambassador အဖြစ် ခန့်အပ်ခြင်းခံရသည့် အဆိုတော် ဒေါက်တာဖြူဖြူကျော်သိန်းက ဗီတာမင်စီသည် လူတို့အတွက် နေ့စဉ်လိုအပ်သည့် ဓာတ်တစ်မျိုးပင်ဖြစ်ပါကြောင်း၊ ၎င်းအနေဖြင့် ယခင်က နေ့စဉ် လိုအပ်သည့်ဗီတာမင်စီအတွက် ဗီတာမင်စီရေဆူဆေးပြားစသည့် ဆေးပြားများကို သောက်သုံးခဲ့သော်လည်း Sunkist C500 ထွက်ရှိလာသည့်အချိန်မှစ၍ အဆိုပါဗီတာမင်စီ အားဖြည့်အချိုရည်ကိုသာ နေ့စဉ်နံနက်တိုင်း သောက်သုံးပါကြောင်း၊ ဗီတာမင်စီသည် လူတို့၏ကျန်းမာရေးအတွက် အကျိုးအာနိသင်များကို ရရှိစေပါကြောင်းဖြင့် ပြောကြားခဲ့သည်။

"အမြဲတမ်း အလုပ်ရှုပ်နေတတ်တဲ့အနုပညာရှင်တစ်ယောက် အနေနဲ့ရော၊ ဆရာဝန်တစ်ယောက်အနေနဲ့ပါ နေ့စဉ်ဘဝမှာ ဗီတာမင်စီဟာ ဘယ်လောက်အရေးပါသလဲဆိုတာ ဖြူဖြူကောင်းကောင်း သတိထားမိခဲ့တယ်။ တချို့အစားအစာတွေနဲ့အသီးအနှံတွေကတော့ ဖြူဖြူတို့လိုအပ်တဲ့ ဗီတာမင်စီကို ပေးနိုင်ပေမယ့် စိတ်ဖိစီးမှုတွေ သိပ်များတဲ့ဒီနေ့လိုခေတ်ကြီးမျိုးမှာ နေ့တိုင်း ခန္ဓာကိုယ်အတွက် လိုအပ်တာကို ကောင်းကောင်းမွန်မွန် စားသောက်ဖို့ဆိုတာ သိပ်မလွယ်ပါဘူး။ ဖြူဖြူအတွက်တော့ Sunkist C500 ဟာ အကောင်းဆုံး မိတ်ဆွေတစ်ယောက် ဖြစ်နေမှာပါ။ အလုပ်အမြဲလိုလိုရှုပ်နေတတ်တဲ့ အနုပညာရှင်တစ်ယောက် အနေနဲ့ Sunkist C500 လို ကျန်းမာရေးနဲ့ ညီညွတ်ပြီး စိတ်ဖိစီးမှုကို လျှော့ချပေးမယ့် အချိုရည်မျိုးကို ဖြူဖြူလိုအပ်ပါတယ်။ Sunkist C500 အတူလက်တွဲပြီး ပျော်ရွှင်ကျန်းမာတဲ့ နေ့ရက်တွေကို အတူတကွ ဖြတ်သန်းသွား ရမှာကိုလည်း စိတ်လှုပ်ရှားမိပါတယ်"ဟု တေးသံရှင်ဒေါက်တာဖြူဖြူကျော်သိန်းက ပြောကြားခဲ့သည်။

မယ်သီတာ

Vol: 15, No.49 Monday December 21 2015




# ကျယ်ဂေါင်-မူဆယ်မှသည်

# တရုတ်-မြန်မာကုန်သွယ်မှုတိုးတက်ရေးသို့

|မယ်သီတာ|

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဟာ နှစ်ပေါင်းများစွာကတည်းကပင် ဆွေမျိုးပေါက်ဖော်များသဖွယ် ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်ဆံလာခဲ့ကြတဲ့ နိုင်ငံနှစ်နိုင်ငံဖြစ်ပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ရဲ့ နယ်စပ်ဒေသတစ်လျှောက်ထိစပ်မှုဟာ တခြားနိုင်ငံများရဲ့နယ်စပ်မျဉ်း အနားသတ်မှုထက် ပိုမိုရှည်လျားတာကြောင့် ကုန်သွယ်မှုဂိတ်ဝတွေ ပိုမိုများပြားသလို ကုန်သွယ်မှု အခွင့်အလမ်းတွေလည်း များပြားတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒ့ါကြောင့်လည်း နှစ်နိုင်ငံ အစိုးရအနေနဲ့ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ရဲ့ နယ်စပ်ဝင်ထွက်ပေါက်တစ်ပေါက်ဖြစ်တဲ့ မူဆယ်-ကျယ်ဂေါင်ဒေသနှစ်ခုမှာ ကုန်စည်ပြပွဲတွေ ကျင်းပခြင်းအားဖြင့် နှစ်နိုင်ငံကုန်သွယ်ရေးကို တိုးမြှင့်လုပ်ဆောင်နိုင်မယ်ဆိုတဲ့ယုံကြည်ချက်နဲ့ ကုန်စည်ပြပွဲတွေကို အလှည့်ကျစနစ်နဲ့ ကျင်းပခဲ့ကြပါတယ်။



အဲဒီလို ကျင်းပခဲ့ရာမှာ ပြီးခဲ့တဲ့ ၂၀၁၄ခုနှစ်က မြန်မာနိုင်ငံရဲ့နယ်စပ်ဒေသဖြစ်တဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့မှာ (၁၄)ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်စည်ပြပွဲကို ကျင်းပပေးခဲ့ပါတယ်။

ဒါကြောင့် ဒီနှစ်မှာတော့ (၁၅) ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ် ကုန်စည်ပြပွဲကို တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်ဒေသဖြစ်သည့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့၊ တယ်ဟုန်တိုင်း၊ ကျယ်ဂေါင်မှာ ဒီဇင်ဘာလ ၁၅ ရက်မှ ၁၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့တာဖြစ်ပါတယ်။

တရုတ်နိုင်ငံနဲ့မြန်မာနိုင်ငံတို့ရဲ့ နှစ်နိုင်ငံကုန်သွယ်မှုပိုမိုတိုးတက်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ရှမ်းပြည်နယ်အစိုးရတို့ရဲ့ အလေးအနက်ထား ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏတွေဟာ တစ်နှစ်ထက်တစ်နှစ်ပိုမို တိုးတက်လာတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံရှိတဲ့အနက် တရုတ်နိုင်ငံဟာ အရေးပါတဲ့ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ-တရုတ် ကုန်သွယ်မှုပမာဏဟာ နှစ်စဉ်တိုးတက်လျက်ရှိနေသလို ၂၀၁၄-၁၅ဘဏ္ဍာနှစ် စာရင်းဇယားများအရ အမေရိကန်ဒေါ်လာ ၉ ဒသမ ၇ ဘီလီယံရှိခဲ့တဲ့အနက် နယ်စပ်ဒေသမှတစ်ဆင့်ကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉ ဘီလီယံရှိခဲ့ကြောင်း သိရှိရပါတယ်။

မြန်မာ-တရုတ်နယ်စပ်ဒေသ ကုန်သွယ်ရေးစခန်းငါးခုရှိပါတယ်။ အဲဒီကုန်သွယ်ရေးစခန်းတွေကတော့ ကန်ပိုက်တီးကုန်သွယ်ရေးစခန်း၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၊ မူဆယ်ကုန်သွယ်ရေးစခန်း၊ ထီးခီးကုန်သွယ်ရေးစခန်းနဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့ပဲ ဖြစ်ပါတယ်။

အဲဒီစခန်းငါးခုအနက် မူဆယ်-ကျယ်ဂေါင်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံရှိကြောင်း သိရပါတယ်။

စာမျက်နှာ ၂၂ သို့ ➲

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Gao Shuxun အား သွားရောက်တွေ့ဆုံ

(၁၅)ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်စည်ပြပွဲသို့ တက်ရောက်ရန် ရောက်ရှိနေသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ယူနန် ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Gao Shuxun အား ကျင်းချိန်တိဟိုင်ဟိုတယ်အစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၁၅ရက် နံနက် ၁၁ နာရီက သွားရောက်တွေ့ဆုံခဲ့ပါသည်။



အဆိုပါတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးနှင့်တာဝန်ရှိသူများ၊ ယူနန်ပြည်နယ်၊ တက်ဟုန်းပြည်နယ်ခွဲပါတီကော်မတီအတွင်းရေးမှူး မစ္စတာဝမ်ကျင့်ကျွမ်၊ ယူနန်ပြည်နယ် ကုန်သွယ်ရေး အထူးကိုယ်စားလှယ် မစ္စတာလီချောင်ရှင်းနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Gao Shuxun က ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးပြောကြားခဲ့သည့်အချက်အလက်များကို အရေးတယူမှတ်သား၍လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နှစ်ကာလကြာမြင့်စွာကပင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးခဲ့သည့်အလျောက် ယင်းချစ်ကြည်ရင်းနှီးမှုကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

# GP Golden Pollen TRADING Co.,LTD.

ရေယာဉ်သုံးအင်ဂျင်နှင့် ဂီယာဘောက်စ်များကို
ဈေးနှုန်းချိုသာစွာဖြင့်တင်သွင်းရောင်းချပေးနေပါသည်။

ADVANCE
အမှတ်တံဆိပ်ဂီယာဘောက်စ်များ



MB170 MARINE GEARBOX | 135A MARINE GEARBOX | D300A MARINE GEARBOX | HCT400A/1 MARINE GEARBOX | HCT600A MARINE GEARBOX | HCT400A MARINE GEARBOX | HCT600A/1 MARINE GEARBOX

中国重汽 SINOTRUK
Cummins Marine



WD615.57C | KTA 19M | NTA 855M | NTA 855G4

ပြောက်ပိုင်းနှင့်ကောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှဖြန့်ချိသော
ND ဟိုင်ပေါ့ကွန်ပေါင်းဓါတ်မြေဩဇာ



NPK 10:7:8 NPK 12:13:0

No.(112), Banmaw Atwin Wun Street, Shwe Pyi Tahar Industrial Zone 2,
Shwe Pyi Thar Township, Yangon, Myanmar.
Tel: 01-618021, 618022, 618346, 618347, 720229 Fax : 01-618060
email: goldenpollen@myanmar.com.mm

ရန်ကုန်
အမှတ် (၁၁၂)၊ ဗန်းမော်အတွင်းဝန်လမ်း၊
ရွှေပြည်သာစက်မှုဇုန် (၂)၊ ရွှေပြည်သာမြို့နယ်။
ဖုန်း ၀၁ - ၆၁၈၀၂၂၊ ၆၁၈၃၄၇၊ ၇၂၀၂၂၉
ဖက်စ် ၀၁ - ၆၁၈၀၆၀

မန္တလေး
အမှတ် ( - ၁၀၅) စက်မှုဇုန် (၁)၊
ကနောင်မင်းသားကြီး နှင့် ဂုဏ်လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်။
ဖုန်း ၀၂ - ၅၄၆၆၉၀၊ ၅၂၂၆၇
ဖက်စ် ၀၂ - ၅၂၂၆၇

# TOE TET LINN CO., LTD.

Room-B-001, MAC Tower II, No. 797, Bogyoke Aung San Road,
(Coner of Wadan Street), Lanmadaw Township, Yangon, Myanmar.

TEL : 228847, 224982,
211637, 224811
FAX : 095-1-229090
E-mail : toetetlinn@myanmar.com.mm

# DIAMOND ARROW GENERAL TRADING CO., LTD.

RoomB-001, MAC Tower II, No. 797, Bogyoke Aung San Road, (Comer of Wadan Street),
Lanmadaw Township, Yangon, Myanmar.
Tel:228847, 224982, 211637, 224811, Fax: 95-1-229090 E-mail: diamondarrow@mptmail.net.mm

## EXPORT

pulses, Beans, Onion & All Agricultural Products, Especially Sesame Seeds.

## IMPORT

Hardwares, Truck Tires, Milk Powder, Wheat Flour, Art Papers & Stationeries & Chemical Products, Etc...



BUTTER BEANS | WHITE SESAME SEEDS | GREEN MUNG BEANS | BLACK SESAME SEEDS | PEYIN BEANS | TURMERIC FINGER | RED KIDNEY BEANS | TAMARIND



SUTANIPYA BEANS | ONION | LAB LAB BEANS | JAGGERY POWDER | BLACK MATPE | CORIANDER SEEDS | TAPIOCA POWDER | BLACK EYED BEANS

OFFICE ADDRESS
Room (B-001)MAC Tower II, No.797, Bogyoke Aung San Road, (Corner of Wadan Street), Lanmadaw Township, Yangon, Myanmar.
Tel : 95-1-228847, 224982, 211637, 224811 Fax : 95-1-229090 E-mail : Toetetlinn@myanmar.com.mm

WAREHOUSE ADDRESS
1. Block 42/154, Industrial Zone 3rd st., Industrial Zone(1), Shwe Pyi Thar Township, Yangon, Myanmar. Tel : 610240, 612594
2. No.23, U Pho Hlaing Rd., Cor of Min Gyi Maha Min Khaung St., Industrial zone(3), Shwe Pyi Thar Tsp, Yangon. Tel : 611197, 613083

## ပြောင်း

### တောင်ကြီးဈေးကွက်သို့ ဆီဆိုင်ပြောင်းသစ်ဝင်

ရှမ်းပြောင်းတွေလည်း ဈေးကွက်မှာအဝင်လှိုင်နေပါပြီ။ ရှမ်းပြည်နယ်တောင်ပိုင်း နယ်စုံကထွက်လာတော့ အဝင်လည်းများလာပါတယ်။ ရှမ်းတောင်သာမက ရှမ်းမြောက်၊ ကယားစတဲ့နယ်တွေကပါထွက်နေတော့ ပစ္စည်းကများနေပြီး၊ ဈေးကလည်းအနည်းငယ်အေးလာပါတယ်။

မူဆယ်ဝယ်လက်တွေကတော့ သယ်ယူစရိတ် နည်းအောင် ရှမ်းမြောက်ကပြောင်းတွေကို အဝယ်များပါတယ်။ ရှမ်းတောင်မှာ အထွက်များတဲ့ ဆီဆိုင်ပြောင်းကတောင်ကြီးဈေးကွက်ကိုဝင်ပေမယ့် ရပ်စောက်ပြောင်းကတော့ ရန်ကုန်နဲ့မန္တလေးအထိ ဆင်းတယ်လို့ သိရပါတယ်။

တောင်ကြီးဈေးကွက်ကိုဝင်တဲ့ ဆီဆိုင်ပြောင်းကိုတော့ တိရစ္ဆာန်အစာစပ်တွေ CP ကုမ္ပဏီ၊ မေခကုမ္ပဏီတို့ကအဝယ်များတယ်လို့လည်းသိရပါတယ်။ တိရစ္ဆာန်အစာစပ်ကုမ္ပဏီတွေကတော့ သန့်စင်ပြီး (ထိပ်စ) တွေကို တစ်ပိဿာ ၄၃၅ ကျပ်နဲ့ ဝယ်ယူပါတယ်။ CP ကုမ္ပဏီကတော့ ဆီဆိုင်စတွေ အဝယ်များပြီး၊ သတ်မှတ်ချက်ပြည့်မီတဲ့အထိ ဝယ်ရမှာဖြစ်လို့ ၂၀၁၆ မတ်၊ ဧပြီလထိဝယ်ဖြစ်မယ်လို့လည်း တာဝန်ရှိသူတစ်ဦးထံက သိရပါတယ်။ ပုံမှန်ပြောင်းကတော့ တစ်ပိဿာ ၃၈၀ ကျပ်၊ ၃၉၀ ကျပ်ဈေးပေါက်နေတယ်လို့သိရှိရ ပါတယ်။ **ဇေခိုင်-တောင်ကြီး**

### ပြောင်းတင်ပို့မှု လျော့ကျ

ဒီဇင်ဘာလ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၇ ဒသမ ၈၇၈ သန်းဖိုးရှိ ပြောင်း ၃၂၇၉၉ တန်ခွဲနဲ့ ချင်းရွှေဟော်မှ ကန်ဒေါ်လာ သုည ဒသမ ၁၉၇ သန်းဖိုးရှိ ပြောင်း ၈၁၉ တန်တင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က တရုတ်နယ်စပ်ရှိ စခန်း ၄ ခုမှ ပြောင်းတန်ချိန်ပေါင်း ၄၆၂၉၂ တန်ကျော်ထိ တင်ပို့နိုင်ခဲ့တာမို့ ယခုတစ်ပတ်မှာ ပြောင်းတင်ပို့မှု ၁၂၆၇၄ တန်လျော့နည်းသွားပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၃၁၁၅၄၆ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၃၁၁၂၃၄ ကျပ်သို့ ဈေးထပ်မံကျဆင်းသွားတာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ နယ်အစုံက ပြောင်းတွေ အဝင်သွက်နေသလို တရုတ်ဘက်က ဝယ်လက်ပုံမှန်ရှိပေမယ့် ဈေးကွက်ကို ပစ္စည်းအဝင်လှိုင်လို့ ဈေးကျဆင်းပြီး ၅၀ ကီလိုတစ်အိတ်ကို ၈၀ ယွမ်ဈေးနဲ့ အရောင်းအဝယ်ရှိနေတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## သကြား

### သကြားဖြူ တန်တစ်သောင်းကျော် တရုတ်နိုင်ငံသို့ တင်ပို့

ဒီဇင်ဘာလ ၅ ရက်မှ ၁၁ ရက်ထိ သီတင်းပတ်အတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၉ ဒသမ ၁၅၁ သန်း တန်ဖိုးရှိ သကြားဖြူ ၁၆၀၉၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်ထက် ၁၄၈၂ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ တရုတ်နိုင်ငံတွင် အရန်သိုလှောင်ထားတဲ့ သကြားများကို ထုတ်ရောင်းနေသော်လည်း လိုအပ်ချက်များနေခြင်းကြောင့် မြန်မာနိုင်ငံမှ ရောင်းချတဲ့ သကြားများကို ဝယ်ယူနေကြောင်း မူဆယ်မြို့ရှိ ကုန်သည်များထံမှ သိရပါတယ်။ လက်လီသကြားဈေးကတော့ ယခင်သီတင်းပတ်ကကော ယခုသီတင်းပတ်ပါ တစ်ပိဿာလျှင် ၁၄၀၀ ကျပ်နဲ့ ဈေးငြိမ်လျက်ရှိပါတယ်။ **မြင့်မြင့်မာ**

## ဝဥ

### ဝဥခြောက် ပိုမိုတင်ပို့

ဝဥ ကို ဇွန်လမှာ စိုက်ပျိုးပြီး နိုဝင်ဘာလနဲ့ ဒီဇင်ဘာလမှာ ဖော်ကြပါတယ်။ ဝဥပင်ကို နှစ်နှစ်သားအထိ ထားရှိပြီးမှ တူးဖော်ယူကြပါတယ်။ ဝဥ ကို ဖျံဥလို့လည်း ခေါ်ကြပါတယ်။ အလေ့ကျပေါက်တဲ့ ဝဥပင်များဟာ နတ်တော်၊ ပြာသိုလမှာ ဖြိုင်ဖြိုင်ပေါ်ပြီး တစ်ဥလျှင် အနိမ့်ဆုံး ၁ ပိဿာမှ ၂ ပိဿာကျော်အထိ ရှိတယ်လို့ သိရပါတယ်။

ဒီလိုရာသီပေါ်ချိန်ဖြစ်လို့လည်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ဈေးကွက်မှာ ဝဥခြောက် တင်ပို့မှုဟာ အပတ်စဉ် ပုံမှန်တင်ပို့နေတာတွေ့ရပါတယ်။ ဒီဇင်ဘာ ဒုတိယပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၁၇၀ သန်းတန်ဖိုးရှိ ဝဥခြောက် ၉၂ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၃၇ တန်ခွဲသာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ် ဝဥခြောက် တင်ပို့မှုပိုမိုလာပါတယ်။ ယခုအခါ ဝဥခြောက်လုပ်ငန်းတွေ တွင်ကျယ်လာလို့ တောထဲမှာ အလေ့ကျ ပေါက်ရောက်နေတာကို စိုက်ခင်းတွေနဲ့ စိုက်ပျိုးလာကြပြီး မြောင်းဘောင်တင်၍ စိုက်လာကြတယ်လို့သိရပါတယ်။ **မော်မော်အောင်**

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှ ရော်ဘာတန် ၄၀၀ ကျော်တင်ပို့

နိုဝင်ဘာလ ၆ ရက်မှ ၁၂ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၃၉၅ သန်းတန်ဖိုးရှိ ရော်ဘာ ၄၆၅ တန်တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ မလေးရှားနိုင်ငံကို RSS-3 တန် ၂၈၀ နဲ့ RSS-2 ၃၂ တန်၊ ဂျပန်နိုင်ငံကို MSR-20 ၉၈ တန် ၊ တရုတ်နိုင်ငံကို Cutting Rubber ၅၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၂၇၅ တန်လျော့နည်းတင်ပို့ ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေး အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် မြန်မာ့ရော်ဘာဈေးလည်း အပြောင်းအလဲ သိပ်မရှိပါဘူး။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးကို ဖော်ပြပေးလိုက်ပါတယ်-

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၁၀၀-၁၂၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၀၀၀-၁၁၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၉၅၀-၁၀၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၉၀၀-၁၀၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၀၀၀-၁၁၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၉၅၀-၁၀၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၈၅၀ - ၉၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၈၀၀ - ၉၀၀ |
| Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ ၆၅၀ - ၇၅၀ |

**ယဉ်ယဉ်အေး**

### ၂၀၁၅ နိုဝင်ဘာလအတွင်း အိန္ဒိယမှရော်ဘာထွက်ရှိမှု ၁၇ ရာခိုင်နှုန်းကျဆင်း

အိန္ဒိယနိုင်ငံမှ ရော်ဘာထွက်ရှိမှုဟာ ရော်ဘာအများဆုံးထွက်ရှိချိန်မှာပင် ဆိုးရွားသော အခြေအနေ ရှိနေတယ်၊ အောက်တိုဘာလမှာ ၁၅ ရာခိုင်နှုန်း၊နိုဝင်ဘာလမှာ ၇ ရာခိုင်နှုန်း အသီးသီးကျဆင်းနေပြီး သုံးစွဲမှုပမာဏကလည်း ၄ ရာခိုင်နှုန်းသို့ လျော့ကျလျက်ရှိနေပါတယ်။

ရော်ဘာအဖွဲ့ရဲ့ ဒီဇင်ဘာလ ဒုတိယပတ်မှာ သတင်းထုတ်ပြန်ချက်အရ နိုဝင်ဘာလမှာ ထုတ်လုပ်မှုပမာဏ တန်ချိန် ၅၀၀၀၀ ရှိပြီး သုံးစွဲမှုပမာဏက တန်ချိန် ၈၂၀၀၀ ရှိနေပါတယ်။ နိုင်ငံတကာရော်ဘာဈေးကွက်မှာ ဈေးကျနေသော်လည်း တင်သွင်းမှုပမာဏကလည်း ၁၄ ရာခိုင်နှုန်းအထိ ကျဆင်းနေပါတယ်။ ဧပြီလမှ နိုဝင်ဘာလထိရော်ဘာထုတ်လုပ်မှုတန်ချိန်မှာ ၃၇၇၀၀၀ ရှိပြီး ယမန်နှစ်ကာလတူထက် ၁၆ ရာခိုင်နှုန်း လျော့ကျခဲ့ပါတယ်။ သုံးစွဲမှုပမာဏမှာ ၆၆၂၁၆၀ တန်ရှိပြီး ကာလတူထက် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ တင်သွင်းမှုပမာဏ ၂၈၈၄၉၉ တန်ရှိပြီး ကာလတူထက် ၉ ရာခိုင်နှုန်းအသီးသီး လျော့ကျခဲ့ပါတယ်။ တင်သွင်းမှုပမာဏ လျော့ကျရခြင်းရဲ့ အဓိကအကြောင်းရင်းမှာ သွင်းကုန်စည်းကြပ် ခွန်နှုန်းမြင့်တဲ့အတွက်ဖြစ်ပါတယ်။

လွန်ခဲ့တဲ့လအနည်းငယ်ခန့်မှစပြီး ထုတ်လုပ်မှုပမာဏက လည်း သိသိသာသာ ကျဆင်းနေပါတယ်။ကမ္ဘာ့ရော်ဘာထုတ် လုပ်မှုအများဆုံး ထိပ်တန်းစာရင်းမှာ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နဲ့ တရုတ်နိုင်ငံများနဲ့ မလေးရှားနိုင်ငံပြီးလျှင် အိန္ဒိယနိုင်ငံက ဆဋ္ဌမနေရာမှာရှိနေပြီး ယခင်က အိန္ဒိယနိုင်ငံ က စတုတ္ထနေရာမှာရှိရာမှ ယခုအခါ တရုတ်နိုင်ငံနဲ့ မလေး ရှားနိုင်ငံ အောက်အဆင့်ကို ကျသွားခဲ့တာဖြစ်ပါတယ်။

ရော်ဘာအဖွဲ့ရဲ့ရည်မှန်းချက်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ တန်ချိန် ၆ ဒသမ ၈ သိန်း ထွက်ရှိရန်လျာထားသော်လည်း လက်တွေ့မှာ တန်ချိန် ၆ သိန်းအောက်သာ ထွက်ရှိနိုင်မယ့်အကြောင်းကတော့ ကမ္ဘာ့ရော်ဘာဈေးထိုးကျခြင်းကြောင့် ရော်ဘာအစေးခြစ်လုပ်ငန်းတွေရပ်ဆိုင်းသွားလို့ ဖြစ်ပါတယ်။ ဒီဇင်ဘာလ ဒုတိယပတ် သောကြာနေ့မှာ တာယာ ထုတ်လုပ်ရာမှာ အသုံးပြုတဲ့ RSS-4 အမျိုးအစား ရော်ဘာ၁ကီလိုဂရမ်ကို ၁၀၃ ရူပီးရှိပြီး ၇ နှစ်တာကာလအတွင်းမှာ အနိမ့်ဆုံးဈေးလို့သိရပါတယ်။

ထုတ်လုပ်မှုကုန်ကျစရိတ်ထက် ရော်ဘာပေါက်ဈေးက ကျဆင်းနေတဲ့အတွက် ရော်ဘာစိုက်ပျိုးသူများ အစေးခြစ်လုပ်ဆောင်မှုလည်း တုံ့ဆိုင်းနေပါတယ်။ နောက်ထပ်အကြောင်းတရားတစ်ခုကတော့ ပုံမှန်မဟုတ်တဲ့ မိုးရွာသွန်းမှုက အစေးထွက်ရှိမှုကို ကျဆင်းနေတဲ့အတွက်လည်း ဖြစ်ပါတယ်။ **CMK**

### ပြည်ပမှ ရော်ဘာတင်သွင်းမှုကို ရပ်တန့်ပေးရန် သို့မဟုတ် သွင်းကုန်ခွန် တိုးမြှင့်သတ်မှတ်ပေးရန် ကီရာလာရော်ဘာစိုက်ပျိုးသူများအသင်းက အိန္ဒိယအစိုးရကို တောင်းဆို

အိန္ဒိယအစိုးရအနေနဲ့ ပြည်ပရော်ဘာတင်သွင်းမှုကို ရပ်တန့်ပေးရန် သို့မဟုတ် သွင်းကုန်ခွန်စည်းကြပ်နှုန်း တိုးမြှင့်သတ်မှတ်ခြင်းကို ချက်ချင်းလုပ်ဆောင်ပေးရန် ကီရာလာရော်ဘာစိုက်ပျိုးသူများအသင်း(Kerala Rubber Farmers; Association) က တောင်းဆိုလိုက်ပါတယ်။

ဒီဇင်ဘာလ ၁၆ ရက်က လူမှုရေးအသင်းအဖွဲ့ဥက္ကဋ္ဌ P.P Somarajam ကရော်ဘာစိုက်ပျိုးသူ သိန်း ၂၀ ခန့်နဲ့ အလုပ်သမားသိန်း ၃၀ ခန့်ဟာ ရော်ဘာဈေးနှုန်းများဆိုးရွားစွာ ကျဆင်းနေခြင်းကြောင့် သူတို့ရဲ့ လူမှုဘဝများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်ပျက်သုဉ်းနေကြောင်း ထုတ်ပြန်လိုက်ပါတယ်။ သူ့ရဲ့ထုတ်ပြန်ချက်အရဆိုရင် ပြည်နယ်အတွင်းမှာ ရော်ဘာစိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကျောင်းပြုသူ ခန့်မှန်းခြေ သိန်း ၁၀၀ အောက်ခပ်လျော့လျော့သာရှိပြီး စိုက်ပျိုးမြေမှာ ၅၉၀၀၀ ဟက်တာရှိတယ်လို့ သိရပါတယ်။

အစိုးရက အုပ်စုငယ်လေးဖြစ်တဲ့ ရော်ဘာပစ္စည်းစက်မှုလုပ်ငန်းရှင်များကို ပံ့ပိုးပေးမယ့် မူဝါဒအမှားကြောင့် ပြည်တွင်းရော်ဘာဈေးမှာ ၁ ကီလိုကို ရူပီး ၁၀၀ ခန့်သာဈေးပေါက်တော့ကြောင်း၊ ယခုနှစ် တာယာပေါက်ဈေးကတော့ လွန်ခဲ့တဲ့ရာစုနှစ်က ပေါက်ဈေးများနဲ့ နှိုင်းယှဉ်လျှင်လျော့ကျခဲ့ကြောင်း သိရပါတယ်။

အိန္ဒိယအစိုးရအနေနဲ့ ရော်ဘာစိုက်တောင်သူများကို ထောက်ပံ့ပေးမယ့် အစီအစဉ်ကလည်း စုစုပေါင်း ရော်ဘာစိုက်တောင် သူရဲ့ ၂၀ ရာခိုင်နှုန်းခန့်သာ အကျိုးဝင်ခံစားရမှာဖြစ်ကြောင်း လူမှုရေးအဖွဲ့ဥက္ကဋ္ဌ Mr Somarajan က ပြောပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ ရော်ဘာတင်သွင်းမှုကို ရပ်ဆိုင်းရန် သို့မဟုတ် တင်သွင်းခွန်ကို တိုးမြှင့်စည်းကြပ်သတ်မှတ်ပေးနိုင်မှသာ ယခင်က ရရှိခဲ့တဲ့ ရော်ဘာ တစ်ကီလို ၁၉၀ ရူပီးနှုန်း ရရှိမှာဖြစ်တယ်လို့ ပြောပါတယ်။ အစိုးရ ထောက်ပံ့မှုက စိုက်ပျိုးတဲ့မြေအကျယ် အဝန်းအလိုက် အဆင့်ခွဲခြား သတ်မှတ်ထောက်ပံ့ခြင်းဖြစ်တဲ့အတွက် တောင်သူ ၈၀ ရာခိုင်နှုန်းကတော့ ထောက်ပံ့ငွေရရှိရန် သတ်မှတ်ချက်များနဲ့ အကျုံးဝင်ခြင်းမရှိဘူးလို့ သိရပါတယ်။ **CMK**




# စပါးခွံသုံး Gasifier ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၏ အကျိုးဆက်များ

|တင်မာကြည်|

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ရှိ အသေးစားနဲ့ အလတ်စားလုပ်ငန်းများကို အားပေးကူညီနေချိန်မှာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဟာ ကြီးမားတဲ့စိန်ခေါ်မှုဖြစ်နေပါတယ်။ နိုင်ငံတော်အနေနဲ့ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားဖို့အတွက် လိုအပ်တဲ့ လျှပ်စစ်ဓါတ်အားကို ဖြည့်ဆည်းနိုင်ရန် ရေအားလျှပ်စစ်စီမံကိန်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ဆိုလာစနစ်အသုံးပြုပြီး ကျေးလက်မီးလင်းရေး ဆောင်ရွက်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အကူအညီရယူပြီး ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်များတည်ဆောက်နိုင်ရန် ကြိုးပမ်းခြင်း၊ စွန့်ပစ်အမှိုက်များမှ လျှပ်စစ်ထုတ်ယူနိုင်ရန် နိုင်ငံခြားကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းစတဲ့ လုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်။

ကျွန်မတို့မြန်မာနိုင်ငံမှာသာမက ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း စွမ်းအင်လိုအပ်ချက်ဟာ အရေးပါတဲ့စိန်ခေါ်မှုတစ်ခုဖြစ်နေပါတယ်။ စွမ်းအင်အရင်းအမြစ်ကို ရှာဖွေကြရာမှာ ကမ္ဘာ တည်သရွေ့ မကုန်ခမ်းနိုင်ဘဲ သဘာဝပတ်ဝန်းကျင် ကို ထိခိုက်မှုနည်းစေပြီး သန့်စင်စွမ်းအင်ဖြစ်တဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို သဘာဝ အရင်း အမြစ်များမှ ထုတ်ယူသုံးစွဲနိုင်ရန် နည်းလမ်းမျိုးစုံ သုံးပြီး ရှာဖွေစမ်းသပ်အသုံးပြုမှုတွေ ပြုလုပ်နေကြ ပါတယ်။

## ဇီဝဒြပ်ထု (Biomass)

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်တဲ့ နေစွမ်းအင်၊ လေစွမ်းအင်၊ ရေအားမှရရှိသော စွမ်းအင်၊ ဇီဝဒြပ်ထုမှရတဲ့စွမ်းအင်၊ ဘူမိအပူစွမ်းအင်တို့ထဲက ဇီဝဒြပ်ထု(Biomass)မှစွမ်းအင်ထုတ်ယူခြင်းဟာလည်း အရေးပါတဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ဇီဝဒြပ်ထုတွေဟာ လူသားတို့ဝန်းကျင်မှာ သဘာဝအလျောက်ဖြစ်တည်နေသလို စားဝတ်နေရေးအတွက် လူသားတို့ လုပ်ဆောင်ဖန်တီးမှုများမှလည်း အလေအလွင့် (Waste)များအဖြစ် စဉ်ဆက်မပြတ် ရရှိနိုင်တဲ့ ပစ္စည်းများဖြစ်ပါတယ်။ ဇီဝဒြပ်ထုအခြေခံတဲ့ နည်းပညာမှာ (၁) အစိုင်အခဲလောင်စာ (Solid Fuel) ပိုင်းမှာ အမှုန့်(Powder)၊ အပိုင်းအစ (Chip)၊ အတောင့်ငယ် (Pallet)နဲ့ ကျောက်မီးသွေး လောင်စာတောင့်ကဲ့သို့ လောင်စာတောင့် (Briquette) စတဲ့ အနေအထားတို့နဲ့ တွေ့နိုင်ပါတယ်။ (၂) အရည်လောင်စာ (Liquid Fuel) ပိုင်းမှာ ဘိုင်အို အက်သနော (Bio-ethanol)၊ ဘိုင်အို ဒီဇယ် (Biodiesel) တို့အနေနဲ့ တွေ့နိုင်ပါတယ်။ (၃) အငွေ့လောင်စာ (Gas Fuel) ပိုင်းမှာ ဇီဝဒြပ်ထုများကို အချဉ်ဖောက်ခြင်းနည်းနဲ့ ရရှိသော ဇီဝဓာတ်ငွေ့ (Bio Gas)၊ ဇီဝဒြပ်ထုများကို အပူရှိန်ကြောင့် ဓာတ်ပြိုကွဲပြီး ရရှိတဲ့ ဇီဝဓာတ်ငွေ့ (Producer Gas) တို့အနေနဲ့ ရရှိနိုင်ပါတယ်။

ကောက်ရိုး၊ လွှစာ၊ စပါးခွံ၊ ကြံဖတ်၊ သစ်အပိုင်းအစငယ်များ (Wood Chip)၊ အမှိုက်ဆိုပြီး ဇီဝဒြပ်ထု၊ အစိုင်အခဲလောင်စာ အမျိုးအစားပေါင်းများစွာရှိတဲ့အနက် စပါးခွံဟာ ကျွန်မတို့မြန်မာနိုင်ငံမှာ အလွယ်ကူဆုံးနဲ့ အများဆုံးရနိုင်တဲ့ ဇီဝဒြပ်ထု အရင်းအမြစ်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စာရင်းဇယားအရ စပါးတင်းပေါင်း ၁၂၄၂ သန်း၊ တန်ချိန်အနေနဲ့ ၂၅ ဒသမ ၉၂ သန်း ထွက်ရှိတယ်လို့ သိရပါတယ်။ မျိုးနဲ့အလေအလွင့် ချန်လှပ်ပြီး စပါးတင်း ၉၀၃ ဒသမ ၆ သန်း၊ တန်ချိန်အနေနဲ့ ၁၈ ဒသမ ၉ သန်းကို ကြိတ်ခွဲတာဖြစ်ပါတယ်။ ဆန်အဖြစ်ကြိတ်လိုက်ရင် ထွက်လာတဲ့ စပါးခွံပမာဏက တန်ချိန်ပေါင်း ၄ ဒသမ ၂ သန်း ထွက်ရှိမှာဖြစ်ပါတယ်။ စပါးခွံ 2 Kg ကနေလျှပ်စစ်ဓါတ်အား 1 Kwအကြမ်းဖျင်း ထုတ်ယူနိုင်တဲ့ အတွက် 239 MW ရရှိနိုင်ပါတယ်။

ဒါကြောင့်လည်း ၂၀၀၀ ခုနှစ်ဝန်းကျင်ကစပြီး စပါးခွံသုံး Gasifier တွေ အသုံးပြုပြီး လျှပ်စစ်ဓာတ်အားကို ထုတ်ယူသုံးစွဲခဲ့ကြတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံမှာ ဆန်စက်ပေါင်း ၁၆၈၁၉ လုံးရှိပြီး စပါးခွံသုံး ဓာတ်ငွေ့ထုတ်စက် တပ်ဆင်လည်ပတ်ခဲ့တဲ့ ဆန်စက်က ၃၁၆၉ လုံးရှိပါတယ်။ ပြည်တွင်းထုတ် Gasifier များရဲ့ အားနည်းချက်တွေကြောင့် ပတ်ဝန်းကျင် ထိခိုက်မှုများရှိလာပြီး လက်ရှိအချိန်မှာ Gasifier သုံးပြီး လည်ပတ်နေတဲ့ဆန်စက်က ၂၄၆ လုံးသာရှိတယ်လို့ သိရပါတယ်။ ဆန်စက်များမှာ သုံးစွဲမှုလျော့ကျပေမယ့်လည်း လျှပ်စစ်ဓာတ်အား 30 Kw ကနေ 300 Kw အထိ ထုတ်လုပ်နိုင်တဲ့ ပြည်တွင်းဖြစ် Gasifer တွေကို အသေးစားနဲ့ အလတ်စား အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများနဲ့ ကျေးလက်မီးလင်းရေး လုပ်ငန်းတွေမှာ ဒီနေ့အထိ အားထားပြီး သုံးစွဲနေရဆဲပါ။ လိုအပ်ချက်အရ သုံးစွဲနေရပေမယ့်လည်း မြန်မာနိုင်ငံမှာ အသုံးပြုနေတဲ့ Gasifer များရဲ့ နည်းပညာပိုင်း၊ အားနည်းနေသလို သုံးစွဲတဲ့ပြည်သူတွေကလည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုရာမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို အနည်းဆုံးဖြစ်အောင် စနစ်တကျထိန်းသိမ်းရမယ်ဆိုတဲ့ ဗဟုသုတလည်း အားနည်းနေတယ်လို့သိရပါတယ်။ ဒါကြောင့် စပါးခွံသုံး Gasifer တွေသုံးပြီး လျှပ်စစ်ဓာတ်အား ထုတ်ယူရာမှာ ဒီနေ့အထိ အခက်အခဲတွေနဲ့ ကြုံတွေ့နေရတာပါ။

### လက်ရှိရင်ဆိုင်နေရတဲ့အခက်အခဲများ

(က) ပြည်တွင်းထုတ် Gasifier တွေရဲ့ အားနည်းချက်တွေကြောင့် စက်လည်ပတ်မှုမှာ ဖြစ်ပေါ်နေတဲ့ အခက်အခဲများ

(၁) အဓိက အခက်အခဲကတော့ ကတ္တရာ (Tar)ထွက်ရှိမှုဟာ သင့်တင့်တဲ့ပမာဏ (10-500) mg/m3 ထက်များနေတာပဲ ဖြစ်ပါတယ်။

(၂) ကတ္တရာထွက်ရှိမှုများတဲ့အပြင် ကတ္တရာစစ်ပစ္စည်းအနေနဲ့ စပါးခွံကိုပဲ ပြန်သုံးတာကြောင့် ၄ နာရီခြားတစ်ခါ စပါးခွံများနဲ့ ပြာများကို ရှင်းထုတ်ပြီး သန့်ရှင်းရေးလုပ်ရပါ တယ်။ ဒါကြောင့် ဆက်တိုက်စက်မလည်နိုင်ဘဲ လုပ်ငန်းကြန့်ကြာမှုရှိပါတယ်။

(၃) ကတ္တရာအထွက်များလာရင် အင်ဂျင်ပိုင်းမှာ Engine Head &Sd Inlet Valve, Outlet Valve, Valve Seat များမှာ ကတ္တရာများကပ်ငြိနိုင်ပါတယ်။ ကတ္တရာထွက်ရှိမှု ပိုများလာ ခဲ့ရင် Engine Cylinder, Piston နဲ့ Piston - Ring အထိပါ ကတ္တရာများ ကပ်ငြိနိုင်ပြီး အင်ဂျင်ပျက်စီး လွယ်ပါတယ်။

(၄) အင်ဂျင်မှာ ကပ်ငြိတဲ့ ကတ္တရာတွေကို ရှင်းလင်းဖယ်ထုတ်ရာမှာ အင်ဂျင်ဝိုင်အတွင်း ကတ္တရာများရောက်ရှိပြီး အင်ဂျင်ဝိုင်သန့်ရှင်းမှု အားနည်းနိုင်တာကြောင့် အင်ဂျင်ဝိုင်ကို စက်လည်နာရီ ၅၀ မှ ၁၀၀ နာရီအတွင်း လဲလှယ်ပေးရပါတယ်။

(၅) မကြာခဏ သန့်ရှင်းရေးလုပ်ရတဲ့အတွက် လုပ်သားတွေမှာ ကျန်းမာရေး ထိခိုက်နိုင်ပါ တယ်။

(ခ) Gasifier မှစွန့်ထုတ်လိုက်တဲ့ စွန့်ပစ်ပစ္စည်းတွေကြောင့် ပတ်ဝန်းကျင်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲများ

(၁) စွန့်ပစ်ပစ္စည်းတွေဖြစ်တဲ့ ကတ္တရာ၊ ပြာနဲ့ စွန့်ပစ်ရေတို့ကို စနစ်တကျ မစွန့်ပစ်ရင် ဒီစွန့်ပစ်ပစ္စည်းတွေမှာ ပါဝင်တဲ့ ဓာတ်ပစ္စည်းတွေ၊ အမှုန်အမွှားတွေကြောင့် သက်ရှိသတ္တဝါတွေအတွက် အန္တရာယ်ရှိနိုင်ပါတယ်။

(၂) သဘာဝပတ်ဝန်းကျင်ရှိ လေထု၊ မြေထု၊ ရေထုကို ညစ်ညမ်းစေပြီး ထိခိုက်ပျက်စီးနိုင်ပါတယ်။

(၃) Gasifier လည်ပတ်နေချိန်မှာ အနံ့ဆိုးမထွက်ပေမယ့် စက်ရပ်နားချိန်မှာ စနစ်တကျ စက်မရပ်ခဲ့ရင် လက်ကျန်စပါးခွံတွေရဲ့ အနံ့ဆိုးကြောင့် ပတ်ဝန်းကျင်ကျေးရွာတွေရှိ ရွာသူ/ရွာသားတွေကို ကျန်းမာရေး ထိခိုက်စေနိုင်ပါတယ်။

### အားနည်းချက်တွေကို ကျော်လွှားနိုင်ရန် စီးပွား/ကူးသန်းဝန်ကြီးဌာနမှ ကြိုးပမ်းချက်များ

မဖြစ်မနေ သုံးစွဲနေရဆဲဖြစ်တဲ့ စပါးခွံသုံး Gasifier တွေရဲ့ အားနည်းချက်တွေ ကို ပြုပြင်ပြီး အဆင့်မြှင့်တင်နိုင်ဖို့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (METI)၊ ဂျပန်နိုင်ငံ၊ စွမ်းအင်သစ်နှင့် စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (NEDO) တို့ရဲ့ ဦးဆောင်ပံ့ပိုးကူညီမှု၊ မြန်မာဆန်စက် လုပ်ငန်းရှင်များအသင်း၊ မြန်မာဆန်စက် ကုမ္ပဏီတို့ပူးပေါင်းမှုနဲ့ ၂၀၁၂ ခု၊ နိုဝင်ဘာလမှ ၂၀၁၃ ခု၊ ဖေဖော်ဝါရီလအထိ သုတေသနပြု ဆောင်ရွက်ခဲ့ပါတယ်။ ဒီ ဂျပန်-မြန်မာ ပူးပေါင်းသုတေ သနပြု စီမံကိန်းကို ဧရာဝတီတိုင်းဒေသကြီးဒေးဒရဲမြို့နယ်ရှိ ဗမာ့စံပြဆန်စက်နဲ့ ညောင်တုန်းမြို့နယ် ဒို့လယ်သမား ဆန်စက်တို့မှာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

### သုတေသနရလဒ်များ

(၁) အကောင်းဆုံးစပါးခွံမီးသွေးတောင့် ထုတ်လုပ်လာနိုင်ခြင်း

စပါးခွံသုံးဓာတ်ငွေ့ထုတ်စက်မှာ ကတ္တရာထွက်တာနည်းအောင် စပါးခွံကို စမ်းသပ်ပြုပြင်ကြရာမှာ စပါးခွံ၊ တစ်ပိုင်းတစ်စဓာတ်ပြုပြီး စပါးခွံနဲ့ ဖွဲနုတို့ကို ၈၀ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်းစီရောစပ်ထုတ်လုပ်ထားတဲ့ အကောင်းဆုံး စပါးခွံမီးသွေးတောင့်ကို ပြည်တွင်းဖြစ် စက်ပစ္စည်းတွေနဲ့ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ရရှိတဲ့စပါးခွံ မီးသွေးတောင့်ဟာ ကျစ်လျစ်ခိုင်မာပြီး တစ်နာရီမှာ ၁၀၀ မှ ၁၂၀ ကီလိုဂရမ်အထိ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ စမ်းသပ်ထွက်ရှိလာတဲ့ စပါးခွံမီးသွေးတောင့်တွေကို လှိုင်သာယာစက်မှုဇုန်ရှိ IGNATE WORLD Co., Ltd. အထည်ချုပ်စက်ရုံမှ ကျောက်မီးသွေးသုံးဘွိုင်လာမှာ စမ်းသပ်အသုံးပြုခဲ့ရာ ကျောက်မီးသွေးထက် လောင်ကျွမ်းမှု အားပိုကောင်းပြီး အပူပမာဏ နှစ်ဆရရှိတာကို တွေ့ရပါတယ်။ ဒါ့အပြင် ကျောက်မီးသွေး အသုံးပြုမှုထက် ဘွိုင်လာမှာ ချေးကပ်မှု သက်သာကြောင်းလည်း တွေ့ရှိ ရပါတယ်။ ကတ္တရာထွက်တာနည်းအောင်စမ်းသပ်ရာကနေ အရည်အသွေးကောင်းပြီး စီးပွားရေးတွက်ခြေကိုက်တဲ့ လုပ်ငန်းတစ်ခုကို ရလဒ်ကောင်းအနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

(၂) ကတ္တရာထွက်ရှိမှုကို အနည်းဆုံးသို့ လျှော့ချလာနိုင်ခြင်း

တစ်ပိုင်းတစ်စ ဓာတ်ပြုပြီးစပါးခွံဖွဲပြာ (Semi Carbonized Rice Husk) နဲ့ ရိုးရိုးစပါးခွံတို့ကို ဆတူ ရောစပ်ပြီး လောင်စာအနေနဲ့ သုံးရင် ရရှိလာတဲ့ စပါးခွံဓာတ်ငွေ့မှာ မလိုအပ်တဲ့ ကတ္တရာနဲ့ မီသိန်း (Methane) ထွက်ရှိမှု အနည်းဆုံးအဖြစ် လျော့သွားသလို အဓိကလိုအပ်ချက်ဖြစ်တဲ့ ကာဗွန်မိုနောက်ဆိုဒ် (Carbon monoxide)နဲ့ ဟိုက်ဒရိုဂျင်တို့ကလည်း ရရှိမှုနည်းသွားပါတယ်။

➲ ဆက်လက်ဖော်ပြပါမည်

➲ စာမျက်နှာ ၁၈ ကျယ်ဂေါင်-မူဆယ်မှသည် မှအဆက်



ဒါကြောင့်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများအနက် ကုန်သွယ်မှုပမာဏအများဆုံးဖြစ်တဲ့ မူဆယ်-ကျယ်ဂေါင်နယ်စပ်ဒေသမှာ ကုန် စည်ပြပွဲများကို ကျင်းပပေးတဲ့အတွက် နှစ်နိုင်ငံရဲ့ကုန်သွယ်မှုပမာဏကို နှစ်စဉ်တိုးတက်စေမှာ ဖြစ်ပါတယ်။

ဒီနှစ်မှာ ကျင်းပခဲ့တဲ့ (၁၅)ကြိမ်မြောက် တရုတ်-မြန်မာနှစ်နိုင်ငံ နယ်စပ်ကုန်စည်ပြပွဲကို ကျယ်ဂေါင်မြို့မှာကျင်းပခဲ့ရာမှာ မြန်မာနိုင်ငံက ပြခန်းပေါင်း ၄၇ ခန်းပါဝင်ပြသခဲ့ကြောင်း သိရ ပါတယ်။

အဲဒီပြခန်းတွေမှာ သစ်အချောထည် ပစ္စည်းများ၊ ကျောက်မျက်လက်ဝတ်ရတနာပစ္စည်းများ၊ မြန်မာ့ရိုးရာလက်မှုပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ ရေထွက်ကုန်ပစ္စည်းများ၊ စက်မှုဇုန်များမှ ထုတ်လုပ်သော လူသုံး၊ အိမ်သုံးပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများစသည့် မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများကို ပြသခဲ့ကြပါတယ်။

အဆိုပါပြပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်က ကျယ်ဂေါင်မြို့ရှိ ကုန်စည်ပြပွဲ ကျင်းပရာနေရာမှာကျင်းပခဲ့ရာ မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Gao Shuxun၊ တယ်ဟုန်းပြည်နယ်ခွဲပါတီကော်မတီအတွင်းရေးမှူး မစ္စတာဝမ်ကျင့်ကျွမ်၊ ယူနန်ပြည်နယ်ကုန်သွယ်ရေးအထူးကိုယ်စားလှယ် လီချောင်ရှင်း၊ ယူနန်ပြည်နယ်ကုန်သွယ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တုချင့်ကျွင်းနှင့် ရွှေလီမြို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်၊ ကူမင်းမြို့ဆိုင်ရာ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန် ဦးအောင်ကျော်ညွန့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါတယ်။

ဖွင့်ပွဲအခမ်းအနားမှာ ကုန်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်ရာမှာ တွေ့ရှိခဲ့ရတဲ့ စိန်ခေါ်မှုများအပေါ် နှစ်နိုင်ငံစလုံးက ဝိုင်းဝန်းပူးပေါင်း၍ နည်းလမ်းရှာဖွေ ဖြေရှင်းသွားမည်ဆိုပါက ကုန်သွယ်မှုပမာဏဟာ လက်ရှိထက် အဆပေါင်း များစွာတိုးတက်လာမှာဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများအား လျော့နည်းသွားစေရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ဆောင်ပေးစေလိုပါကြောင်း ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက အဖွင့်မိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး Mr. Gao Shuxun ကလည်း မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဟာ နှစ်နိုင်ငံဆွေမျိုးပေါက်ဖော်များဖြစ်တဲ့အတွက် နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်လိုပါကြောင်းဖြင့် ပြောကြားခဲ့ပါတယ်။

ယင်းနောက် နှစ်နိုင်ငံမှတာဝန်ရှိသူများဟာ ပြပွဲခန်းမအတွင်းသို့လှည့်လည်ကြည့်ရှုခဲ့ကြပါတယ်။ ပြပွဲဖွင့်ပွဲအပြီး ညပိုင်းမှာ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအထူးအစီအစဉ်အဖြစ် ယဉ်ကျေးမှုပဒေသာကပွဲများနဲ့ ဧည့်ခံဖျော်ဖြေခဲ့ကြပါတယ်။

မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ တိုးတက်စေရန်အတွက် လာမယ့် ၂၀၁၆ ခုနှစ်မှာ မြန်မာနိုင်ငံ၊ မူဆယ်မြို့မှာ ကုန်စည်ပြပွဲကို ကျင်းပသွားမှာ ဖြစ်ပါတယ်။ နှစ်နိုင်ငံကုန်စည်ပြပွဲများကို ကျင်းပတဲ့အတွက် ကုန်သွယ်မှုပိုမို တိုးတက်လာမှာဖြစ်တဲ့အပြင် နှစ်နိုင်ငံနယ်စပ်ဒေသများပိုမိုဖွံ့ဖြိုးတိုးတက်မှုများကိုပါ ရရှိလာမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

# စစ်တွေမြို့ရှိ မြို့ဂုဏ်ဆောင် နှစ်ပေါင်း ၁၂၈ နှစ်သက်တမ်းရှိ နာရီစင်ကြီးအား MPT မှ ပြုပြင်လှူဒါန်း

မြန်မာနိုင်ငံ၏ ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာ တစ်ခုဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) သည် ၁၈၈၇ခုနှစ်က ဗြိတိသျှဘုရင်မ ဗစ်တိုးရီးယား၏ မွေးနေ့အထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့သည့် စစ်တွေမြို့ရှိ မြို့ဂုဏ်ဆောင်နာရီစင်ကြီးအား ကျပ်သိန်း ၃၀၀အကုန်အကျခံ၍ ပြင်ဆင်ရန်လှူဒါန်းခဲ့ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏သတင်းထုတ်ပြန်ချက်အရ သိရသည်။



MPT မှ ပြုပြင်လှူဒါန်းခဲ့သော အဆိုပါ စစ်တွေမြို့မှ မြို့ဂုဏ်ဆောင်နာရီကြီးကို ရခိုင်အမျိုးသားနေ့ဖြစ်သည့် ဒီဇင်ဘာလ ၁၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါနာရီစင်ကြီးသည် ရခိုင်လူမျိုးများနှင့် စစ်တွေမြို့၏ အရေးကြီးသောအထိမ်းအမှတ်ဖြစ်သည့် နာရီစင်ကြီးတစ်ခုလည်းဖြစ်ပြီး နှစ်ပေါင်း ၂၀ ကြာ လည်ပတ်မှုမရှိဘဲ ရပ်တန့်နေခဲ့သောရှေးဟောင်းနာရီကြီးတစ်လုံးဖြစ်ကြောင်း သိရသည်။

နာရီစင်ကြီးအား စက်ပိုင်းဆိုင်ရာပြုပြင်ခြင်းနှင့် ကိုယ်ထည်ပိုင်းဆိုင်ရာ ပြင်ဆင်ခြင်းအပြင် နာရီစင်၏ အသံပိုင်းစနစ်ကိုပါ ပြင်ဆင်ခဲ့ကြောင်း သိရသည်။ နာရီစင်၏အသံပိုင်းစနစ်တွင် ရခိုင်ရိုးရာ တေးသံသာများကို ထည့်သွင်းထားရှိမည်ဖြစ်ကြောင်း သိရသည်။

MPT-KSGM Joint Coperation ၏ Chief Operation Officer ဖြစ်သူ မစ္စတာယိုရှိအာကီ ဘီရီနိုက "မြန်မာပြည်သူပြည်သားတွေအတွက် ဘဝတွေ တိုးတက်ဖို့ လုပ်ဆောင်ရင်း မြန်မာလူမျိုးတို့အတွက် ရိုးရာဓလေ့အရ အရေးကြီးတဲ့ အထိမ်းအမှတ်တွေကိုလည်း MPT က ထိန်းသိမ်းမှုတွေ လုပ်ဆောင်ပေးချင်ပါတယ်။ ဒီနာရီစင်ကြီးက ဒီဒေသမှာရှိနေခဲ့တာ နှစ်ပေါင်း ၁၂၈နှစ်ရှိခဲ့ပါပြီ။ အခုလိုပြင်ဆင်ထိန်းသိမ်းတဲ့အတွက် နောက်ထပ်နှစ်ပေါင်း ၁၂၈နှစ်ထက်မက ရပ်တည်နေဖို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

# နှစ်ကုန်ခါနီး၍ ကားဈေးကွက်ထဲတွင် ဖရီးပါမစ် ကားများ ဈေးမြင့်လာ

နှစ်တစ်နှစ် ကုန်ဆုံးတော့မည့် နောက်ဆုံးလသို့ ရောက်ရှိလာပြီဖြစ်၍ ရန်ကုန်မြို့ကားဈေးကွက်တွင် ကားအရောင်းအဝယ် လှုပ်လှုပ်ရှားရှား ပြန်ဖြစ်လာပြီး ဈေးကွက်မှာလည်း အတက်ဖက်သို့ ဦးတည်လာကြောင်း သိရသည်။

၂၀၁၁ ခုနှစ်မှ စတင်ကာ ကားတင်သွင်းခွင့် မူဝါဒသစ်များ ချမှတ်ပေးပြီးနောက်ပိုင်းနှစ်များတွင် နှစ်ကုန်ခါနီး ဒီဇင်ဘာ လရောက်လျှင် ရှေ့နှစ်အတွက် မူဝါဒအသစ်များ ထွက်ပေါ် သည်ဖြစ်၍ လက်ရှိနှစ်အတွင်း ကားတင်သွင်းမှု မိုဒယ်ခုနှစ်လနဲ့ သတ်မှတ်ချက်အား ကာမိစေရန် ကြိုတင်စဉ်းစားကာ တစ်ပိုင်တစ်နိုင်သမားများနှင့်ကားအရောင်းစင်တာများမှ ခန့် မှန်းမိုဒယ်များကြိုတင်တင်သွင်းကြသည်မှာ အစဉ်အလာ တစ်ရပ်ပင်ဖြစ်လာကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်မှ ပြောသည်။

ရွေးကောက်ပွဲအပြီး ကာလများတွင် တစ်စုံတစ်ရာပြောင်းလဲခြင်းမရှိသေးသည့်အတွက် ငြိမ်သက်နေသော ကားဈေးကွက်မှာ ယခုနှစ်ကုန်ခါနီးတွင် ပြန်လှုပ်ရှားလာပြီး ရှေ့နှစ်တွင် သွင်းရန်ခက်ခဲလာမည်ဟု မျှော်မှန်းသည့် တစ်ပတ်ရစ် ဖရီးပါမစ်ကားများကို များများစားစား တင်သွင်းလာကြပြီး ဒီဇင်ဘာ ၃၁ အပြီး တင်သွင်းရမည်ဖြစ်၍ ဖရီးပါမစ်တင်သွင်းမှု ကိန်းဂဏန်းများ တက်လာကြောင်းသိရသည်။

ဖရီးပါမစ်ကားနှင့် စလစ်ကပ်ကားများ မူဝါဒအသစ်ချမှတ်နိုင်သည်မှာ သေချာသလောက်ဖြစ်သည်ဟု ကြားသိရသဖြင့် လက်ရှိဖရီးပါမစ်ကားလေးများ လက်ဝယ်ရှိသူ တစ်ပိုင်တစ်နိုင်သမားများနှင့် ကားအရောင်းစင်တာများတွင် ယခင်လများကဲ့သို့ ညှိနှိုင်းဈေးနှင့် မရောင်းနိုင်တော့ဘဲ ဈေးတန်းအား ကျပ်ငါးသိန်းမှ ၁၀ သိန်းထိ တင်ခေါ်ကာ ပြောဈေးနှင့်ပင် ရောင်းချလာကြောင်း သိရသည်။

ထိုသို့ အကြားသတင်း သေချာပါက ၂၀၁၆ ခုနှစ်အစပိုင်းမှာပင် ကားဈေးတက်လာနိုင်သလို ယခုနှစ်ကုန်ပိုင်းတွင်လည်း သွင်းသူက သွင်း၊ ကြိုတင်ဝယ်သူကဝယ်နှင့် ဈေးတက်ရိပ်စိပ်လာလို ရှေ့နှစ်တွင် မူဝါဒအပြောင်းအလဲများကို စောင့်ကြည့်လိုသူများလည်းရှိနေခြင်းကြောင့် စလစ်ကပ်တင်သွင်းရသည့် ကားဈေးကွက်မှာ ထင်သလောက်မတက်ဘဲ စလစ်ဈေးတန်းလည်း တည်ငြိမ်နေကြောင်း၊ ယာဉ်ဟောင်းလက်တင်စီးဈေးမှာလည်း ၆၈ သိန်းခန့်သာပေါက်ပြီး ရှေ့နှစ်အခြေအနေအား ယတိပြတ်ပြော၍ မရသဖြင့် အပ်ကားအသန့်များအား ရှိရင်းအတိုင်းပင် အထိုင်စီး၊ အကြမ်းစီးသူများကြောင်း သိရသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုလာဗင် (၂၀၀၀) | ယာယီ | ၁၃၈ သိန်း | 1.5 ဓာတ်ဆီ |
| ၂။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၂၆၀ သိန်း | 2.4 ဓာတ်ဆီ |
| ၃။ | ကလူဂျာ (၂၀၀၃) | ယာယီ | ၂၇၉ သိန်း | 2.4 ဓာတ်ဆီ |
| ၄။ | ဟွန်ဒါဖစ် (၂၀၁၃) | ယာယီ | ၁၄၂ သိန်း | 1.3 ဓာတ်ဆီ |
| ၅။ | ဝှရ်စ် (၂၀၀၃) | ယာယီ | ၁၈၀ သိန်း | 1.8 ဓာတ်ဆီ |
| ၆။ | ပရိုဘောက် (၂၀၁၀) | ယာယီ | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | ဘယ်လ်တာ (၂၀၁၀) | ယာယီ | ၁၂၈ သိန်း | 1.3 ဓာတ်ဆီ |
| ၈။ | အက်ဇီယို (၂၀၁၀) | ယာယီ | ၁၉၂ သိန်း | 1.3 ဓာတ်ဆီ |
| ၉။ | ဗီလ်ဒါ (၂၀၁၀) | ယာယီ | ၂၁၂ သိန်း | 1.8 ဓာတ်ဆီ |
| ၁၀။ | ဟိုက်ဂျက် | 5H | ၅၅ သိန်း | |

# အမာမြို့တွင် မျှင်ငါးပိများ ဆိုးဆေးကင်းစင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်



ဖျာပုံခရိုင် အမာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမမှာ ဧရာဝတီတိုင်းဒေသကြီး မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) တို့မှ တာဝန်ရှိသူများ မြန်မာစားသုံးသူများသမဂ္ဂ၊ သိပ္ပံနှင့်နည်းပညာ၊ ကုန်သွယ်မှု မြှင့်တင် ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်း ဦးစီးမှူး၊ဖျာပုံခရိုင်ဦးစီးမှူး စက်မှုကြီးကြပ်ရေးဦးစီးဌာန တို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ ဒီဇင်ဘာလ ၁၁ ရက်က မျှင်ငါးပိများ ဆိုးဆေးကင်းစင်ရေး အလုပ်ရုံဆွေး နွေးပွဲကို ကျင်းပပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

အဆိုပါ အခမ်းအနားကို ပထမပိုင်း၊ဒုတိယပိုင်းဖြင့် အပိုင်းနှစ်ပိုင်း ခွဲခြားဆောင်ရွက်ခဲ့ရာ ပထမပိုင်းတွင် အမာမြို့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက အဖွင့်အမှာ စကားပြောကြားပြီး မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA)မှ ဒေါက်တာပြည့်ဖြိုးက ငါးပိများတွင် ဆိုးဆေးကင်းစင်ရေး အတွက် လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်(၉)ရပ်ကို လည်းကောင်း၊ မြန်မာစားသုံးသူများသမဂ္ဂမှ အတွင်းရေးမှူး ဦးမောင်မောင် က စားသုံးသူ ဥပဒေနှင့် စားသုံးသူများ သမဂ္ဂ၏ မျှော်မှန်းချက် (Vision) ရည်မှန်းချက် (Misssion) နှင့် အခြေခံမူ(၃)ရပ်ကို လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာ(Fosta)မှ ပညာရှင်တစ်ဦးက အာရှနိုင်ငံများတွင် ငါးပိအများဆုံး စားသုံးသည့် နိုင်ငံများအကြောင်းနှင့် ငါးပိကြိတ်ခွဲခြင်း၊ ငါးပိသိပ်ခြင်း ထုတ်လုပ်ရာတွင် ခေတ်မီစက်ကိရိယာများ နည်းပညာများဖြင့် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်က ဆိုးဆေးအန္တရာယ်သိကောင်းစရာများကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ကြပါတယ်။

ဒုတိယပိုင်းတွင်အမာမြို့နောက်မြီး ကျေးရွာအုပ်စုရှိ မျှင်ငါးပိလုပ်ငန်းရှင်များနှင့် ဘိုကလေးမြို့နယ်ကဒုံကနိ ကျေးရွာအုပ်စုမှ မျှင်ငါးပိလုပ်ငန်းရှင်များအား အုပ်စုနှစ်စုခွဲကာ လုပ်ငန်းရှင်များမှ သိလိုသည်များ မေးမြန်းမှုအပေါ် ဒေါက်တာပြည့်ဖြိုး၊ဒုတိယတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်နဲ့ မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်တို့က အမာမြို့နောက်မြီး ကျေးရွာအုပ်စုကိုလည်းကောင်း၊ ဒေါက်တာမျိုးထွန်းကျော်၊ ဖျာပုံခရိုင် ဦးစီးမှူး ဦးမြင့်အောင်၊ အတွင်းရေးမှူး ဦးမောင်မောင်တို့က ဘိုကလေးမြို့နယ် ကဒုံကနိ ကျေးရွာအုပ်စုကိုလည်းကောင်း တွေ့ဆုံ၍ လုပ်ငန်းအခက်အခဲနှင့် အတွေ့အကြုံများ ဆိုးဆေးသုံးစွဲမှု အခြေအနေများကို အပြန်အလှန်ဆွေးနွေးခဲ့ကြပါတယ်။

ထို့နောက် မျှင်ငါးပိလုပ်ငန်းရှင်များ အသင်းအဖွဲ့ ဖွဲ့စည်းနိုင်မှု ဆောင်ရွက်ရေးကိစ္စအား ဆွေးနွေးကြရာ ငါးပိလုပ်ငန်းရှင်များ အစုံအညီတက်ရောက်ပြီး၊ အသင်း၏ အလုပ်အမှုဆောင်များ ကြိုတင်ရွေးချယ် ညှိနှိုင်းသွားရန် လိုအပ်ပါကြောင်း၊ ယခုလအတွင်း အသင်းဖွဲ့စည်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အမာမြို့ အထွေထွေအုပ်ချုပ်ရေးမှူးက ဆွေးနွေးခဲ့ပါတယ်။

အဆိုပါ အခမ်းအနားသို့ သက်ဆိုင်ရာဌာနဆိုင်ရာများ၊အသင်းအဖွဲ့များ၊မျှင်ငါးပိလုပ်ငန်းရှင်များစုစုပေါင်း ၆၈ ဦး တက်ရောက်ကြောင်း သိရပါတယ်။

**မင်းဇော်မွန်/ဖျာပုံ**

# ရွှေဘိုမြို့နယ် ဆိပ်ခွန်စံပြကျေးရွာတွင် ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အဆင့်မြင့် နည်းပညာပေးသင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးအတွက် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အဆင့်မြင့် နည်းပညာပေးသင်တန်းကို ရွှေဘိုမြို့နယ် ဆိပ်ခွန်စံပြကျေးရွာတွင် ဒီဇင်ဘာ ၁၄ ရက်က ဖွင့်လှစ်ခဲ့ပါတယ်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မောင်းက အဖွင့်အမှာစကားပြောကြားရာမှာ ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရင်းအနှီး၊ နည်းပညာဈေးကွက်တို့ကို အခြေခံပါကြောင်း၊ အရင်းအနှီးရရှိရေးအတွက် ဘဏ်များ၊ ဖောင်ဒေးရှင်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နည်းပညာများရရှိရေးအတွက် သင်တန်းကျောင်းများ၊ ကုမ္ပဏီများ၊ ဌာနများနှင့် နိုင်ငံခြားမှ ပညာရှင်များဖိတ်ကြားပြီး ချိတ်ဆက်ဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာထုတ်ကုန်ပစ္စည်းများအား GSP အခွင့်အရေးရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိန်တစ်လုံးလို၊ အရာတော်သနပ်ခါးလို ဖြစ်အောင် ဆိပ်ခွန်ချည်ထည်များကိုလည်း စွမ်းဆောင်သွားဖို့ လိုအပ်ပါကြောင်းနှင့် ရက်ကန်းလုပ်ငန်းအသင်းအဖွဲ့များကို စိတ်တူကိုယ်တူဖွဲ့စည်းခဲ့ကြလို့ အသင်းအဖွဲ့များ ရှင်သန်ခိုင်မာ ရပ်တည်အောင် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း၊ ဆိပ်ခွန်ချည်ထည်လုံချည်များကို Brand တစ်ခုဖြင့် ထိုးဖောက်စွမ်းဆောင်သွားဖို့ လိုအပ်ပါကြောင်း ပြောကြားသွားပါတယ်။

ဆက်လက်၍ ရက်ကန်းလုပ်ငန်းအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမျိုးမြင့်အောင် (ဆင်မင်း ချည်ချောလုံချည်) က ဆိပ်ခွန်က ဒေသတွင်း ကျွမ်းကျင်လုပ်သားရှားပါးလာမှုနဲ့ ဈေးကွက်စိန်ခေါ်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဆိပ်ခွန်ဒေသ ထုတ်ကုန်များကို ယခုသင်တန်းက ပြန်လည်မွမ်းမံပေးခြင်းဖြစ်သည့်အတွက် သင်တန်းသားများကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ပြောကြားခဲ့ပါတယ်။

အဆိုပါသင်တန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့် ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ မုံရွာရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ရက်ကန်းအဆင့်မြင့် နည်းပညာများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ သင်တန်းသား ၈၁ ဦး၊ စုစုပေါင်း ၁၂၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဒီဇင်ဘာလ ၁၄ ရက်မှ ၁၈ ရက်အထိ ၅ ရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရှိရပါတယ်။

**စောမောင်မောင်ဆွေ - စစ်ကိုင်း**

# ပုသိမ်မြို့ကုန်သွယ်မှုမြှင့် တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနနဲ့ British Council, Standard Chartered Bank တို့ပူးပေါင်း၍ E4E Training သင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊တိုင်းဦးစီးမှူးရုံးတွင် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းရှင်များအတွက် E4E Training, Educationf or Entrepreneurs ပညာပေးဆွေးနွေးပွဲ သင်တန်းကို British Council, Standard Chartered Bank တို့ပူးပေါင်း၍ ဒီဇင်ဘာလ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၉း၀၀ နာရီမှ ညနေ ၁၇း၀၀ နာရီအထိ သင်ကြားပို့ချပေးခဲ့ကြောင်းသိရပါတယ်။

တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်ပနိုင်ငံများနဲ့အတူ ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်ရာမှာ လုပ်ငန်းရှင်များသိသင့်သိထိုက်သည့် စီးပွားရေးဆိုင်ရာ အသိပညာ ဗဟုသုတများရရှိစေရန်နဲ့ ထိုပညာရပ်များကို မိမိတို့လုပ်ငန်းတွင် ပြန်လည်အသုံးချပြီး စီးပွားရေးလုပ်ငန်းရှင်များရဲ့ စွမ်းဆောင်ရည်မြင့်မား လာစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ထိုသင်တန်းကို ပုသိမ်၊ မြောင်းမြ၊ ငပုတော၊ ရေကြည်၊ အိမ်မဲ၊ ကျုံပျော်၊ သာပေါင်း၊ မအူပင်၊ ကျောင်းကုန်း၊ အင်္ဂပူ၊ ကြံခင်းမြို့များရှိ ဆန်စက်လုပ်ငန်းရှင်၊ ဆားလုပ်ငန်းရှင်၊ မွေးမြူရေးလုပ်ငန်းရှင်၊ ဧည့်ရိပ်သာလုပ်ငန်းရှင်၊ စက်သုံးဆီလုပ်ငန်းရှင်၊ ဓါတ်မြေ သြဇာလုပ်ငန်းရှင်၊ အထည်ဆိုင်ပိုင်ရှင်၊ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ ဆောက်လုပ်ရေးကုမ္ပဏီ၊ ရေခဲစက်လုပ်ငန်းရှင်၊ ဖုန်းဆိုင်ပိုင်ရှင်၊ မုန့်မျိုးစုံ လုပ်ငန်းရှင်၊ အဖျော်ယမကာလုပ်ငန်းရှင်၊ စီးပွားရေးကဏ္ဍပေါင်း စုံမှ မန်နေဂျင်းဒါရိုက်တာ၊ အထွေထွေမန်နေဂျာများ၊ ဒါရိုက်တာများ၊ လုပ်ငန်းပိုင်ရှင်များ၊ မန်နေဂျာများ၊ ကုန်သည် ငွေကြေးစီမံဆုံးဖြတ်သူများ၊ စာရင်းကိုင်များ စုစုပေါင်း ၁၀၀ ဝန်းကျင် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Fax:081-2121093,Ph:081-2121627
email:m.myintmaungmaung@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ် — အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။
Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၁-၁၂-၂၀၁၅ မှ ၂၇-၁၂-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



တနင်္ဂနွေသားသမီးများအတွက် တိုးတက်အောင်မြင်သော အခြေအနေကိုဖန်တီးနိုင်လိမ့်မည်။ ကံတရားကကောင်းပါသည်။ အထက်လူကြီးအကြီးအကဲတို့၏ ကူညီမစမှုကိုရလိမ့်မည်။ ရွှေပန်းတိမ်လုပ်ငန်း၊ ရတနာလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုရှိပါသည်။ ပညာရေးတွင် ထူးချွန်လိမ့်မည်။ အချစ်ရေးတွင်စိတ်တူကိုယ်တူချစ်ရမည့် ချစ်သူမရှိနိုင်သေးပါ။ ကျန်းမာရေးအနေဖြင့် အပူလွန်ကဲသောဝေဒနာခံစားမှုရှိတတ်ပါသည်။ မကြာခဏ ပေးကမ်းခြင်းနှင့် ဘာသာရေးအလှူများကို လုပ်ရတတ်ပါသည်။ **ယတြာ။ ။ကံ့ကော်ပန်းလှူပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် ကံတရားကောင်းများဝင်လာနေပြီဖြစ်သောကြောင့် စက်မှုလုပ်ငန်း၊ ရေသန့်စက်ရုံ၊ စားသောက်ကုန်များ အကျိုးပေးဝင်ငွေကောင်းပါသည်။ ပညာရေးကံကောင်းသည်။ ထူးချွန်ထက်မြက်မှုများရရှိမည်ဖြစ်ပါသည်။ ကျန်းမာရေး အနေဖြင့် အဆုတ်အအေးပတ်သော ဝေဒနာခံစားရတတ်ပါသည်။ အချစ်ရေးတွင် သစ္စာရှိသောသူနှင့် ဆုံတွေ့ရတတ်ပါသည်။ အိမ်ထောင်ရှိလျှင် သားသမီးအရေး အိမ်ထောင်ဖက်အရေး မျှော်တွေး၍ ဘဝရှေ့ရေးအတွက် ကြိုးစားနေရလိမ့်မည်။ **ယတြာ။ ။ငှက်ပန်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ တိုးတက်အောင်မြင်မှုရှိလိမ့်မည်။ ဆက်သွယ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ဝင်ငွေများစွာရရှိမည့်ကာလဖြစ်နေတတ်ပါသည်။ ပညာရေးတွင် ယှဉ်ပြိုင်မှုဖြင့် ကြိုးစားရလိမ့်မည်။ အချစ်ရေးတွင် တစ်ဖက်သတ်အချစ်နှင့် မျှော်လင့်စောင့်စားနေရတတ်ပါသည်။ ကျန်းမာရေးနှင့် ပတ်သက်ပြီး ပြင်းပြင်းထန်ထန် ဆိုးဆိုးဝါးဝါး မရှိပါ။

**ယတြာ။ ။ဇလပ်ပန်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အလုပ်အကိုင်မှရရန်ငွေကြေးကိစ္စများ ကံကောင်းနေသောကာလ ဖြစ်နေတတ်ပါသည်။ စာပေနှင့် ပတ်သက်သောလုပ်ငန်း၊ စာအုပ်ချုပ်လုပ်ရေး၊ ပုံနှိပ် ထုတ်ဝေခြင်းလုပ်ငန်းများ အထူးအောင်မြင်ချိန်ဖြစ်သည်။ ဉာဏ်ရည်ထက်မြက်နေမည်။ အချစ်ရေးတွင် မိမိနှစ်သက်သူနှင့် ချစ်ခွင့်ရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ကိုယ်လက်လေးလံကိုက်ခဲသော ဝေဒနာခံစားရတတ်ပါသည်။ စီးပွားရေး၊ လူမှုရေးတို့တွင် အမြင်မကြည်မှုများနေတတ်ပါသည်။ **ယတြာ။ ။မေမြို့ပန်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ငွေကြေးဥစ္စာစုဆောင်းမှုမရှိသေးသော်လည်း စီးပွားရေးလုပ်ငန်းများ စိတ်ကူးအတိုင်းအကောင်အထည်ဖော်ဖြစ်လိမ့်မည်။ အနုပညာနှင့်သက်ဆိုင်သောဆေးရေးပန်းချီကား၊ ကျောက်စီ ပန်းချီကားများ ရောင်းဝယ်ထုတ်လုပ်ပါက အောင်မြင်မှုများကိုရရှိမည်ဖြစ်ပါသည်။ ပညာဉာဏ်ထက်မြက်နေမည်။ အချစ်ရေးတွင် ယဉ်ကျေးသိမ်မွေ့သော ချစ်သူကိုရရှိလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အစားမှားခြင်း အစာအဆိပ်ဖြစ်ခြင်း ဝေဒနာ ခံစားရတတ်ပါသည်။ ဝမ်းဗိုက်ဥပဒ်ဖြစ်တတ်သည်။ **ယတြာ။ ။သပြေပန်းလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးကိစ္စများအနေဖြင့် အဆက်အသွယ်များ အခွင့်အလမ်းများ ရရှိနေတတ်သည်။ ပိုးထည်၊ ချည်ထည်လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လာတတ်ပါသည်။ မမျှော်လင့်သော စီးပွားရေး အောင်မြင်မည်ဖြစ်သည်။ ပညာရေးအရှိန်အဝါမြင့်မားမည်။ အချစ်ရေးတွင် မေတ္တာမျှသောချစ်သူကောင်းနှင့်တွေ့ရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် သွေးနှင့်ပတ်သက်သောဝေဒနာခံစားရတတ်ပါသည်။ စိုးရိမ်စရာမရှိပါ။ ဆရာကောင်းတွေ့၍ ပျောက်ကင်းနိုင်စွမ်းရှိလိမ့်မည်။

**ယတြာ။ ။ဂန္ဓမာပန်းလှူပါ။**



**စနေသားသမီးများအတွက်** အတွေးအခေါ် ထက်မြက်သည်နှင့်အမျှ ရောင်းဝယ်ရေးလုပ်ငန်းများ စီးပွားတိုးတက်အောင်မြင်မှုအားကောင်းနေမည်။ နိုင်ငံရပ်ခြားစီးပွားကုန်သွယ်မှုလုပ်ငန်းအထူးအကျိုးပေးကောင်းလိမ့်မည်။ ပညာရေးကြိုးစားအားထုတ်ရလိမ့်မည်။ အချစ်ရေးကံကောင်းနေမည်။ ချစ်ခင်သူဝိုင်းဝိုင်းလည်နေမည်။ ကျန်းမာရေးအနေဖြင့် ကိုယ်လက် ကိုက်ခဲသောဝေဒနာခံစားရမည်။ ဘာသာရေးအားကောင်းနေ တတ်ပါသည်။

**ယတြာ။ ။အင်ကြင်းပန်းလှူပါ။**

# ပြည်ပဈေးကွက်သို့ မြန်မာ့ပျားရည် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် ဒီဇင်ဘာလ ဒုတိယပတ်မှာ ကန်ဒေါ်လာ ၂၁၀၀၀ တန်ဖိုးရှိ ပျားရည် တန် ၃၀ ကို တင်ပို့ခဲ့ပါတယ်။နိုဝင်ဘာလက ပျားရည်တင်ပို့မှုမရှိဘဲ အောက်တို ဘာလက ၂၃၅ တန်ခွဲတင်ပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံမှ ပျားရည်များကို ပြည်ပဈေးကွက်များမှ ဝယ်လိုအားရှိတာကြောင့် မြန်မာနိုင်ငံထွက် ဆီးပျားရည်၊ ပန်းနှမ်းပျားရည်နဲ့ နေကြာပျားရည်တွေကို တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ထိုင်း၊ ဥရောပနိုင်ငံများနဲ့ အနောက်နိုင်ငံတွေကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရန် ပျားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်လိုသူများအား အရင်းအနှီးနဲ့ နည်းပညာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာနမှ ကူညီမည်ဟု သိရပါတယ်။ မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့တွင် အများဆုံး လုပ်ကိုင်လျက်ရှိကြောင်း၊ လက်ရှိတွင် မြန်မာ့ပျားရည်များမှာ ပြည်ပဝယ်လိုအားရှိပေမယ့် ရာသီဥတုဖောက်ပြန်မှု၊ နေကြာပန်း၊ ပန်းနှမ်းစတဲ့ သီးနှံတွေ စိုက်ပျိုးမှုနည်းပါးလာမှုတွေကြောင့် ပျားရည်ထွက်ရှိမှုလျော့နည်းလာပြီး ပြည်တွင်းထုတ်လုပ်မှုကျဆင်းနေလို့ ပြည်ပဈေးကွက်ဝယ်လိုအားပြည့်မီအောင် တင်ပို့နိုင်ခြင်းမပြုနိုင်ကြောင်း ပျားရည်ရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရပါတယ်။

**မော်မော်အောင်**



# တရုတ်ဝယ်လက်ကြောင့် မြန်မာ့ဖရဲ ထိပ်တန်းပို့ကုန်ဖြစ်လာ

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဖရဲသီးတင်ပို့နိုင်မှု ပမာဏဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကာလက တန်ချိန် ငါးသောင်းခန့်သာရှိခဲ့ရာမှ ယခုအခါ တရုတ်နိုင်ငံရဲ့ လိုအပ်ချက်အရ တစ်နှစ်ထက်တစ်နှစ် သိသာစွာ တိုးမြင့်တင်ပို့လာပါတယ်။

တရုတ်နိုင်ငံက မြန်မာ့ဖရဲကို ပိုမိုမှာယူနေကြလို့ ပြည်တွင်းဖရဲစိုက်တောင်သူတွေက သူတို့စိုက်တဲ့ ဖရဲသီးများ တရုတ်ဈေးကွက်သို့ ဝင်ဆံ့ရေးကိုသာ ဦးတည်နေကြပြီး ထိပ်တန်းပို့ကုန်တစ်ခုအဖြစ် စာရင်းဝင်လာတယ်လို့ ဖရဲစိုက်တောင်သူများထံမှ သိရပါတယ်။

ဒီဇင်ဘာလ ဒုတိယပတ်မှာ ကန်ဒေါ်လာ ၁ ဒသမ ၁၇၃ သန်းတန်ဖိုးရှိ ဖရဲသီး ၁၁၇၃၀ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၇၄၆၀ တန်နဲ့ ကန်ပိုက်တီးမှ ၈၂ တန် တင်ပို့မှုရှိခဲ့ပါတယ်။

တရုတ်နိုင်ငံရဲ့ ဖရဲသီးလိုအပ်ချက်က ပို့ရင်ပို့သလောက်ကုန်တယ်။ ကားအစီးရေ ၅၀၀ လာလည်း ၃ နာရီလောက်နဲ့ ကုန်တာပဲလို့ ဖရဲသီးဈေးကွက်နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအစုအဖွဲ့မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# မလှိုင်မြို့နယ်တွင် ပန်းမုန်လာများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ် သက္ကယ်ကျင်းကျေးရွာတွင် ပန်းမုန်လာများ စမ်းသပ်စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရှိရပါတယ်။ ပန်းမုန်လာများကို တော်သလင်းလတွင် စတင်စိုက်ပျိုးပြီး နတ်တော်လတွင် စတင်ဆွတ်ခူးရကြောင်း သိရပါတယ်။

ပန်းမုန်လာအဖြူနဲ့ ပန်းမုန်လာအစိမ်းဟူ၍ နှစ်မျိုးစိုက်ပျိုးကြောင်း သိရပါတယ်။ အဖြူမျိုးကိုသာ အများဆုံးစားသုံးကြတဲ့အတွက် ဒေသခံတောင်သူများ ပန်းမုန်လာအဖြူကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း ပန်းမုန်လာစိုက်ပျိုးသူတောင်သူ ဦးအောင်မြင့်ထံမှ ကြားသိရပါတယ်။ ဈေးကွက်အနေဖြင့် ပန်းမုန်လာ အစိမ်းတစ်ပွင့်ကို ၃၅၀ ကျပ်မှ ၄၀၀ ကျပ်ထိရှိပြီး၊ ပန်းမုန်လာအဖြူ တစ်ပွင့်ကို ၂၀၀ ကျပ်မှ ၂၅၀ ကျပ်ထိ ဈေးရှိကြောင်း သိရှိရပါတယ်။ ထွက်ရှိလာတဲ့ ပန်းမုန်လာများကို မလှိုင်မြို့နယ်နဲ့ မိတ္ထီလာမြို့နယ်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရပါတယ်။ သီးနှံပွဲစားများကိုယ်တိုင်လည်း ကျေးရွာများအထိ သွားရောက်၍ ဝယ်ယူသူများလည်းရှိကြောင်း သိရပါတယ်။

**စန်းအောင်-မိတ္ထီလာ**

# သာစည်မြို့နယ်တွင် မိုးထောင်ငရုတ်သီးများ အထွက်ကောင်း

သာစည်မြို့နယ် ကန်ရှည်၊ မြေစို၊ မုန်တော၊ မဲတော၊ မကျည်းရိုး၊ ကန်ဖြူကျေးရွာများတွင် ဒေသခံ တောင်သူများမိုးထောင်ငရုတ်သီးများ အထွက်နှုန်းကောင်း၍ ဝင်ငွေကောင်းနေကြောင်း သိရပါတယ်။

မိုးထောင်ငရုတ်များကို ဝါဆို၊ ဝါခေါင်လတွင် စတင်စိုက်ပျိုး၍ သီတင်းကျွတ်၊ တန်ဆောင်မုန်း လများတွင် စတင်ဆွတ်ခူးနိုင်ပါတယ်။ ငရုတ်သီးအချို့ကို ရေနွေးဖျော်၍ အခြောက်လှန်းခြင်း၊ အချို့ကို နေပူလှန်း၍ အခြောက်ခံရကြောင်း လုံးဝခြောက်သွေ့မှ ပွဲရုံသို့သွားရောက်ရောင်းချကြောင်း ကန်ဖြူကျေးရွာမှ ငရုတ်စိုက် တောင်သူ ဦးပိန်ထံမှ ကြားသိခဲ့ရပါတယ်။

မိုးထောင်ငရုတ်သီးများ ဈေးနှုန်းအနေဖြင့် အခြောက် တစ်ပိဿာကို ၃၃၀၀ ကျပ်မှ ၃၅၀၀ ကျပ်အထိ ရှိကြောင်း၊ မြို့ပေါ်ရှိပွဲရုံများမှလည်း ကျေးရွာများသို့ သွားရောက်၍ သူထက်ငါ ဈေးပြိုင်ပေး၍ ဝယ်ယူလျက် ရှိကြောင်း၊ မန္တလေး ငရုတ်ပွဲရုံများသို့ နေ့စဉ်တင်ပို့နေတာကြောင့် တောင်သူများဝင်ငွေကောင်းနေကြောင်း သိရှိရပါတယ်။

**စိမ်းစိမ်းထွေး-မိတ္ထီလာ**



# မြို့ကြီးများ၏ ၂၁-၁၂-၂၀၁၅ မှ ၂၅-၁၂-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၁-၁၂-၂၀၁၅) | အင်္ဂါ(၂၂-၁၂-၂၀၁၅) | ဗုဒ္ဓဟူး(၂၃-၁၂-၂၀၁၅) | ကြာသပတေး(၂၄-၁၂-၂၀၁၅) | သောကြာ(၂၅-၁၂-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| မန္တလေးမြို့ | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F |
| မြစ်ကြီးနား | နေသာ ၂၅°C/၇၇°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F |
| လားရှိုး | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၆°F |
| ကျိုင်းတုံ | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၈၀°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F |
| လွိုင်ကော် | နေသာ ၂၇°C/၈၀°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F |
| တောင်ကြီး | နေသာ ၂၂°C/၇၂°F | တိမ်အသင့်အတင့် ၂၂°C/၇၃°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၆°C/၇၆°F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | တိမ်ထူထပ် ၃၅°C/၉၅°F | တိမ်ထူထပ် ၃၅°C/၉၅°F |
| ဘားအံ | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F |
| တောင်ငူ | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၂°F |
| မုံရွာ | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၃°C/၉၂°F |
| မြိတ် | တိမ်အသင့်အတင့် ၃၄°C/၉၄°F | တိမ်ထူထပ် ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| စစ်တွေ | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F |
| မကွေး | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်ထူထပ် ၃၂°C/၈၉°F | ၅၀% ၃၂°C/၈၉°F | ၅၀% နေသာ ၃၂°C/၉၁°F |
| ဖလမ်း | နေသာ ၁၇°C/၆၂°F | နေသာ ၁၈°C/၆၄°F | နေသာ ၁၈°C/၆၄°F | နေသာ ၁၈°C/၆၄°F | နေသာ ၁၈°C/၆၅°F |



## ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်မုန်တိုင်း မီလို တိုက်ခတ် လူ ၂၀ ခန့်သေဆုံးပြီး နှစ်သောင်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့

ဖိလစ်ပိုင်နိုင်ငံတွင် ဒီဇင်ဘာလ ၁၇ ရက်နေ့က တိုက်ခတ်ခဲ့သည့် မုန်တိုင်းမီလိုကြောင့် လူပေါင်း ၂၀ခန့် သေဆုံးပြီး နှစ်သောင်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း ဖိလစ်ပိုင်နိုင်ငံဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ဖော်ကြေညာခဲ့သည်။

နိုနာဟု လူသိများခဲ့သည့် တိုင်ဖွန်းမုန်တိုင်း မီလိုသည် ဒီဇင်ဘာလ ၁၅ ရက်က ပစိဖိတ်သမုဒ္ဒရာအတွင်းဖြစ်ပေါ်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖိလစ်ပိုင်နိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အင်အားပြင်းမုန်တိုင်းမီလိုသည် တစ်နာရီလျှင် ၁၈၅ ကီလိုမီတာ(၁၁၅မိုင်)နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ မိုးလေဝသဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

မုန်တိုင်းအဆင့်ကို အနီရောင်အဆင့်အဖြစ် သတ်မှတ်ခဲ့ပြီး ဒေသခံများအား မုန်တိုင်းမှလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဖိလစ်ပိုင်နိုင်ငံ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အရာရှိ ဂျိုနသန်ဘယ်လ်ဒိုကပြောကြားခဲ့သည်။

မုန်တိုင်းမီလိုသည် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ရာ အဆိုပါဒေသများရှိ နေအိမ်ပေါင်း ၁၃၂၀၀၀ ပျက်စီးခဲ့ရပြီး ယင်းနေအိမ်များအနက် နေအိမ်ပေါင်း ၂၃၀၀၀ ကျော်မှာ လုံးဝပျက်စီးခဲ့ရကြောင်း မနီလာမြို့တော်မှ တာဝန်ရှိသူများကထုတ်ဖော်ကြေညာခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးမှုများပါ ဖြစ်ပွားခဲ့ရာ မနီလာမြို့၏တောင်ဘက် ကာတာမန်ဒေသတွင် အဆိုးရွားဆုံးရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့ရကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုပြီးဆုံးသွားခဲ့သော်လည်း ရေလွှမ်းမိုးမှုများ ပြီးဆုံးသွားခြင်း မရှိသေးကြောင်း၊ ထို့ကြောင့် မုန်တိုင်းသင့်ပြည်သူများမှာ ရေဘေး ဒုက္ခကိုလည်းခံစားနေရကြောင်း ဘယ်လ်ဒိုက ထပ်မံပြောကြားခဲ့သည်။

မုန်တိုင်းဒဏ်ကို ခံစားခဲ့ရသည့် ဒေသတစ်ခုဖြစ်သည့် အယ်လ်ဘေးပြည်နယ်တွင် နေထိုင်ကြသည့် ပြည်သူ ၁ ဒသမ ၂သန်းကျော်မှာ လျှပ်စစ်မီး ပြတ်တောက်သည့်ဒဏ်ကို ခံစားနေရကြောင်း မနီလာသတင်းလွှာတွင် ဖော်ပြထားသည်။

## တမီလ်နာဒူးတွင် ရေလွှမ်းမိုးမှုဖြစ်ပွားပြီးသော်လည်း ရေများ တင်ကျန်နေ၍ စိုက်ပျိုးသူများ အခက်ကြုံ

အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသတစ်ခုဖြစ်သည့် တမီလ်နာဒူးတွင် ပြီးခဲ့သည့်နိုဝင်ဘာလအတွင်းက ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပွားခဲ့သည့် လေဖိအားနည်းရပ်ဝန်းကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့သည်။

ထိုကဲ့သို့ ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီး တစ်လနီးပါးကြာသည့်တိုင် ရေများ ကျဆင်းသွားခြင်း မရှိသည့်အတွက် စိုက်ပျိုးသူများ အခက်ကြုံလျက်ရှိကြောင်း NDTV သတင်းတွင် ဖော်ပြထားသည်။

အထူးသဖြင့် တမီနာလ်ဒူးပြည်နယ် ကူဒါလောခရိုင်တွင် ရေလွှမ်းမိုးမှုမှာ ယခုအချိန်အထိ



ရှိနေဆဲဖြစ်ရာ ဒေသခံများအနေဖြင့် အဆိုပါရေလွှမ်းမိုးမှုကို အံတုနေရဆဲပင်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် လယ်ကွင်းများ၊ စိုက်ခင်းများတွင်လည်း ရေနစ်မြုပ်နေမှုမှာ အနိမ့်ဆုံးနေရာတွင် သုံးပေမှ လေးပေခန့်အထိ ရှိနေသကဲ့သို့ ရေလွှမ်းမိုးမှုမရှိသည့် လယ်ကွင်းများ စိုက်ခင်းများတွင်လည်း သဲများ၊ နုန်းများ ဖုံးလွှမ်းနေသဖြင့် စိုက်ပျိုးရန်အခက်တွေ့နေရသည်ဟုဆိုသည်။

“ဒီဒေသမှာ စပါး၊ ကြံ၊ သီဟိုဠ်နဲ့ ပီလောပီနံတွေကို အဓိကထားပြီးစိုက်ကြတယ်။ အခုလို ရေတွေ၊ သဲတွေ၊ နုန်း တွေ တင်ကျန်နေတော့ စိုက်ပျိုးဖို့ရာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ လယ်သမားတွေအနေနဲ့လည်း ဒါတွေကို ဘယ်လိုလုပ်ရမလဲဆိုတာ မသိကြဘူး။ ရေကတော်တော်နဲ့ မကျ၊ ရေကျတဲ့ နေရာတွေကျတော့လည်း နုန်းတွေ၊ သဲ တွေရဲ့ထုတွေက တော်တော်လေးကိုဆိုးလှပါတယ်။ သီးနှံတွေ ပျက်စီးမှုကလည်း လယ်သမားတွေကို တော်တော်လေး ထိခိုက်စေပါတယ်။ သီးနှံတွေကို ရိတ်သိမ်းဖို့၊ ခူးဆွတ်ဖို့ဆိုတာကလည်း ဘယ်လိုမှမဖြစ်နိုင်ပါဘူး”ဟု ကူဒါလေခရိုင်လယ်သမားရေးရာအသင်းချုပ်မှ ဥက္ကဋ္ဌဖြစ်သူ ပီရာဗင်ဒရန်က ပြောကြားခဲ့သည်။

တမီလ်နာဒူးတွင် ဖြစ်ပေါ်ခဲ့သည့် အဆိုပါ ရေလွှမ်းမိုးမှုကြောင့် အနည်းဆုံး လူ ၄၉ ဦးသေဆုံးခဲ့ရပြီး နေအိမ်ပေါင်း ငါးသောင်းကျော် ပျက်စီးခဲ့ရသည်။

Domestic Sport News
Vol: 15, No.49 Monday December 21 2015



## ချန်ပီယံဖြစ်ရေးအတွက် အကောင်းဆုံး ယှဉ်ပြိုင်မည်ဟု ရှမ်းယူနိုက်တက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ ကတိပြု

ရှမ်းယူနိုက်တက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက လာမည့် ဘောလုံးရာသီတွင် ချန်ပီယံဖြစ်ရန်နှင့် အစဉ်အလာကြီးမားသော ရှမ်းပြည်နယ်၏ဘောလုံးသမိုင်းကို ပြန်လည်အသက်သွင်းရန် အကောင်းဆုံးကြိုးစားသွားမည်ဟု အသင်းပရိသတ်များကို ကတိပြုလိုက်ကြောင်း အသင်းပိုင်ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားခဲ့သည်။

"ရှမ်းပြည်နယ်ကိုယ်စားပြု ဘောလုံးအသင်း၊ ရှမ်းယူနိုက်တက်ရဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခွင့်ရလို့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ရှမ်းယူနိုက်တက်အသင်းကို အကောင်းဆုံးပုံစံရအောင် ကျွန်တော်တို့ပြင်ဆင်နေပါပြီ။ လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံဖြစ်ဖို့ ပစ်မှတ်ထားနေပါတယ်။ ရှမ်းယူနိုက်တက်ဟာ ပရိသတ်အတွက်၊ မြန်မာ့ဘောလုံးလောကအတွက် အထောက်အကူဖြစ်စေရပါမယ်လို့ ကတိပြုပါတယ်။ ရှမ်းယူနိုက်တက်အသင်းကို အားပေးတဲ့ပရိသတ်တွေ စိတ်မပျက်စေရပါဘူး၊ စိတ်ဓာတ်အပြည့်နဲ့ အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ"ဟု အသင်းဒုတိယဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက ပြောကြား သည်။

ရှမ်းယူနိုက်တက်အသင်းသည်ရှမ်း ပြည်နယ်ကိုယ်စားပြု ကမ္ဘောဇဘောလုံးအသင်းကို အမည်ပြောင်းလဲထားသည့် အသင်းဖြစ်ပြီး လာမည့်ဘောလုံးရာသီအတွက် အကြီးစားပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

"ရှမ်းပြည်နယ်ဆိုတာ ဘောလုံးအစဉ်အလာကြီးမားတဲ့ဒေသပါ။ နိုင်ငံ့ဂုဏ်ဆောင် ဗဟာဒူးလို ဘောလုံးသမားကစားခဲ့တဲ့ပြည်နယ်ပါ။ အရင်ကကျင်းပခဲ့တဲ့ တိုင်းနဲ့ပြည်နယ် ဘောလုံးပြိုင်ပွဲတွေမှာလည်း ချန်ပီယံ အကြိမ်ကြိမ်ဖြစ်ခဲ့တာ အားလုံးအသိပါပဲ။ ဒါကြောင့် ဘောလုံးအားကစားကို စိတ်ဝင်စားတဲ့ လူငယ်တွေကို မြေတောင်မြှောက်ပေးသွားမှာဖြစ်သလို ရှမ်းပြည်နယ်ဘောလုံးအားကစားရဲ့ ရွှေရောင်နေ့ရက်တွေ ပြန်လည်အသက်ဝင်လာဖို့ ကြိုးစားသွားမယ်"ဟု အသင်းစီအီးအိုဖြစ်သူ ဦးခွန်နောင်မြင့်ဝေက ဆိုသည်။

ရှမ်းပြည်နယ်ဘောလုံးအသင်းသည် ၁၉၅၂ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ်ကျင်းပသော တိုင်းနှင့်ပြည်နယ် ဘောလုံးပြိုင်ပွဲ၌ ချန်ပီယံဖြစ်ခဲ့သလို ဗဟာဒူး၊ စိုင်းကက်နက်၊ ခွန်ကျော့ဖေ၊ မျိုးဝင်းညွန့်၊ ခွန်မျိုးဝင်းကဲ့သို့ နာမည်ကျော်ဘောလုံးသမားအမြောက်အမြား ပေါ်ထွက်ခဲ့ဖူးသည့် အစဉ်အလာများလည်း ရှိခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၆ ဘောလုံးရာသီအိမ်ကွင်း ပထမဆုံးပွဲဦးထွက်ပွဲကို တောင်ကြီးမြို့တွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

## ၂၀၁၆ ဘောလုံးရာသီအကြို လိဂ်ကော်မတီအစည်းအဝေးကျင်းပ ပြည်ပကစားသမားလေးဦးအနက် သုံးဦးသာ ကွင်းအတွင်း ဝင်ရောက်ကစားရန် အတည်ပြုဆုံးဖြတ်




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ မြန်မာနေရှင်နယ်လိဂ် ကော်မတီ အစည်းအဝေးကို ဒီဇင်ဘာ ၁၁ရက်က ရန်ကုန်မြို့ရှိ နိုဗိုတယ်မက်စ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌနှင့်ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း၊ မြန်မာနေရှင်နယ်လိဂ်ကလပ် အသင်းပိုင်ရှင်များ၊ စီအီးအိုများ၊ တာဝန်ရှိသူများနှင့် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနေရှင်နယ်လိဂ်စီအီးအို မစ္စတာဂျေဆင်းက ရာသီသစ်အတွက် ရေးဆွဲထားသည့်ပြက္ခဒိန်ကို တင်ပြခြင်း၊ လိဂ်-၂ သို့ အသင်းသစ်လေးသင်း ဝင်ရောက်ရန် လျှောက်ထားလာမှုကို တင်ပြခဲ့ကြောင်း သိရသည်။

ထို့အပြင် Marketing ဒါရိုက်တာ ဦးဆူးအောင်က ၂၀၁၅ ခုနှစ် ဘောလုံးရာသီအတွက် စပွန်ဆာရရှိခဲ့မှု၊ ၂၀၁၆ ခုနှစ် ဘောလုံးရာသီအတွက် စပွန်ဆာရရှိရန်ဆောင်ရွက်မှု အနေအထားများကို တင်ပြခဲ့သည်။

ထို့အပြင် ကစားသမားများနှင့် နည်းပြများ၏ စာချုပ်များ ချုပ်ဆိုမှု စနစ်တကျရှိစေရေး၊ ကစားသမားများ ကွင်းအတွင်း၊ ကွင်းအပြင်စည်းကမ်းလိုက်နာမှုရှိစေရေး၊ ကစားသမားအတွက် အေးဂျင့်များထွက်ပေါ်စေရေး၊ မျိုးဆက်သစ် ပြိုင်ပွဲကြီးကြပ်သူများ၊ ဒိုင်ကြီးကြပ်သူများ၊ ဒိုင်လူကြီးများ ပိုမိုမွေးထုတ် အသုံးပြုနိုင်ရေး၊ အသင်းများအနေဖြင့် ဘဏ္ဍာရေးလျာထားချက်နှင့် ရှင်းတမ်းများ စနစ်တကျထားရှိရေး၊ အိမ်ကွင်း လက်ခံနိုင်သည့် အသင်းများ ပိုမိုထွက်ပေါ်လာရေး၊ နိုင်ငံခြားသား ကစားသမား အရေအတွက် သတ်မှတ်ရေး၊ Best United အသင်းနုတ်ထွက်မှုနှင့် အသင်းသစ်များကို ယခုနှစ် လိဂ်-၂ ပြိုင်ပွဲတွင် ဝင်ရောက်ခွင့်ပြုရေးအပြင် လာမည့်ရာသီတွင် အပျော်တမ်းလိဂ်ကို ပီပြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်စီမံချက်ရေးဆွဲရန် စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အရေးကြီးသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်သည့် ပြည်ပကစားသမားလေးဦး ခေါ်ယူခွင့်ပြုပြီး ကွင်းအတွင်း သုံးဦးသာ ကစားခွင့်ပြုရန် စည်းမျဉ်းအား မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၅ မဲဖြင့် အဆိုပါစည်းမျဉ်းအား အတည်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

## ရတနာပုံအသင်း၏အကျီရင်ဘတ်စပွန်ဆာအတွက် M-150 ကုမ္ပဏီနှင့် ဆွေးနွေးလျက်ရှိ

မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းတစ်သင်းဖြစ်သည့် ရတနာပုံအက်ဖ်စီအသင်းသည် ၂၀၁၆ဘောလုံးရာသီအတွက် အကျီရင်ဘတ်စပွန်ဆာရရှိရန် ထိုင်းနိုင်ငံမှ အချိုရည်ကုမ္ပဏီတစ်ခုဖြစ်သည့် M-150 ကုမ္ပဏီနှင့် ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရတနာပုံအသင်းနှင့် M-150 ကုမ္ပဏီတို့သည် ၂၀၁၄ ခုနှစ်ဘောလုံးရာသီက လက်တွဲခဲ့ဖူးပြီးပြီးခဲ့သည့် ဘောလုံးရာသီက စာချုပ်ဆက်လက်ချုပ်ဆိုနိုင်ခဲ့ခြင်းမရှိပေ။

"ဆရာတို့အနေနဲ့ M-150 ကုမ္ပဏီနဲ့စပွန်ဆာစာချုပ် ချုပ်ဆိုဖို့ညှိနှိုင်းနေပါတယ်။ ဆရာတို့ဘက်က တစ်ရာသီအတွက် အမေရိကန်ဒေါ်လာနှစ်သိန်းတောင်းထားတယ်။ စာချုပ်ချုပ်ဖြစ်ရင်တော့ ပွဲလုပ်ဖို့စီစဉ်ထားပါတယ်။ အကျီစပွန်ဆာအတွက်တော့ လက်ရှိအချိန်အထိ မသိရသေးပါဘူး။ FBT နဲ့ ထပ်ညှိဖို့တော့ စီစဉ်နေပါတယ်"ဟု ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက ပြောကြားခဲ့သည်။

၂၀၁၅ ဘောလုံးရာသီအတွင်းက ရတနာပုံအသင်းကို အကျီစပွန်ဆာအဖြစ် FBT ကုမ္ပဏီက စပွန်ဆာပေးခဲ့ပြီး ရင်ဘတ်စပွန်ဆာရရှိခဲ့ခြင်း မရှိပေ။

ရတနာပုံအသင်းသည် ၂၀၁၃ ခုနှစ် ဘောလုံးရာသီကအကျီစပွန်ဆာအဖြစ် တရုတ်အားကစားပစ္စည်းကုမ္ပဏီဖြစ်သည့် Erke နှင့် လက်တွဲခဲ့ဖူးသည်။ ရတနာပုံအသင်းသည် တစ်နှစ်လျှင် ကုန်ကျစရိတ် ကျပ်သိန်းပေါင်း တစ်သောင်းကျော် သုံးစွဲနေသောအသင်းတစ်သင်းဖြစ်ကြောင်း သိရသည်။

## မြန်မာ့လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား ကျော်မင်းဦးကို ရန်ကုန်ယူနိုက်တက်အသင်း သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူ

၂၀၁၆ ဘောလုံးရာသီအတွက်အကောင်းဆုံးပြင်ဆင်မှုများ ပြုလုပ်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့၏ ကွင်းလယ်ကစားသမား ကျော်မင်းဦးကို သုံးနှစ်သက်တမ်းရှိသည့် စာချုပ်တစ်ရပ်ကို ချုပ်ဆို၍ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစွမ်းပြကစားပြီး ၂၀၁၅ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့သည့် ကွင်းလယ်လူ ကျော်မင်းဦးသည် ဧရာဝတီယူနိုက်တက်အသင်းတွင် ၂၀၁၄၊ ၂၀၁၅ ဘောလုံးရာသီ နှစ်ရာသီကြာ ကစားခဲ့ပြီးနောက် စာချုပ်သက်တမ်းကုန်ဆုံးပြီးချိန်တွင် ရန်ကုန်အသင်းနှင့်အတူ လက်တွဲခဲ့ခြင်းဖြစ်သည်။



အသက် ၂၀ အရွယ်သာရှိသေးသည့် ကျော်မင်းဦးသည် ၎င်း၏ကစားသမားဘဝကို ရန်ကုန်အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမှတစ်ဆင့် စတင်ခဲ့ပြီး ထိုမှတစ်ဆင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ မန္တလေးဘောလုံးအကယ်ဒမီတွင် ဘောလုံးပညာရပ်များကို ဆည်းပူးခဲ့သည်။ ထို့နောက် မြန်မာ့လက်ရွေးစင်ယူ-၁၉အသင်းတွင် ရွေးချယ်ခံခဲ့ရပြီး ၂၀၁၅ ယူ-၂၀ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ရာတွင် အဓိကနေရာမှ ခြေစွမ်းပြကစားနိုင်ခဲ့သလို ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်းအဓိကကစားသမားအဖြစ် ခြေစွမ်းပြကစားနိုင် ခဲ့သည်။

ထို့ပြင် ၂၀၁၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာ ယူ-၂၃အသင်းတွင်လည်း ရွေးချယ်ခံခဲ့ရပြီးပွဲထွက်ကစားခွင့်ရရှိခဲ့သည်။ ရန်ကုန်ကွင်းလယ်ကစားသမားသစ် ကျော်မင်းဦးသည် မြန်မာ့လက်ရွေးစင်အသင်းတွင်လည်း 2014 AFC Challenge Cup ပြိုင်ပွဲမှစတင်ကာ ရွေးချယ်ခံခဲ့ရပြီး ယခုယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲများတွင်လည်း ပါဝင်ကစားလျက်ရှိကြောင်း သိရသည်။

# ရီးရဲလ်အသင်းတိုက်စစ်မှူး စီရော်နယ်ဒို ဟိုတယ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်
# CR7 အမည်ရှိ ဟိုတယ်လေးလုံးကို မြို့လေးမြို့တွင် တည်ဆောက်သွားမည်



© EPA

ပေါ်တူဂီလက်ရွေးစင်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်း၏တိုက်စစ်မှူး ရော်နယ်ဒိုသည် ဟိုတယ်လုပ်ငန်းအုပ်စုတွင် ပေါင် ၅၄သန်းတန်ကြေးရှိသည့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စာချုပ်ချုပ်ဆိုလိုက်ကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

ခရစ္စတီယာနို ရော်နယ်ဒိုသည် ဘောလုံးနှင့် လုံးဝမသက်ဆိုင်သည့်လုပ်ငန်းဖြစ်သည့် ဟိုတယ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလိုက်ခြင်းဖြစ်ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ပေါင် ၅၄ သန်းရှိကြောင်း သိရသည်။

ရော်နယ်ဒိုသည် Pestana Hotel Group တွင် ပါဝင်ရင်းနှီးမြှုပ်နှံခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ဟိုတယ်လေးလုံး တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါဟိုတယ်လေးလုံးကို နေရာဒေသမတူသည့်မြို့ကြီးလေးမြို့တွင်တည်ဆောက်သွားမည်ဖြစ်သည်။

ယင်းဟိုတယ် လေးလုံးကိုတည်ဆောက်ရာတွင် ပထမဦးဆုံးဟိုတယ်ကို ပေါ်တူဂီနိုင်ငံ၊ လစ္စဘွန်းမြို့တွင် တည်ဆောက်သွားမည်ဖြစ်ပြီး၊ ဒုတိယမြောက်ဟိုတယ်ကို ၎င်း၏မွေးရပ်မြေဖြစ်သည့် ဖန်ချယ်မြို့ရှိ မာဒီယားတွင် တည်ဆောက်သွားမည်ဖြစ်သည်။

တတိယမြောက်ဟိုတယ်ကို စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် လည်းကောင်း၊ စတုတ္ထမြောက်ဟိုတယ်ကို အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင် လည်းကောင်း CR7 ဟိုတယ်အမည်ဖြင့် ဖွင့်လှစ်သွားရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

နယူးယောက်မြို့တွင် ဟိုတယ်တည်ဆောက်ရန် ရည်ရွယ်ရခြင်းမှာ စီရော်နယ်ဒိုအနေဖြင့် နယူးယောက်မြို့တွင် အခြေချနေထိုင်သွားရန် ရည်ရွယ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

"ကျွန်တော့်ရဲ့ဘဝဟာ ဘောလုံးကစားတာပါ။ ဒါပေမယ့် ဒီဘောလုံးကစားတာတစ်ခုတည်းနဲ့ ဘဝကိုရပ်တည်သွားဖို့ မဖြစ်နိုင်ပါဘူး။ ဒီလုပ်ငန်းအသစ်ဟာ ကျွန်တော့်ကိုယ်ကျွန်တော်ကြိုးစားဖို့အတွက် လမ်းညွှန်ပေးထားသလိုပါပဲ။ ကျွန်တော့်မှာ ကမ္ဘာ့အကောင်းဆုံးအသင်းတစ်သင်းရှိနေပါပြီ။ ကျွန်တော့်အသက် ငယ်ပါသေးတယ်။ ဒါပေမယ့် ဒီဟိုတယ်လုပ်ငန်းက ကျွန်တော့်ဘဝအတွက် တကယ့်ကိုစိတ်လှုပ်ရှားဖို့ကောင်းတဲ့ လုပ်ငန်းတစ်ခုလို့ခံယူပါတယ်။ ဒါဟာ ကျွန်တော့်ဘဝရဲ့ အနာဂတ်၊ ကျွန်တော့်မိသားစု၊ ကျွန်တော့်ရဲ့သား၊ အဲဒါတွေရဲ့ အနာဂတ်အတွက် စဉ်းစားပြီး လုပ်ဆောင်ခဲ့တာပါ"လို့ ရော်နယ်ဒိုနှင့် Pestana Hotel Group ပိုင်ရှင် ဒိုင်နီဆီယိုပက်တာနာတို့ သဘောတူစာချုပ်ချုပ်ဆိုအပြီးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ရော်နယ်ဒို၏ မွေးရပ်မြေတွင် တည်ဆောက်မည့်ဟိုတယ်ကို ၂၀၁၆ ခုနှစ် နွေရာသီတွင် စတင်ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိပြီး လစ္စဘွန်းတွင် ဖွင့်လှစ်မည့် ဟိုတယ်ကိုမူ ၂၀၁၆ ခုနှစ်ကုန်ပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

လစ္စဘွန်းတွင် ဟိုတယ်တည်ဆောက်ရခြင်းမှာ စီရော်နယ်ဒို၏ ကစားသမားဘဝ အစသည် စပို့တင်း လစ္စဘွန်းတွင် စတင်ခဲ့ခြင်းဖြစ်၍ လစ္စဘွန်းတွင် ဟိုတယ် တည်ဆောက်ရခြင်းဖြစ်သည်ဟုဆိုသည်။



## နည်းပြ မော်ရင်ဟိုကို ထုတ်ပယ်၍ ဂူးဟစ်ဒင့်ကို ယာယီနည်းပြအဖြစ် ချဲလ်ဆီးအသင်း ခန့်အပ်

ချဲလ်ဆီးအသင်းသည်နည်းပြ မော်ရင်ဟိုကိုထုတ်ပယ်၍ယာယီနည်းပြအဖြစ် ဂူးဟစ်ဒင့်ကို ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

ချဲလ်ဆီးအသင်းသည် ပရီးမီးယားလိဂ်တွင် ရလဒ်များ ဆိုးရွားနေမှုကြောင့် နည်းပြ မော်ရင်ဟိုကို ထုတ်ပယ်လိုက်ခြင်းဖြစ်သည်။ မော်ရင်ဟိုသည် ပြီးခဲ့သည့်ရာသီက ချဲလ်ဆီးအသင်းအတွက် ပရီးမီးယားလိဂ်ဖလားနှင့်လိဂ်ဖလားတို့ကို ရယူပေးနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များဆိုးရွားနေမှုကြောင့် ရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည်ချန်ပီယံလိဂ်တွင် ၁၆ သင်းဆင့် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ်တွင် ၁၆ ပွဲကစားပြီးချိန်၌ ရမှတ် ၁၅ မှတ်သာရရှိထားပြီး တန်းဆင်းဇုန်မှ အသင်းနှင့် တစ်မှတ်အကွာ အဆင့် ၁၆ တွင် ရပ်တည်လျက်ရှိသည်။

ချဲလ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်သည် နည်းပြမော်ရင်ဟိုကို ထုတ်ပယ်ခဲ့ပြီးနောက် နယ်သာလန်နိုင်ငံသား ဂူးဟစ်ဒင့်ကို ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ယခုအခါတွင် အသက် ၆၅ နှစ်အရွယ်ရှိပြီဖြစ်သည့် ဂူးဟစ်ဒင့်နှင့် အေဗရာမိုဗစ်ချ်တို့သည် လန်ဒန်မြို့ရှိ ဟိုတယ်တစ်လုံးတွင် ချဲလ်ဆီးအသင်း၏ အနာဂတ်အတွက် ဆွေးနွေးလျက်ရှိသည်ဟုဆိုသည်။ ဂူးဟစ်ဒင့်သည် ပီအက်စ်ဗွီအိုင်ဟိုဗန်အသင်းအား နည်းပြအဖြစ် တာဝန်ယူစဉ်က ဒတ်ချ်လိဂ်ဖလား ခြောက်ကြိမ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ဂူးဟစ်ဒင့်သည် ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်က ချဲလ်ဆီးအသင်း၏ နည်းပြ လူးဝစ်ဖီလစ်ပီစကိုလာရီကို ထုတ်ပယ်ပြီးနောက် ချဲလ်ဆီးအသင်း၏ ယာယီနည်းပြအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသေးသည်။




## မော်ရက်စမိုကို နည်းပြအဖြစ် မာရေး ဆက်လက်ခန့်အပ်

ဗြိတိန်တင်းနစ်ချန်ပီယံ အန်ဒီမာရေးသည် ၎င်း၏နည်းပြဖြစ်သူ အေမီလီယာ မော်ရက်စမိုကိုနည်းပြအဖြစ် ဆက်လက်ခန့်အပ်ခဲ့ကြောင်း သိရသည်။

မော်ရက်စမိုသည်ပြီးခဲ့သည့် ဩဂုတ် ၁၆ ရက်က သားယောကျ်ားလေးတစ်ဦးကို ဖွားမြင်ခဲ့ပြီးနောက် အန်ဒီမာရေးအတွက် နည်းပြအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။

ကမ္ဘာ့အဆင့်နှစ်ရှိသည့် မာရေးသည် ၂၀၁၆ ခုနှစ် မတ်လအတွင်းကျင်းပမည့် အင်ဒီယန်းဝဲလ်မာစတာတင်းနစ်ပြိုင်ပွဲအတွက် မော်ရက်စမိုကို နည်းပြအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်စေမည်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ကာလတွေက ကျွန်တော့်အတွက် အပေါင်းလက္ခဏာဆောင်တဲ့ ကာလတွေပါပဲ။ ဒါဟာ နည်းပြမော်ရက်စမိုကြောင့်ပါ။ ဒါကြောင့် သူ့ကို နည်းပြအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်စေဖို့ ကျွန်တော်ဆုံးဖြတ်ခဲ့တာပါ။ အရေးကြီးတဲ့အချိန်တွေ၊ အရေးကြီးတဲ့နေရာတွေကို ရောက်ပြီဆိုရင် သူနဲ့ကျွန်တော် တိုင်ပင်ပြီး လုပ်ဆောင်လေ့ရှိပါတယ်။ ဒါကြောင့်လည်း အခုလိုအောင်မြင်မှုကို ရရှိတာဖြစ်ပါတယ်"ဟု မာရေးက ပြောကြားခဲ့သည်။

## အိုင်းရစ်လူမျိုး မက်အီရွိုင်းနှင့် အမေရိကန်နိုင်ငံသူ အီရီကာစတိုးလ်တို့ စေ့စပ်ကြတော့မည်ဟုဆို


© EPA

ဗြိတိန်နိုင်ငံမြောက်ပိုင်းနယ်သား အိုင်းရစ်လူမျိုး ရော်ရီ မက်အီရွိုင်းသည် အမေရိကန်နိုင်ငံသူ အီရီကာစတိုးလ်တို့ စေ့စပ်ကြတော့မည်ဖြစ်ကြောင်း မက်အီရွိုင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

မက်အီရွိုင်းနှင့် ၎င်း၏ချစ်သူ အီရီကာစတိုးလ်တို့၏ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တော်သို့ အလည်အပတ်သွားရောက်စဉ် မက်အီရွိုင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

မက်အီရွိုင်းနှင့်အီရီကာစတိုးလ်တို့သည် မကြာသေးခင်ကမှ တွေ့ဆုံခဲ့ကြခြင်းဖြစ်ပြီး မက်အီရွိုင်းကလက်ထပ်ခွင့်တောင်းခံခဲ့ခြင်းဖြစ်သည်။

အီရီကာစတိုးလ်သည် PGA American တွင် အလုပ်လုပ်ကိုင်နေသူ တစ်ဦးဖြစ်ပြီး အလှအပစာရင်းဝင် ရွှေအိုရောင်ဆံပင်ပိုင်ရှင်တစ်ဦးဖြစ်ကြောင်း သိရသည်။

မက်အီရွိုင်းသည် ဒိန်းမတ်တင်းနစ် ချန်ပီယံ ကာရိုလိုင်း ဝေါ့ဇနီယာကီနှင့် ၂၀၁၁ ခုနှစ်တွင် ချစ်ကြိုးသွယ်ခဲ့ကြပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် စေ့စပ်ခဲ့ကြသည်။ ထို့နောက် လက်ထပ်ပွဲကျင်းပရန် စီစဉ်နေဆဲမှာပင် ၎င်းတို့နှစ်ဦး လမ်းခွဲခဲ့ကြသည်။

"အီရီကာကို ကျွန်တော်မြင်ဖူးခဲ့တာကြာပါပြီ။ ပြိုင်ပွဲကျင်းပနေစဉ်မှာ သူ့ရဲ့လှုပ်ရှားမှုတွေကို ကျွန်တော်တွေ့မြင်ခဲ့ပါတယ်။ ဒါပေမယ့် သူ့ကို ကျွန်တော် သတိမထားမိခဲ့ဘူး။ သူ့ကို ကျွန်တော် ၂၀၁၂ ခုနှစ် ရိုက်ဒါဖလားပြိုင်ပွဲမှာစပြီး သတိထားမိလာတယ်။ သူဟာ ကျွန်တော့်ကို နေရာတိုင်းမှာ လွှမ်းမိုးလာတယ်ဆိုတာကို ကျွန်တော် သိလာခဲ့တယ်။ ဒီလိုသိလာခဲ့တာဟာ သိပ်မကြာသေးပါဘူး"ဟု မက်အီရွိုင်းက ပြောကြားခဲ့သည်။

မက်အီရွိုင်းသည် ၎င်းတို့နှစ်ဦး၏ စေ့စပ်ပွဲကျင်းပမည့်ရက်ကို ထုတ်ဖော်ပြောကြားခြင်းမပြုသေးပေ။

# ပဲခူးတိုင်းဒေသကြီး၊ ဖဒိုမြို့နှင့်ရွှေကျင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းနှင့် အသိပညာပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

ပဲခူးတိုင်းဒေသကြီး၊ ဖဒိုမြို့အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နှင့် ရွှေကျင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဒီဇင်ဘာလ ၁၀ ရက်တွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်းနှင့် စားသုံးသူအသိပညာပေးရေး သိကောင်းစရာများ ဟောပြောဆွေးနွေးကျင်းပခဲ့ပါသည်။

ဟောပြော ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနခွဲမှ တာဝန်ခံ ဦးအောင်သိုက် (ဦးစီးအရာရှိ) က ဟောပြောဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံတွင် ၂၀၁၄ခုနှစ်၊ မတ်လ ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀) ဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကိုအတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရေးနှင့် စားသုံးသူများကို အပြည့်အဝ အကာအကွယ်ပေးနိုင်ရန် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုအဖွဲ့ကို ၂၀၁၄ခုနှစ်၊ ဇွန်၄ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများ နစ်နာမှုများကို ဖြေရှင်း ဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီးစီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်မြင့်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ၎င်းအဖွဲ့၏ လက်အောက်တွင် စားသုံးသူများ တိုင်ကြားမှုကို လက်ခံဆောင်ရွက် ပေးနိုင်ရန်အတွက် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၁ ဦးဖြင့် လည်းကောင်း၊ ပြည်တွင်း/ပြည်ပမှ ကုန်ပစ္စည်းများ လုံခြုံစိတ်ချမှု ရှိစေရန် စစ်ဆေးခြင်းနှင့် စားသုံးသူ/ သုံးစွဲသူများ ဘေးကင်းလုံခြုံစေရန် အတွက် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၁ ဦးဖြင့်လည်းကောင်း ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်တွင် တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဥက္ကဋ္ဌမှ ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေတွင် ပါရှိသည့် စားသုံးသူများ၏ အခွင့်အရေးကို



ရယူနိုင်သကဲ့သို့ တာဝန်များကိုလည်း လိုက်နာရန်လိုအပ်ကြောင်း၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏တာဝန်နှင့်တားမြစ်ချက်များကို လိုက်နာရန်လိုအပ်ကြောင်း ဥပဒေပါပြစ်မှုပြစ်ဒဏ်များအကြောင်းနှင့် စားသုံးသူရေးရာဌာန၏ လုပ်ငန်းဆောင်ရွက်နေမှု၊ တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အစားအသောက် ကုန်ပစ္စည်းများတွင် ပါဝင်ရမည့် အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်းအမျိုးအစား၊ ထုတ်လုပ်သည့် ရက်စွဲ နောက်ဆုံးသုံးစွဲရမည့် ရက်စွဲ၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ ထုတ်လုပ်သည့်အမည် နှင့် လိပ်စာစသည့် ပါဝင်ရမည့် အချက်များအား ရှင်းလင်းပြော ကြားပြီး အစား အသောက်များတွင် ဓာတုဆိုးဆေးများ၏ အန္တရာယ် ဆိုးကျိုးများအကြောင်း၊ အရက်ဘီယာ၊ ဆေးလိပ်၊ ကွမ်းယာတို့ သည် လူကို စွဲလမ်းစေသော ဓာတုပစ္စည်းများပါဝင်နေပြီး၊ အသက် အန္တရာယ်နှင့် ကင်ဆာရောဂါ ဖြစ်စေတတ်ကြောင်းကို အကျယ်တဝင့်ရှင်းလင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနခွဲမှ မြို့နယ်တာဝန်ခံ ဦးမျိုးအောင် (ဦးစီးမှူး)မှ ဝန်ဆောင်မှုအကြောင်းများကို ဆက်လက်ရှင်းလင်းရာ လူ့အသက်နှင့် ကျန်းမာမှုတို့ကို ခြိမ်းခြောက် အန္တရာယ်ပေးနိုင်သော ကုန်စည်များထုတ်လုပ်မှုဖြစ်စဉ်များနှင့် ဝန်ဆောင်မှုများအား ထုတ်လုပ်ခြင်းဖြင့် စားသုံးသူများ အတွက် လုံခြုံစိတ်ချရမှု ရှိ/မရှိကို အလေးမထားဘဲ ကိုယ်ကျိုးရှာ အမြတ်ထုတ်နေသောကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်မှုအတွက် ညွှန်ကြားထားသည့် ညွှန်ကြားချက်များ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ လိုက်နာရမည့် အသိပေးမှုများအားလိုက်နာခြင်းဖြင့် စားသုံး သူများ၏ အသက်၊ ကိုယ်ခန္ဓာနှင့်ပစ္စည်းများကို အန္တရာယ်ဖြစ်ပေါ်ခြင်းမရှိအောင် ပြုလုပ်ပေးထားခြင်းသည်လည်း ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေခြင်းအတွက် ပေးထားသော အခွင့်အရေး ပင်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များအား လောဘရမ္မက်တက်ပြီး မိမိကိုယ်ကျိုးစီးပွားကိုကြည့်ပြီး လုပ်ကိုင်သဖြင့် ခွင့်မပြု ဓါတုဆိုးဆေးများ ပါဝင်နေသော အစားအစာများ သုံးစွဲရန် မသင့်သော လူသုံး ကုန်ပစ္စည်းများသည် ဈေးကွက်တွင်များပြား နေခြင်းကြောင့် အစားအသောက်များအား ရွေးချယ်စားသုံး/သုံးစွဲကြရန် လိုအပ်ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းသည် တစ်ဦးတစ်ယောက်တည်း အဖွဲ့တစ်ဖွဲ့တည်း လုပ်ယူကာကွယ်၍ မအောင်မြင်ကြောင်း နိုင်ငံတော်အစိုးရ၊ စားသုံးသူပြည်သူ၊ ကုန်ပစ္စည်းထုတ်လုပ် ရောင်းချသူအားလုံး ပူးပေါင်းပါဝင်မှသာ စားသုံးသူ အကာအကွယ် ပေးရေးလုပ်ငန်းကြီး အောင်မြင်မှာ ဖြစ်ပါကြောင်း ပြောကြားဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ဖဒိုမြို့မှ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျောင်းကျန်းမာရေး အဖွဲ့များ၊ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၅၀၀ ခန့်နှင့် ရွှေကျင်မြို့နယ်တွင်စုစုပေါင်းအင်အား ၅၅၀ ဦး တက်ရောက်ခဲ့ပြီး လာရောက် သူများအား စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သီရိဇူလိုင် (စားသုံးသူ)ပဲခူး**

## ကျိုက်ထိုမြို့နယ် ပြည်သူ့ဈေးနှင့် ကင်မွန်းချောင်းကျေးရွာ ဈေးဆိုင်များတွင် တားမြစ်ကုန်စည်များ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး



မွန်ပြည်နယ်အတွင်းရှိ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာဖြင့် စားသောက်ကုန်၊ အလှကုန်နဲ့ ဆေးဝါးများ ဝယ်ယူသုံးစွဲရာတွင် စိတ်ကျေနပ်မှု ရရှိစေရန်နဲ့အာမခံချက်ရှိပြီး အရည်အသွေးမြင့်မားသော ကုန်စည်များအား မှန်ကန်စွာ ရွေးချယ်ဝယ်ယူအသုံးပြုနိုင်ရန် ရည်ရွယ်၍ မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနေဇင်သက်နှင့် ဒုတိယဦးစီးမှူး ဦးသူရဇော်တို့သည် ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနမှ တာဝန်ခံအရာရှိ ဒေါက်တာစိုးနိုင်၊ ကျိုက်ထိုမြို့ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များနှင့် ပူးပေါင်း၍ ဒီဇင်ဘာလ ၁၅ ရက်တွင် ကျိုက်ထိုမြို့နယ် ပြည်သူ့ဈေးနှင့် ကင်မွန်းချောင်းကျေးရွာ လမ်းဘေး ဝဲယာရှိဆေးဆိုင်များတွင် လုံခြုံစိတ်ချရမှုမရှိတဲ့ ထုတ်ကုန်များဖြစ်တဲ့ စားသုံးရန်/ သုံးစွဲရန်မသင့် တားမြစ်ကုန်စည်များ ရောင်းချနေခြင်း ရှိ/မရှိအားကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် စားသုံးရန်/သုံးစွဲရန်မသင့် တားမြစ်ကုန်စည်များဖြစ်သော အစားအသောက်တွင် xx အမှတ်တံဆိပ် ခေါက်ဆွဲခြောက် ၉၂ ထုတ် ၊ xxxx ချယ်ရီသီးဗူးအကြီး ၄၀ ဗူး၊အသေး ၁၇၁ ဗူး၊ xx တံဆိပ်ပါ အချိုရည် ၁၂ဗူး၊အာဖျန်း အချိုရည် တစ်ဖာ၊ အလှကုန်နှင့် ဆေးဝါးတွင် Polla Gold အကြီး ၂၄ ဗူး၊ အသေး နှစ်ဗူး ၊ Melasma ၄၉ ဗူး၊ Platnum ခုနစ်ဗူး၊ Baschi ရှစ်ဗူး၊ Mellano No.1 နှစ်ဗူး၊ Mellano No.3 တစ်ဗူး၊ Dr. Japan တစ်ဗူး၊ 3 Day သုံးဗူး၊ ရက်လွန်ဆေး ၄၈ ကတ်၊ ရွှေစင်တံဆိပ်နှင့် သုံးရာသီတံဆိပ်အမည်ပါ စပ်ဆေး ၄၆၅ ထုတ်တို့အား စစ်ဆေးတွေ့ရှိရပါသဖြင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်မှ သိမ်းဆည်းခဲ့ပြီး မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနသို့ အပ်နှံခဲ့ပါသည်။

ဆက်လက်၍ နေ့လယ် ၂ နာရီတွင် ကျိုက်ထိုမြို့နယ် ပြည်သူ့ ဆေးရုံ ခန်းမ၌ ဆေးဆိုင်ပိုင်ရှင်များအား ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင် က စံမညီဆေးဝါးများ၏ ဘေးဥပဒ်အန္တရာယ်အကြောင်းကို လည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးနေဇင်သက် က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အကြောင်းနှင့် စားသုံးရန်/သုံးစွဲရန်မသင့် တားမြစ်ကုန်စည်များ၏ ဘေးဥပဒ်အန္တရာယ်များကိုလည်းကောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခဲ့တယ်လို့ သတင်းရရှိပါတယ်။

TYZ (Consumer Mon)

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သုံးခွမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲကျင်းပ

ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ စားသောက်နေထိုင်နိုင်ကြစေရန် စားသောက်ကုန် ပစ္စည်းများ ရွေးချယ်ဝယ်ယူစားသုံးနိုင်ရေးကို ရည်ရွယ်၍ ကွင်းဆင်းပညာပေး ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(ရန်ကုန်ရုံးခွဲ) နှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၁၀ ရက်၊ နံနက်၁၀နာရီခွဲက သုံးခွမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းအစည်းအဝေးခန်းမတွင် သုံးခွမြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား/ ကျောင်းသူများ နှင့်ပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

ဟောပြောပွဲတွင် သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက ပြည်သူများအားလုံး စားသုံးသူများဖြစ်သောကြောင့် စားသုံးသူများ ထိခိုက်မှုမရှိအောင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို နိုင်ငံတော်မှ ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ ဆက်စပ်ဥပဒေဖြစ်သည့် အမျိုးသားဆေးဝါး ဥပဒေ၊ ပိုးသတ်ဆေး ဥပဒေအစရှိသော ဥပဒေများကို ယခင်ကပြဋ္ဌာန်းပြီးဖြစ်သော်လည်း စားသုံးသူပြည်သူများ အတွက် လိုအပ်ချက်ထပ်မံဖြည့်ဆည်းပေးပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပြဋ္ဌာန်းခြင်းဖြစ်သောကြောင့် တက်ရောက်လာသူများအနေဖြင့် မသိမရှင်းလင်းမှုများကို မေးမြန်းနိုင်ပြီး မိမိတို့ပတ်ဝန်းကျင်ကို ဆက်လက်ဖြန့်ဝေပေးရန်မှာကြားလိုပါကြောင်း ပြောကြားခဲ့ပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာဖြိုးမာန်သက်ဦးက ဌာန၏ဖွဲ့စည်းပုံ၊ ထပ်မံတိုးချဲ့ဖွဲ့စည်းသောဌာနများနှင့် နယ်စပ်ရုံးခွဲများထားရှိမှုတို့အားလည်းကောင်း၊ ပြည်တွင်း၊ ပြည်ပမှ ပို့ကုန်/သွင်းကုန် လုပ်ငန်းများတွင် လိုအပ်သော ထောက်ခံချက်များထုတ်ပေးနေမှုတို့အားလည်းကောင်း၊ စားသောက်ကုန်များတွင် အသုံးပြုလေ့ရှိသော ဆိုးဆေးတွင် သဘာဝဆိုးဆေးနှင့် ဓါတုဆိုးဆေးဟူ၍ နှစ်မျိုးရှိကြောင်း၊ သဘာဝဆိုးဆေးသည် ထုတ်လုပ်ရန်ခက်ခဲခြင်း၊ ကုန်ကျစရိတ်များပြားခြင်း၊ ဓါတုဆိုးဆေးများ၌ အစားအသောက်တွင် သုံးစွဲရန်ခွင့်ပြုထားသောဆိုးဆေးနှင့် ခွင့်မပြုထားသောဆိုးဆေးများ ရှိကြောင်း အကျယ်တဝင့်ပြောကြားခဲ့ပြီး သောက်ရေသန့်နှင့် ပတ်သက်၍ မြို့နယ်အချို့တွင် သောက်သုံးရန် မသင့်သည်များကို ပိတ်သိမ်းခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အနေဖြင့် ဥပဒေကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကော်မတီနှစ်ရပ်ဖြစ်သော စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ထပ်မံဖွဲ့စည်းပြီးကြောင်း မိမိတို့အနေဖြင့် တိုင်ကြားလိုပါက နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့် သော်လည်းကောင်း တိုင်ကြားနိုင်ပါကြောင်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူး လွန်လျှင် အရေးယူခံရမည့် ပြစ်မှုပြစ် ဒဏ်များ အကြောင်း၊ ကျောင်းသား/ ကျောင်းသူများသည် အသက်ငယ်ရွယ် သူများဖြစ်သော ကြောင့် ပြင်ဆင်လိုက်နာ ဆောင်ရွက်စေလိုပါကြောင်း ဟောပြော ဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းအောင်၊ သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ သုံးခွမြို့ နယ်စည်ပင်သာယာရေးအဖွဲ့နှင့်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ သုံးခွမြို့နယ်အတွင်းရှိအခြေခံ ပညာအထက်တန်းကျောင်း၊ အလယ် တန်းကျောင်း၊ မူလတန်းကျောင်း ၁၅၀ မှ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအုပ်ဆရာမကြီးများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၃၁၀ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အိန္ဒြေအောင် (စားသုံးသူ)ရန်ကုန်**

## မြစ်ကြီးနားမြို့ အထက(ပလန) စာသင်ကျောင်းသို့ ကချင်ပြည်နယ် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကို ကွင်းဆင်းဆောင်ရွက်



ကချင်ပြည်နယ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် အစားအသောက်အကာအကွယ်ပေးရေး လူမှုအဖွဲ့အစည်း (NGO) များ ပါဝင်သည့် အသိပညာပေးဟောပြောပွဲနှင့် အစားအသောက်ပစ္စည်း၊ အလှကုန်ပစ္စည်းများကို နမူနာထားရှိ၍ ပြခန်းများဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၁၅ ရက်တွင် မြစ်ကြီးနားမြို့၊ ပလနရပ်ကွက်ရှိ အထက်တန်းကျောင်း တွင် အခမ်းအနားများဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန စားသုံးသူအကာအကွယ်ပေးရေးဌာနခွဲမှ ဒုတိယဦးစီးမှူးဦးဘောမ်ဇုန်းက ကုလသမဂ္ဂမှ ထုတ်ပြန်ချမှတ်ခဲ့သည့်စားသုံးသူအကာအကွယ်ပေးရေးအခြေခံနယ်ပယ် (၈) ချက်ဆိုင်ရာနှင့် ဥပဒေပြဋ္ဌာန်းချက်များရှင်းလင်းခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာနှင့်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းနှင့်တာဝန်အဆင့်ဆင့်၊ တိုင်ကြားမှုပုံစံများအဆင့်ဆင့်အကြောင်း၊ လက်ရှိပြည်နယ် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှကွင်းဆင်းဆောင်ရွက်နေမှုများအား ဆွေးနွေးခဲ့ပြီး၊ ဒုတိယဦးစီးမှူး ဦးဝင်းသိန်းဦးက ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းထံသို့ ပြဋ္ဌာန်းချက် ဥပဒေစာအုပ်၊ ပညာပေးစာစောင်များ၊ နိုင်ငံပိုင်သတင်းစာမှ ထုတ်ပြန်ထားရှိသည့် စားသုံးရန်မသင့်သောစားသောက်ဆိုင်ရာ စာရင်းများကို ပေးအပ်ခဲ့ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးပြည့်စုံကြည်မြင့်က ကျန်းမာရေးနှင့် အစားအသောက်ဆိုင်ရာများ အကြောင်း ဟောပြောခဲ့ပြီး၊ လူမှုအသင်းအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်နေတဲ့ အစားအသောက်နှင့် အလှကုန်ပစ္စည်းများဆိုင်ရာပြခန်းနှင့် လက်တွေ့ရှင်းလင်းမှုဆိုင်ရာများကို ပရိုဂျက်တာဖြင့် အသိပညာပေး ပြသမှု ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆက်လက်၍ အသိပညာပေးဟောပြောပွဲအဖွဲ့က ကျောင်းမုန့်ဈေးတန်းများသို့ အစားအသောက်လုံခြုံမှု ဆိုင်ရာများစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ကျောင်းဆရာ/ဆရာမများ၊ဌာနဆိုင်ရာများနှင့် စုစုပေါင်း ၄၅၀ ဦး တို့တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ဘောမ်ဇုန်း-မြစ်ကြီးနား**

## ကရင်ပြည်နယ်၊ စားသုံးသူအကာအကွယ်ပေးရေးကော်မတီ အစည်းအဝေး ကျင်းပ



ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်း ကော်မတီနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကရင်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှာကျင်းပခဲ့ကြောင်း သိရှိရပါတယ်။ အစည်းအဝေးသို့ ကရင်ပြည်နယ် အစိုးရအဖွဲ့စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးနိုင်မင်းစိုးသိန်း၊ စည်ပင်သာယာရေးဝန်ကြီးဦးသံဒိုင်၊ ကော်မတီဝင် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ ၃၅ ဦးတက်ရောက်ခဲ့ကြပြီး ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌဦးနိုင်မင်းစိုးသိန်းနှင့် စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးသံဒိုင်တို့ကအမှာစကား ပြောကြားကြပါသည်။

ယင်းနောက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ပြည်နယ် ဦးစီးမှူး ဦးတင့်ဆန်းက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက် ဆောင်ရွက်သင့်သည်များကိုရှင်းလင်းတင်ပြပြီးတက်ရောက်လာသည့် ကော်မတီဝင်များက ကျယ်ကျယ်ပြန့်ပြန့် စိတ်ဝင်တစားဆွေးနွေးကြပါသည်။ဆွေးနွေးချက်များတွင် ပြည်သူလူထုသို့ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ကြရေး၊ အစားအသောက်များ ဘေးကင်းလုံခြုံရေးပိုမိုစစ်ဆေး အရေးယူရေး၊ နယ်စပ်ဒေသဖြစ်၍ တရားမဝင်ဝင်ရောက်နေသည့် အအေးခဲအသားငါးများနှင့် ပတ်သက်၍ ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ ပါဝင်ပြီးပြည်နယ်ဝန်ကြီးများက ယခုလုပ်ငန်းများ ထိရောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့သို့ ပြန်လည်တင်ပြပြီး ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

**ခင်ကြည် ( စားသုံးသူရေးရာ )**

# အာဆီယံအတွက် ကျန်းမာရေးလုပ်သားများကို ဗီယက်နမ်ကလေ့ကျင့်မည်

အာဆီယံ အသိုက်အဝန်းမှာ အခြေခံကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေမှာ ရိုးရာဆေးဝါးကို အသုံးပြုကုသပေးမယ့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားတွေနဲ့ လက်ထောက် ဆရာဝန်တွေ လေ့ကျင့်ပေးတဲ့ သင်တန်းကိုဖွင့်လှစ်ပေးဖို့ ဟိုချီမင်းစီးတီးမှာ ဒီဇင်ဘာ ၁၄ ရက်ထိ သုံးရက်ကြာ ကျင်းပခဲ့တဲ့ ကွန်ဖရင့်ကို တက်ရောက်လာကြတဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်တို့က ဗီယက်နမ်နိုင်ငံကို တိုက်တွန်းခဲ့ကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

ရိုးရာဆေးကုသရေးလုပ်ငန်းမှာ ပြုစုပေးနေတဲ့ အပ်စိုက်ကုသမှုနဲ့ အနှိပ်သည်လုပ်ငန်းတွေက ပဏာမအခြေခံကုသရေးလုပ်ငန်းကို အထောက်အကူပေးနိုင်ကြောင်း အမျိုးသားရိုးရာ ဆေးဝါးနဲ့ဆေးဝါးထုတ်လုပ်မှုလုပ်ငန်း အကြီးအကဲ ဒေါက်တာဖမ်ဗူခန်းက ပြောပါတယ်။

လုပ်ငန်းအစီအစဉ်မူကြမ်းကို ကွန်ဖရင့်မှာ တင်ပြပြီးနောက် အာဆီယံနိုင်ငံများရဲ့ သဘောထားကို ရယူသွားမှာဖြစ်ပါတယ်။ အဆိုပါမူကြမ်းအရ စေတနာ့ဝန်ထမ်းလုပ်သားများက ရိုးရာဆေးဝါးကုသမှုဆိုင်ရာ ခြောက်လသင်တန်းကို တက်ရောက်ပြီးနောက် အထူးသဖြင့် ဆင်းရဲသားများကို ကျန်းမာရေးစောင့်ရှောက်မှုရရှိအောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

သင်တန်းဆင်းလက်မှတ် ရထားသူတွေကို ဆေးဝန်ထမ်းခန့်ထားရေးဆိုင်ရာ နည်းဥပဒေများနဲ့အညီ ဆေးဝါးကုသရေးလုပ်ငန်းများရဲ့ လိုအပ်ချက်အပေါ် မူတည်၍ အခြေခံ ဆေးဝါးကုသရေးလုပ်ငန်းမှာ ဆောင်ရွက်ဖို့ ခန့်ထားပေးသွား မှာဖြစ်ပါတယ်။

လေ့ကျင့်ရေးသင်တန်းမှာ သီအိုရီ၊ ဓာတ်ခွဲခန်းလက်တွေ့၊ ရိုးရာဆေးဝါးကုသရေးဆေးခန်းများမှာ အလုပ်သင်လုပ်စေခြင်းနဲ့ ကွင်းဆင်းလေ့ကျင့်မှုဆိုတဲ့ နယ်ပယ်လေးခုပါဝင်မှာဖြစ်ပါတယ်။

အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းအနေနဲ့ လေ့ကျင့်ရေးသင်တန်းရဲ့ ရည်မှန်းချက်တွေ မပျောက်ပျက်စေဘဲ မိမိတို့ရဲ့ သီးခြားစရိုက်လက္ခဏာများနဲ့ ကိုက်ညီအောင် အစီအစဉ်ကို ပြင်ဆင်ဖို့ အဆိုပြုနိုင်ပြီး ပါဝင်တဲ့အချက်အလက်တွေရဲ့ ၂၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းထိသာ ပြင်ဆင်ရန် ဆောင်ရွက်ထားပါတယ်။

# အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကွန်ဖရင့်ကို စတင်ဖွင့်လှစ်



သဘာဝဘေးအန္တရာယ် ဖြစ်ပွားပါက အရေးယူဆောင်ရွက်ရာတွင်လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုနဲ့အညီ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရာမှာလည်းကောင်း ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ကြဖို့ ဒီဇင်ဘာ ၁၆ ရက်က ဖနွမ်းပင်မြို့ရှိ ကမ္ဘောဒီးယားနားဟိုတယ်မှာကျင်းပတဲ့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်ဆွေးနွေးပွဲမှာ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နဲ့ နိုင်ငံခြားရေးဝန်ကြီး ဟိုနမ်ဟောင်က တိုက်တွန်းကြောင်း ဖနွမ်းပင်ပို့စ်သတင်းမှာ ဖော်ပြပါတယ်။

လောလောဆယ်မှာ မူကြမ်းအဖြစ် One ASEAN, One Response ဆိုတဲ့ ခေါင်းစဉ်နဲ့ ပြုစုထားတဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အာဆီယံဘုံမဟာဗျူဟာကို အပြီးသတ်ရေးဆွဲကြဖို့ ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာမှာ တိုက်တွန်းပြောကြားခဲ့ပါတယ်။

"အာဆီယံဒေသကို သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံနိုင်တဲ့ တစ်ခုတည်းသောဒေသအဖြစ် ပြောင်းလဲဖို့ ဆောင်ရွက်ရာမှာ ရည်မှန်းချက်ပြည့်ဝဖို့အတွက် ကျွန်တော်တို့အားလုံး ဒေသတွင်းစည်းလုံးညီညွတ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရပါမယ်"လို့ ဝန်ကြီးချုပ်ရဲ့ အမှာစကားမှာ ဖော်ပြပါတယ်။

အာဆီယံဒေသတွင်း ဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်များကို ခံစားနေရမှုနဲ့ မကြာသေးမီက ဖြစ်ပွားခဲ့ရတဲ့ တိုင်ဖုန်းမီလာကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် ဖြစ်ပေါ်ရတဲ့ ဆုံးရှုံးမှုများကို ပြောကြားရင်း ဒေသတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရဲ့ အရေးပါမှုကို ဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားခဲ့ပါတယ်။

ဒီဇင်ဘာ ၁၃ ရက်က ပဲရစ်မြို့မှာ ရာသီဥတုဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပခဲ့ရာ အဆိုပါ ဆွေးနွေးပွဲမှာ သမိုင်းဝင် အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုကို ရရှိခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်တားဆီးရေး လုပ်ငန်းများကို ဆောင်ရွက်ရာမှာ ရာသီတုပြောင်းလဲမှုနဲ့အညီ အဆင်ပြေစွာ နေထိုင်နိုင်ရေးလုပ်ငန်းများနဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိ ကြောင်း Action Aid မှ ဆက်သွယ်ရေး ပေါင်းစပ်ညှိနှိုင်းရေးမှူး ဖိလစ်ဆင်းက ပြောပါတယ်။




# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံအဖြစ် လိုက်ဘေးရီးယားနိုင်ငံပါဝင်

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)အဖွဲ့ဝင်နိုင်ငံအဖြစ် လိုက်ဘေးရီးယားနိုင်ငံ ဝင်ရောက်ခွင့်ရရှိခဲ့ပြီဖြစ်ရာ ၁၉၉၅ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ခွင့်ရတဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (Least Developed Country-LDC) များအနက် အဌမမြောက်နိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း Capitalfm ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက တရားဝင်အသိအမှတ်ပြုပြီးနောက် အဖွဲ့ဝင်ဖြစ်မြောက်ရေး နောက်ဆုံးလုပ်ငန်းစဉ်ကို ဒီဇင်ဘာ ၁၆ ရက်မှာ ကျင်းပတဲ့ ၁၀ ကြိမ်မြောက် ဒဗလျူတီအိုဝန်ကြီးအဆင့် အစည်းအဝေးမှာ အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

နိုင်ရိုဘီ အစည်းအဝေးကို တက်ရောက်လျက်ရှိတဲ့ လိုက်ဘေးရီးယားသမ္မတ အီလန်ဂျွန်ဆင်ဆာလိက လိုက်ဘေးရီးယားနိုင်ငံကို အဖွဲ့ဝင်အဖြစ် လက်ခံခြင်းကို ကြိုဆိုလိုက်ပြီး ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေးမှာ လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်သဖြင့် လိုက်ဘေးရီးယားနိုင်ငံအတွက် ကြီးမားသော မှတ်တိုင်တစ်ခုဖြစ်ကြောင်း ပြောကြားပါတယ်။

ဒဗလျူတီအို ညွှန်ကြားရေးမှူးချုပ် ရောဘတ်တိုအဇယ်ဗယ်ဒိုကလည်း လိုက်ဘေးရီးယားနိုင်ငံ အဖွဲ့ဝင်အဖြစ် ဝင်ရောက်လာတာကို ကြိုဆိုလိုက်ပြီး အပြည့်အဝထောက်ခံမှုပေးသွားမှာဖြစ်ကြောင်း ကတိပြုပြောကြားခဲ့ပါတယ်။

"အာဖရိကတိုက်မှာ ပထမဆုံးအကြိမ်အဖြစ် ကျင်းပတဲ့ ဝန်ကြီးအဆင့် အစည်းအဝေးမှာ အာဖရိက နိုင်ငံတစ်နိုင်ငံကို အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခွင့်ရတာကလည်း အင်မတန် သင့်မြတ်ပါတယ်"လို့ အဇယ်ဗယ်ဒိုက ပြောပါ တယ်။

ဒဗလျူတီအိုသို့ လိုက်ဘေးရီးယားနိုင်ငံ ဝင်ခွင့်ရချိန်က အီဘိုလာကပ်ဘေးကြောင့် ကြီးမားစွာ ထိခိုက်မှုကို ခံစားနေရတဲ့ နိုင်ငံရဲ့ ကူးသန်းရောင်းဝယ်ရေးကို ပြန်လည်ရှင်သန်အောင် ဆောင်ရွက်ဖို့ လိုအပ်နေချိန်နဲ့ တိုက်ဆိုင်နေပါတယ်။ ဒဗလျူတီအိုအဖွဲ့ဝင်အဖြစ် ဝင်ခွင့်ရရှိဖို့အတွက် လိုက်ဘေးရီးယားနိုင်ငံရဲ့ အဆိုပြုချက်ကို ၂၀၀၇ ခုနှစ်က တင်သွင်းခဲ့တာဖြစ်တဲ့အတွက် ဝင်ခွင့်ရရှိအောင် ဆောင်ရွက်ရတဲ့ကာလက ရှစ်နှစ်ခွဲခန့် ကြာမြင့်ခဲ့ပါတယ်။

အာဖဂန်နစ္စတန်နိုင်ငံကလည်း ဒီဇင်ဘာ ၁၇ ရက်က နိုင်ရိုဘီမှာ ကျင်းပတဲ့ သီးခြားအခမ်းအနားမှာ အဖွဲ့ဝင်နိုင်ငံအဖြစ် ရောက်ရှိခဲ့ပါတယ်။

လောလောဆယ်မှာ ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံအဖြစ် ရောက်ရှိရေးအတွက် ညှိနှိုင်းဆွေးနွေးလျက်ရှိတဲ့နိုင်ငံတွေက အယ်လ်ဂျီးရီးယား၊ ဘယ်လာရုစ်၊ အီရန်၊ အီရတ်၊ လစ်ဗျား၊ ဆားဘီးယားနဲ့ ဥဇဘက်ကစ္စတန်နိုင်ငံတို့ဖြစ်ပါတယ်။

# ၂၀၁၇ ခုနှစ် အေပက်ဖိုရမ်အတွက် ဗီယက်နမ်နိုင်ငံပြင်ဆင်

ဗီယက်နမ်နိုင်ငံက ၂၀၁၇ ခုနှစ် အာရှပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အေပက် (Asia-Pacific Economic Co.operation-APEC) ဖိုရမ်အတွက် ကျယ်ကျယ်ပြန့်ပြန့် ပြင်ဆင်လျက်ရှိကြောင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဘူအီသန်းဆန်းရဲ့ ပြောကြားချက်အရ ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

"၂၀၁၇ ခုနှစ် အေပက်ဖိုရမ်ကျင်းပရေးက ၂၀၂၀ ပြည့်နှစ် နိုင်ငံခြားရေးမူဝါဒအတွက် ဦးစားပေးတစ်ရပ်ဖြစ်ပါတယ်"လို့ ဟနွိုင်းမြို့မှာ ဒီဇင်ဘာ ၁၆ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူကျင်းပတဲ့ ဆွေးနွေးပွဲမှာ သူက ပြောပါတယ်။ ဗီယက်နမ်နိုင်ငံက ၂၀၀၆ အေပက်အစည်းအဝေးကို အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်ရာ ယခုဒုတိယအကြိမ်အစည်းအဝေးမှာလည်း အေပက်အဖွဲ့အတွင်း အကျိုးစီးပွားများ မျှဝေပေးနိုင်အောင် ဆောင်ရွက်ပေးနိုင်မှာဖြစ်ကြောင်းလည်း သူကပြောပါတယ်။

၁၉၈၉ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီးနောက်ပိုင်း အာရှပစိဖိတ်ဒေသအတွင်း ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေး ပေါင်းစည်းရေးနဲ့ သာယာဝပြောရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာမှာ အေပက်က ရှေ့ဆောင်မှုအခန်းမှ ပါဝင်ခဲ့ပြီး ကမ္ဘာ့လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်းကို အကျိုးဖြစ်ထွန်းစေခဲ့ပါတယ်။ အေပက်ဒေသတွင်း ကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ ထရီလီယံ ၂၀ နဲ့ ကမ္ဘာ့စုစုပေါင်း ပြည်တွင်းဝင်ငွေ (ဂျီဒီပီ)ရဲ့ ၅၇ ရာခိုင်နှုန်းကို အကောင်အထည် ဖော်ပေးနိုင်ခဲ့ကြောင်း ဆန်းက ပြောပါတယ်။

ဗီယက်နမ်နိုင်ငံရဲ့ ဆန်းသစ်ပြုပြင်ရေး၊ ဖွံ့ဖြိုးရေးနဲ့ အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရာမှာလည်း အေပက်အဖွဲ့က မဟာဗျူဟာမြောက်တဲ့ အခန်းကဏ္ဍမှပါဝင်ခဲ့ပြီး ဗီယက်နမ်ကိုပေးတဲ့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုရဲ့ ၇၈ ရာခိုင်နှုန်း၊ အပြည်ပြည်ဆိုင်ရာ ကုန် သွယ်မှုတန်ဖိုးရဲ့ ၇၉ ရာခိုင်နှုန်းကို အကောင်အထည်ဖော်ပေးပြီး နိုင်ငံခြားသား ခရီးသည်ဝင်ရောက်မှုကို ၇၉ ရာခိုင်နှုန်းထိရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဗီယက်နမ်ရဲ့ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ် ၁၅ ခုအနက် ၁၃ ခုက အေပက်အဖွဲ့ဝင်တွေနဲ့ ချုပ်ဆိုတဲ့ စာချုပ်တွေဖြစ်ပါတယ်။

၁၉၈၉ ခုနှစ် နိုဝင်ဘာမှာ တည်ထောင်ခဲ့ပြီးနောက်ပိုင်း အာရှပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်မှာ ယခုအခါ အဖွဲ့ဝင် ၂၁ နိုင်ငံထိ ပါဝင်လာခဲ့ပြီဖြစ်ကာ ဗီယက်နမ်နိုင်ငံက ၁၉၉၈ ခုနှစ်မှာ အဖွဲ့ဝင်ဖြစ်ခဲ့ပါတယ်။

APEC 2016 ကို ပီရူးနိုင်ငံရဲ့မြို့တော် လီမာမြို့မှာ ကျင်းပမှာဖြစ်ပါတယ်။

ညာဏ်တင်-စုစည်းတင်ပြသည်

# ထိုင်းအက်စ်အမ်အီးများအတွက် အတိုးနှုန်းသက်သာတဲ့ ချေးငွေများကို ဒီဇင်ဘာ ၂၈ ရက်မှာ ထုတ်ချေးမည်

ယခုနှစ်မကုန်မီ အတိုးနှုန်းနည်းတဲ့ မူဝါဒချေးငွေတွေကို ရရှိတဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း (Small and Medium Enterprises-SME) များ ပိုမိုတိုးပွားလာစေရန်အတွက် ထိုင်းနိုင်ငံ အသေးစားနဲ့ အလတ်စား စီးပွားရေးဖွံ့ဖြိုးရေးဘဏ်နဲ့ ပူးပေါင်းပြီး ထိုင်းအသေးစားနဲ့ အလတ်စားစီးပွား ရေးလုပ်ငန်းအသင်းချုပ်က ဆောင်ရွက်လျက်ရှိကြောင်း နေးရှင်း သတင်းမှာ ဖော်ပြပါတယ်။

အက်စ်အမ်အီးများအား သက်သာတဲ့အတိုးနှုန်းဖြစ်တဲ့ ၄ ရာခိုင်နှုန်းနဲ့ ထုတ်ချေးဖို့ အစီအစဉ်ကို ထိုင်းအစိုးရက ဘတ်ဘီလီယံ ၁၀၀ အသုံးပြုပြီး ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် အက်စ်အမ်အီး အတော်များများက ချေးငွေမရရှိနိုင်ဘဲ ဖြစ်ခဲ့ရပါတယ်။

အဆိုပါချေးငွေတွေကို ရယူလိုတဲ့ အက်စ်အမ်အီးတွေက www.federation thaisme.org ဝက်ဘ်ဆိုက်မှာ လျှောက်လွှာပုံစံကို ဒေါင်းလုပ်ရယူပြီး ဒီဇင်ဘာ ၂၅ ရက်မှာ လျှောက်ထားရမှာဖြစ်ကြောင်း အသင်းချုပ်ရဲ့ ဥက္ကဌ ဒေါက်တာနေ့ပွန်သီးရာဝမ်းက ပြောပါတယ်။

ဘတ်တစ်သန်းထက် မပိုတဲ့ ချေးငွေများအတွက် ထိုင်းချေးငွေ အာမခံကော်ပိုရေးရှင်း (TCG) က ကြားခံအာမခံအဖြစ် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဘတ်တစ်သန်းနဲ့ ငါးသန်းကြားရှိ ချေးငွေများကိုမူ အာမခံအဖြစ် ဆောင်ရွက်ပေးနေတဲ့ TCG ဘဏ်ရဲ့ လေ့လာစိစစ်မှုများကို အောင်မြင်မှသာ ချေးငွေကို ရရှိမှာဖြစ်ပါတယ်။

ဘတ်ငါးသန်းအထက် ပိုတဲ့ ချေးငွေများအတွက်မှာမူ ကူးသန်းရောင်းဝယ်ရေးဘဏ်တွေက ဆောင်ရွက်နေတဲ့ စံထားအပေါင်ချေးငွေ မူဝါဒများနဲ့အညီ လျှောက်ထားနိုင်မှာဖြစ်ပါတယ်။ ချေးငွေပြန်ဆပ်ရမယ့် အမြင့်ဆုံးကာလက ငါးနှစ်ဖြစ်ပါတယ်။ အတိုးနှုန်းသက်သာတဲ့ ချေးငွေများကို ထိုင်းအက်စ်အမ်အီး အသင်းချုပ်ရဲ့ အဖွဲ့ဝင်ဖြစ်လိုသူ အက်စ်အမ်အီးများက www.federation thaisme.org မှာ လျှောက်ထားနိုင်ကြောင်း နေ့ဒ္ဓပွန်းက ပြောပါတယ်။

နိုင်ငံတစ်ဝန်းလုံးရှိ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းဆောင်ရွက်နေသူတွေကို ထောက်ပံ့မှုပေးပြီး လုပ်ငန်းကြီးများနဲ့ ယှဉ်ပြိုင်နိုင်အောင် အသင်းချုပ်က ဆောင်ရွက်ပေးလျက်ရှိကြောင်း သူကပြောပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

# ဗီယက်နမ်တွင် အစားအစာဘေးကင်းလုံခြုံရေး အစီအစဉ်ကို စတင်ဆောင်ရွက်မည်

အစားအစာ ဘေးကင်းလုံခြုံရေး ဈေးကွက် ရွေ့ပြေးပုံစံအဖြစ် ဟော့မွန်လက်ကားဈေးကွက်နဲ့ ဘင်သန်းဈေးကွက်တို့မှာ ဟိုချီမင်းစီးတီးစက်မှုနဲ့ ကုန်သွယ်ရေးဌာနက ဆောင်ရွက်တော့မှာဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံထုတ် Tuoi Tre(လူငယ်) သတင်းစာမှာ ဖော်ပြထားပါတယ်။

ပေါ်(သတ်)ထားပြီးဖြစ်တဲ့ ဝက်များကို ဟော့မွန်လက်ကားဈေးသို့ တင်ပို့၍ ခုတ်ထစ်ပြီးမှသာ မြို့တော်ရှိ သမားရိုးကျဈေးကွက်များရှိ လက်လီဈေးသည်များထံသို့ တင်ပို့မှာဖြစ်ပါတယ်။ ဈေးကွက်သို့ မတင်ပို့မီ သန့်ရှင်းမှုများပြုလုပ်ခြင်းနဲ့ စမ်းသပ်စစ်ဆေးမှုများကို ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

"တခြားနေရာတွေမှာ ဘယ်လိုလုပ်မယ်ဆိုတာတော့ ကျွန်တော်မသိပါဘူး။ ဒီဈေးကွက်မှာတော့ ဝက်သားရောင်းရင် ရောဂါဘယ ကင်းရှင်းကြောင်း လက်မှတ်ပါရှိရမှာဖြစ်ပါတယ်" လို့ ဟော့မွန်လက်ကားဈေးကွက်မှ ဝက်သားသည်ဖြစ်သူ ဆန်းကပြောပါတယ်။

ဘေးအန္တရာယ် ကင်းရှင်းတဲ့ အစီအစဉ်ကို ဈေးထဲမှာ စီစဉ်ဆောင်ရွက်ထားတဲ့အတွက် ကုန်သည်အများအပြားကို အကျိုးဖြစ်ထွန်းစေခဲ့ပါတယ်။ ယခင်ကမူ ဝယ်ယူထားတဲ့ ဝက်သားတွေမှာ ဝက်တွေကို ပိန်အောင်ကျွေးထားတဲ့ ဝတ္ထုပစ္စည်းတွေ ပါဝင်မှာကို လက်ကားဈေးသည် အများစုအတွက် စိုးရိမ်စရာဖြစ်ခဲ့ရပါတယ်။ ယခုအခါ သန့်ရှင်းလတ်ဆတ်ပြီး ရောဂါဘယကင်းတဲ့ ဝက်သားကို ရောင်းချနိုင်တဲ့အတွက် သူ့အတွက်လည်း ကောင်းမွန်ကြောင်း ဈေးထဲရှိ အခြားကုန်သည်တစ်ဦးက ပြောပါတယ်။

မြို့တော်ရဲ့ ရွေ့ပြေးအစီအစဉ်ထဲမှာ မပါဝင်သေးတဲ့ တခြားဈေးကွက်တွေက ဝက်သားသည်တွေကလည်း ယခုချမှတ်လိုက်တဲ့ ပုံစံသစ်ကို အားတက်သရော ထောက်ခံကြပါတယ်။

"ဈေးကွက်ထဲမှာ အထူးသဖြင့် ညနေပိုင်းမှာ ရောင်းနေတဲ့ ဝက်သားတွေ တစ်ပုံကြီးပါပဲ။ ဒါပေမယ့် အရည်အသွေးဘယ်လိုရှိတယ်ဆိုတာကို မသိရပါဘူး။ အခုတော့ လက်ကားဈေးကွက်တွေကဝယ်လာပြီး ရောဂါဘယကင်းရှင်းကြောင်း တံဆိပ်ပါတဲ့ ဝက်သားတွေကိုသာ ဈေးထဲမှာရောင်းခွင့်ပြုထားပါတယ်"လို့ တန်ဘင်းခရိုင်



ဟောင်ဟိုအာသမ်းဈေးကွက်ရှိ ဈေးသည်တစ်ဦးဖြစ်သူ ထရောင်းကပြောပါတယ်။

"အခုတော့ ကျွန်မဆိုင်မှာဝယ်တဲ့ ဖောက်သည်တွေအတွက် ကျွန်မရောင်းတဲ့ ဝက်သားတွေ ကောင်းမွန်ကြောင်း အာမခံချက်ပေးနိုင်ပါပြီ"လို့ ဘင်သန်းဈေးကွက်မှာ နှစ် ၃၀ ကြာ ဝက်သားရောင်းခဲ့တဲ့ ဝက်သားသည် တူသီမူအိုအိက ပြောပါတယ်။ ဒီပုံစံကိုဈေး ထဲမှာ မကြာမီ အကောင်အထည်ဖော်တော့မယ်လို့ ဝယ်ယူစားသုံးသူတွေရောတွေက မျှော်လင့်နေကြောင်း သူမက ပြောပါတယ်။

# လုပ်ငန်းဆောင်ရွက်ချိန် လျှော့ချနိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံက အစိမ်းရောင်လမ်းကြောင်းကို သတ်မှတ်ပေး

ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေ တည်ဆောက်ရေးအဆင့်ကို ရောက်ရှိတဲ့အခါ စက်ယန္တရားနဲ့ ပစ္စည်းကိရိယာများ တင်သွင်းမှုအတွက် လွယ်ကူချောမွေ့အောင် အစိမ်းရောင်လမ်းကြောင်း ဝန်ဆောင်မှု (Green Lane Facility) ကို ဖန်တီးပေးထားကြောင်းနဲ့ ဒီလမ်းကြောင်းမှတစ်ဆင့် ဆောင်ရွက်ခြင်းဖြင့် ဆိပ်ကမ်းများမှာ သုံးစွဲရမယ့်အချိန်ကို လျှော့ချပေးနိုင်မှာဖြစ်ကြောင်း အကောက်ခွန်နဲ့ ယစ်မျိုးဌာန ညွှန်ကြားရေးမှူးချုပ် ဟီရူပမ်ဘူဒီက ပြောပါတယ်။

စီမံကိန်းလုပ်ငန်းများ တည်ဆောက်ရေးအဆင့်သို့ ရောက်ရှိနေတဲ့ ရင်းနှီးမြှုပ်နှံသူတွေအတွက် စက်ယန္တရားနဲ့ စက်ကိရိယာတို့ကို တင်သွင်းတဲ့အခါ အကောက်ခွန်ရှင်းလင်းမှု လုပ်ငန်း လွယ်ကူချောမွေ့စေရန်အတွက် မတည်ရင်းနှီးငွေရင်းနှီးမြှုပ်နှံမှု ပေါင်းစပ်ညှိနှိုင်းရေးဘုတ်အဖွဲ့ (Capital Investment Coordinatiing Board-BKPM) ရဲ့ ထောက်ခံချက်နဲ့ အစိမ်းရောင်လမ်းကြောင်း ဝန်ဆောင်မှုကို အသုံးပြုခွင့်ပေးထားပါတယ်။

"ရင်းနှီးမြှုပ်နှံသူတွေ အတွက် လုပ်ထုံးလုပ်နည်းတွေ လွယ်ကူအောင် ဆောင်ရွက်ထားတဲ့အပြင် အစိမ်းရောင်လမ်းကြောင်းကို အသုံးပြုခြင်းဖြင့် စောင့်ဆိုင်းရတဲ့အချိန်ကို သက်သာစေမှာဖြစ်ပါတယ်"လို့ ဝန်ဆောင်မှုလုပ်ငန်းနဲ့ ပတ်သက်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ညွှန်ကြားရေးမှူးချုပ်က ပြောပါတယ်။

စီမံကိန်းလုပ်ငန်းတွေ တည်ဆောက်ရေးအဆင့်အထိ ရောက်ရှိထားပြီးဖြစ်တဲ့ ကုမ္ပဏီတွေက မတည်ရင်းနှီးကုန်ပစ္စည်း (Capital Goods) တွေ အမြောက်အမြား တင်ပို့ရမှာ သေချာပါတယ်။ အဲဒီပစ္စည်းတွေအားလုံးကို အနီရောင်လမ်းကြောင်း (Red Lane) က ဖြတ်ကျော်ပြီး အကောက်ခွန်ရှင်းလင်းရမယ်ဆိုရင် အချိန်အများကြီး ကုန်သွားမှာဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောပါတယ်။ အကောက်ခွန်ရှင်းလင်းရေးနဲ့ပတ်သက်ရင် အကောက်ခွန်ဦးစီးဌာနက ကုမ္ပဏီအားလုံး တစ်ပြေးညီဆောင်ရွက်ပေးနေကြောင်း သူက ပြောပါတယ်။

ယခုကဲ့သို့ အကောက်ခွန်ရှင်းလင်းမှုတွေကို ဆောင်ရွက်တဲ့အခါ ကုမ္ပဏီတွေက စည်းကမ်းဖောက်ဖျက်မှုတွေ ဖြစ်ပေါ်မလာအောင် ကာကွယ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း သူက ပြောပါတယ်။ အနီကနေ အစိမ်းကို လမ်းကြောင်းပြောင်းပေးဖို့ ဆောင်ရွက်ရာမှာ အာဏာပိုင်တွေ ဆောင်ရွက်ရတဲ့အချိန်က ကြာမြင့်တတ်ပြီး တစ်ခါတစ်ရံမှာ ကိုးလလောက်အထိ ကြာမြင့်တတ်ကြောင်း သူကပြောပါတယ်။



# စင်ကာပူရှိ အမြဲနေထိုင်ခွင့်ရသူနဲ့ နိုင်ငံသားတို့ရဲ့ အလုပ်လက်မဲ့နှုန်း မြင့်တက်

လူအင်အားဝန်ကြီးဌာနရဲ့ ဒီဇင်ဘာ ၁၅ ရက်က ပြောကြားချက်အရ စင်ကာပူရဲ့ စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးနေပြီး စုစုပေါင်း အလုပ်အကိုင်ရရှိမှုအခြေအနေမှာ ခြောက်နှစ်အတွင်း အနှေးကွေးဆုံးနှုန်းဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြထားပါတယ်။

စက်တင်ဘာလတွင် အလုပ်လက်မဲ့ တိုးတက်မှုနှုန်းမှာ စင်ကာပူနိုင်ငံသားများအတွက် ၃ ဒသမ ၁ ရာခိုင်နှုန်းနဲ့ အမြဲတမ်းနေထိုင်ခွင့်ရသူများအတွက် ၃ ရာခိုင်နှုန်း ရှိခဲ့ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်တဲ့ အလုပ်သမားဈေးကွက် အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ တစ်နိုင်ငံလုံးရဲ့ အလုပ်လက်မဲ့နှုန်းကို ကြည့်မယ်ဆိုရင်တော့ ၂ ရာခိုင်နှုန်းရှိပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အလုပ်အကိုင်ရရှိသူက တတိယသုံးလပတ်မှာ ၁၂၆၀၀ ရှိခဲ့ရာ ၂၀၁၄ ခုနှစ် တတိယသုံးလပတ်က ရှိခဲ့တဲ့ ၃၃၄၀၀ နဲ့နှိုင်းယှဉ်ရင် ကျဆင်းနေတာကို တွေ့ရပါတယ်။ ယခုနှစ် ပထမ သုံးလပတ် အလုပ်အကိုင်ရရှိမှုက တိုးတက်မှု ၁၆၂၀၀ ရှိခဲ့ရာ ၂၀၀၉ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးဖြစ်ခဲ့ပါ တယ်။

တတိယသုံးလပတ်မှာ အလုပ်မှ ထုတ်ပယ်ခဲ့ရတဲ့ အလုပ်သမားအရေအတွက် စုစုပေါင်း ၃၄၆၀ ဦးရှိခဲ့ရာ ဒုတိယသုံးလပတ်က ရှိခဲ့တဲ့ ၃၂၅၀ ဦးနဲ့ နှိုင်းယှဉ်ရင် မြင့်တက်နေပြီး ၂၀၁၄ ခုနှစ် တတိယသုံးလပတ်နဲ့ နှိုင်းယှဉ်ရင် ပြောင်းလဲမှု မရှိသလောက် ဖြစ်ခဲ့ပါတယ်။

စက်တင်ဘာလမှာ ရာသီအလိုက် ညှိနှိုင်းထားတဲ့ လစ်လပ်အလုပ်အကိုင် အရေအတွက်မှာ ၁၁ ရာခိုင်နှုန်း ကျဆင်းပြီး ၅၆၀၀ ရှိခဲ့ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### နိုင်ရိုဘီ

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့မှာ ကျင်းပလျက်ရှိတဲ့ (၁၀)ကြိမ်မြောက် ဒဗလျူတီအို ဝန်ကြီးများအဆင့် အစည်းအဝေးမှာ အာဖဂန်နစ္စတန်နိုင်ငံကို အဖွဲ့ဝင်နိုင်ငံအဖြစ် ဒီဇင်ဘာ ၁၈ ရက်က လက်ခံအတည်ပြုခဲ့ရာ အာဖဂန်နစ္စတန်နိုင်ငံက ဒဗလျူတီအိုရဲ့ ၁၆၄ နိုင်ငံမြောက်နဲ့ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ နိုင်ငံ(အယ်လ်စီဒီ)များ အနက် ၃၆ နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်လာကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

### ဆိုးလ်

ဆိုးလ်မြို့တော်သို့ ဆေးကုသရန် လာရောက်ကြတဲ့ ခရီးသွားများအတွက် ဆေးဝါးကုသရေး ခရီးသွားလုပ်ငန်းဆိုင်ရာ အကြောင်းအရာများကို http : // medicaltour seoul. com မှာ အင်္ဂလိပ်၊ ဂျပန်၊ ရုရှားနဲ့ တရုတ်ဘာသာတို့ဖြင့် ဆိုးလ်မက်ထရိုလီတန်အစိုးရက ဒီဇင်ဘာ ၁၈ ရက်မှ စတင်တင်ထားကြောင်း ယွန်ဟပ်သတင်းမှာ ဖော်ပြပါတယ်။

### ဟာနွိုင်း

လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ်တွေကို ချုပ်ဆိုထားပြီးဖြစ်တဲ့အတွက် ဗီယက်နမ်နိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းကို မြှင့်တင်နိုင်မှာဖြစ်ပေမယ့် သွင်းကုန်များ ဝင်ရောက်လာခြင်းက ပြည်တွင်းထုတ်လုပ်မှုကို ခြိမ်းခြောက်လာနိုင်ကြောင်းနဲ့ ဗီယက်နမ်လုပ်ငန်းများအနေဖြင့် ကုန်သွယ်ရေးကာကွယ်မှုကို ဆောင်ရွက်ဖို့လိုကြောင်း ဗီယက်နမ်ယှဉ်ပြိုင်မှု အာဏာပိုင်အဖွဲ့ရဲ့ ဒီဇင်ဘာ ၉ ရက်က ပြောကြားချက်ကို ဗီယက်နမ် နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

### မနီလာ

ယိုလန်ဒါနဲ့ လန်ဒိုတိုင်ဖုန်းမုန်တိုင်းများကြောင့် ဖြစ်ပေါ်တဲ့ ဆန်စပါးထုတ်လုပ်မှုအပျက်အစီးမှာမူလ ခန့်မှန်းသလောက် မဆိုးရွားတဲ့အတွက် ၂၀၁၆ ခုနှစ်အတွက် ဆန်စပါး တင်သွင်းမှုကို မူလက တန် ၁ ဒသမ ၃ သန်းတင်သွင်းဖို့ လျာထားသတ်မှတ်ခဲ့ပေမယ့် ဆန်တင်သွင်းမှုကို တန်သုံးသိန်း သို့မဟုတ် လေးသိန်းထိလျှော့ချခဲ့ကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

## SOUTH EAST ASIA

# ဗီယက်နမ်နိုင်ငံက အော်ဂဲနစ်နို့ထွက်ပစ္စည်းများ ထုတ်လုပ်မည်

ကမ္ဘာတစ်ဝန်းမှာ အော်ဂဲနစ်နို့ထွက်ပစ္စည်းများကို လူကြိုက်များလျက်ရှိရာ ဗီယက်နမ်နိုင်ငံကလည်း အော်ဂဲနစ်နို့ထွက်ပစ္စည်းများကို ထုတ်လုပ်ဖို့ ပြင်ဆင်လျက်ရှိကြောင်း ဆိုင်ဂုံဒေးဒီးသတင်းမှာ ဖော်ပြထားပါတယ်။

အော်ဂဲနစ် နို့ထွက်ပစ္စည်းရဖို့အတွက် ကျွဲနွားတွေကို စားကျက်မှာလွှတ်ကျောင်းရပါမယ်။ အော်ဂဲနစ်တိရစ္ဆာန်အစာအဖြစ် အသိအမှတ်ပြုထားတဲ့(တိရစ္ဆာန်တွေရဲ့ အသားမပါတဲ့) တိရစ္ဆာန်အစားအစာတွေ ကျွေးရပါမယ်။ တိရစ္ဆာန်တွေကို ဆေးဝါးတွေ မကျွေးရဘူးလို့ ဗီယက်နမ်ကျွဲနွားတိရစ္ဆာန်မွေးမြူရေးအသင်း ဥက္ကဋ္ဌ ငုယင်ဒေါင်ဗန်းက ပြောပါတယ်။

လောလောဆယ်မှာ TH True Milk, MocChau; Vinamilk တို့က အထက်မှာ ဖော်ပြထားတဲ့ အတိုင်း အော်ဂဲနစ်ကျွဲနွားတိရစ္ဆာန်တွေကို မွေးမြူလျက်ရှိပါတယ်။ ပြည်ပက သွင်းယူလာတဲ့ နို့မှုန့်တွေက ဗီယက်နမ်ဈေးကွက်ရဲ့ ၇၀ ရာခိုင်နှုန်းကို လွှမ်းမိုးထားပါတယ်။ ဒါပေမယ့် စားသုံးသူတွေက နို့မှုန့်တွေရဲ့ အရည်အသွေးကို စိုးရိမ်မကင်းဖြစ်နေပါတယ်။ ဒီအခြေအနေတွေကြောင့် ဗီယက်နမ်နိုင်ငံရဲ့ နို့ထွက်ပစ္စည်း အရည်အသွေးကို တိုးတက်ကောင်းမွန်စေဖို့အတွက် ဗီယက်နမ်မှာ တစ်နှစ်ကို နို့တန်ချိန်တစ်သန်းထွက်ရှိဖို့ လိုမှာဖြစ်ရာ လိုအပ်ချက်ပြည့်မီဖို့အတွက် နို့စားနွားငါးသိန်းထိ မွေးမြူဖို့လိုအပ်ပါတယ်။

အော်ဂဲနစ် နို့အတွက်လည်းကောင်း၊ အော်ဂဲနစ်လယ်ယာထုတ်ကုန်များအတွက်လည်းကောင်း၊ ဗီယက်နမ်အာဏာပိုင်တို့က စံနှုန်းသတ်မှတ်ထားခြင်းမရှိသေးကြောင်း TH ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗူဗန်တမ်က လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနဲ့ သိပ္ပံနဲ့ နည်းပညာဝန်ကြီး ဌာနတို့ ကျင်းပတဲ့ ဘေးအန္တရာယ်လုံခြုံတဲ့ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်ဆိုင်ရာ ကွန်ဖရင့်မှာ ပြောပါတယ်။

အဆိုပါကိစ္စနဲ့ ပတ်သက်၍ ဆောင်ရွက်ထားနိုင်ခြင်း မရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာန အစားအစာ အုပ်ချုပ်ရေးဌာန အကြီးအကဲ ငုယင်သန်းဖောင်းက ဝန်ခံပြောကြားပါတယ်။ ■

## SOUTH ASIA

# အိန္ဒိယနိုင်ငံရဲ့ လက်ကားဈေးနှုန်းများက နိုဝင်ဘာလတွင် ၁၃ လမြောက် ဆက်တိုက်ကျဆင်း

လက်ကားဈေးနှုန်း အညွှန်းကိန်း (Wholesale Price Index -WPI) အရ တွက်ချက်တဲ့ အိန္ဒိယနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုနှုန်းက အောက်တိုဘာလမှာ ၃ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ရာမှ နိုဝင်ဘာလမှာ ၁ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းတဲ့အတွက် ၁၃ လမြောက် ဆက်တိုက်ကျဆင်းခဲ့တာဖြစ်ကြောင်း ဘိဇနက်စတန်းဒတ်သတင်းမှာ ဖော်ပြပါတယ်။

WPI အရ တွက်ချက်ပါက ၁၉၇၅-၇၆ ခုနှစ်မှာ တစ်နှစ်ပတ်လုံး ငွေတန်ဖိုးကျဲ့မှု (Deflation) ဖြစ်ခဲ့ကြောင်းနဲ့ ငွေကြေးဖောင်းပွမှု အခြေအနေကိုကြည့်ပါက ၂၀၁၃ ခုနှစ် အောက်တိုဘာမှာ ၁ ဒသမ ၆၆ ရာခိုင်နှုန်းနဲ့ အနိမ့်ဆုံးထိကျရောက်ခဲ့ဖူးတာကို တွေ့ရပါတယ်။

သို့သော်လည်း အိန္ဒိယနိုင်ငံမှာ စားသောက်ကုန်ပစ္စည်းများရဲ့ ဈေးနှုန်းများမှာမူ မြင့်တက်နေဆဲဖြစ်ပါတယ်။ အထူးသဖြင့် ပဲမျိုးစုံဈေးနှုန်းများမှာ နှစ်အလိုက် အခြေခံဖြင့် တွက်ချက်ပါက အောက်တိုဘာတွင် ၅၃ ရာခိုင်နှုန်း မြင့်တက်ပြီး နိုဝင်ဘာတွင် ၅၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာ မုတ်သုံရာသီ ညံ့ဖျင်းမှုကြောင့် ပဲမျိုးစုံ အထွက်ညံ့ဖျင်းခဲ့တာမှန်ပေမယ့် ပဲဈေးနှုန်းများ ဆက်တိုက်မြင့်တက်နေ ခြင်းမှာ ဝယ်လိုအားနဲ့ ရောင်းလိုအား မျှတမှုမရှိတဲ့ အချက်လည်း ပါဝင်ကြောင်း အိန္ဒိယနိုင်ငံ ကြွေးမြီအဆင့် သတ်မှတ်ရေးကုမ္ပဏီ (Credit Rating Information Services of India Limited-CRISIL) ရဲ့ စီးပွားရေးပညာရှင်အကြီးအကဲ ဒီကေဂျိုရှီက ပြောပါတယ်။

ကြက်သွန်နီဈေးနှုန်း ဖောင်းပွမှုက အောက်တိုဘာမှာ ၈၅ ရာခိုင်နှုန်းရှိခဲ့ရာမှ နိုဝင်ဘာမှာ ၅၃ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပေမယ့် ဖောင်းပွမှုမြင့်မားနေဆဲဖြစ်ပါတယ်။

စားသောက်ကုန် အားလုံးကို ခြုံကြည့်ပါက ဈေးနှုန်းဖောင်းပွမှုမှာ အောက်တိုဘာတွင် ၂ ဒသမ ၄၄ ရာခိုင်နှုန်းရှိရာမှ နိုဝင်ဘာမှာ ၅ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့တာကို တွေ့ရပါတယ်။

## MIDDLE EAST

# အိုပက်အစည်းအဝေးမှာ သဘောထားကွဲလွဲမှုကြောင့် ရေနံစိမ်းဈေးနှုန်းမြင့်တက်

အနောက်နိုင်ငံများရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုမတိုင်မီက ရှိခဲ့တဲ့ ထုတ်လုပ်မှုကို ပြန်လည်မရရှိပါက ထုတ်လုပ်မှုကန့်သတ်ရေးကို ဆွေးနွေး မည်မဟုတ်ကြောင်း အီရန်နိုင်ငံက ပြောကြားတဲ့အတွက် ဒီဇင်ဘာ ၁၁ ရက်က ကျင်းပတဲ့ အစည်းအဝေးမှာ ရေနံ ထုတ်လုပ်မှုအမြင့်ဆုံးသတ်မှတ်ရေးနဲ့ ပတ်သက်ပြီး အိုပက်အဖွဲ့ဝင်နိုင်ငံများ သဘောတူညီမှု မရရှိခဲ့ကြောင်း ပရက်စ်တယ်လီဂရက်သတင်းမှာ ဖော်ပြပါတယ်။

၂၀၁၆ ခုနှစ်မှာ အိုပက်ရေနံစိမ်းဝယ်လိုအားက တစ်ရက်ကို စည် ၁ ဒသမ ၂ သန်း ပိုမိုမြင့်တက်ပြီး တစ်နှစ်လုံးအတွက် တစ်ရက်ပျမ်းမျှစည် ၃၀ ဒသမ ၈ သန်းထိ ရှိလာမယ်လို့ အိုပက်က ခန့်မှန်းထားပါတယ်။

ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမှာ ကျင်းပတဲ့ အိုပက် အဖွဲ့အစည်းအဝေးက ဒီဇင်ဘာ ၁၁ ရက်မှာ ပြီးဆုံးခဲ့ပြီး နောက်ပိုင်း ဘရင့်ရေနံစိမ်း ဈေးနှုန်းတွေက ၂ ရာခိုင်နှုန်းနီးပါး ကျဆင်းကာ တစ်စည်ကို အမေရိကန်ဒေါ်လာ ၄၃ ဒေါ်လာနှုန်း ရှိခဲ့ပါတယ်။

နုန်းကျော့က်မှ ထုတ်လုပ်တဲ့ အမေရိကန်ရေနံစိမ်းနဲ့ ကမ္ဘာ့ဈေးကွက်အတွင်း ပြန်ဝင်လာမယ့် အီရန်ရေနံစိမ်းစတဲ့ အခြေအနေများကြောင့် ဖြစ်ပေါ်လာတဲ့ ရေနံစိမ်းထုတ်လုပ်မှု မြင့်မားလာတဲ့အတွက် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းခဲ့ရပါတယ်။

အိုပက်အဖွဲ့ဝင်နိုင်ငံများက ဈေးကွက်ကို ထိန်းသိမ်းထားနိုင်ရေးနဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ရုရှားဖက်ဒရေးရှင်းနဲ့ အိုပက်အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံများရဲ့ယှဉ်ပြိုင်မှုကို ရင်ဆိုင်နိုင်ရေးအတွက် ဆော်ဒီအာရေးဗီးယားနဲ့ တခြား ပင်လယ်ကွေ့နိုင်ငံတို့က ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် ၁၈ လအတွင်း ရေနံစိမ်းဈေးနှုန်းတွေ ၆၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားတဲ့တိုင်အောင် ထုတ်လုပ်မှုလျှော့ချရေးအတွက် တိုက်တွန်းမှုတွေကို ငြင်းပယ်လျက်ရှိပါတယ်။

အချိန်ကြာမြင့်စွာ ကျဆင်းခဲ့တဲ့ ရေနံဈေးနှုန်းတွေကြောင့် အိုပက်အဖွဲ့အတွင်း သဘောထားကွဲလွဲမှုတွေ ဖြစ်ပွားခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်က ကျင်းပပြီးစီးခဲ့တဲ့ အိုပက်အဖွဲ့ရဲ့ အစည်းအဝေးတွင် သဘောတူညီချက် တစ်စုံတစ်ရာ မရရှိခဲ့ပေ။

## EAST ASIA

# အရေးပေါ်အသုံးပြုနိုင်ဖို့ ရေဖြင့်ဓာတ်ပြုပြီး လျှပ်စစ်ဓာတ်ထုတ်ပေးမည့် ဘက်ထရီကို ဂျပန်နိုင်ငံတွင်ထုတ်လုပ်မည်

သဘာဝဘေးအန္တရာယ်ကြုံတွေ့ပြီးနောက် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြစ်ပွားပါက ရေဖြည့်လိုက်ရုံဖြင့် ရေဒီယို သို့မဟုတ် စမတ်ဖုန်းကို အားဖြည့်ပေးနိုင်ရန် လုံလောက်တဲ့ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးမယ့် မဂ္ဂနီစီယံဘက်ထရီကို ဂျပန်နိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်တဲ့ ဖူရူကာဝါကုမ္ပဏီက ထုတ်လုပ်ပေးတော့မည်ဖြစ်ကြောင်း အဆာဟိသတင်းမှာ ဖော်ပြထားပါတယ်။

အဆိုပါ ဘက်ထရီအမျိုးအစားဖြစ်တဲ့ MgBox ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီနှောင်းပိုင်းမှာ ဈေးကွက်တင်ရောင်းချမှာဖြစ်တဲ့အတွက် အွန်လိုင်းနဲ့ တခြားရောင်းချရေးဌာနများမှာ ဝယ်ယူနိုင်လိမ့်မယ်လို့ ကုမ္ပဏီက ခန့်မှန်းထားပါတယ်။

ဖူရူကာဝါကုမ္ပဏီရဲ့ အဆိုအရ ဓာတ်ခဲထဲကို ရေတစ်လီတာခွဲထည့်ပေးလိုက်ရင် လျှပ်စစ်ဓာတ်အားစတင်ထုတ်လုပ်ပေးမှာဖြစ်ပြီး ထုတ်လုပ်ပေးတဲ့ လျှပ်စစ်ဓာတ်အားပမာဏက တစ်နာရီကိုဝပ် ၂၀၀ ထုတ်လုပ်ပေးမယ်လို့ ဆိုပါတယ်။ ဥပမာအားဖြင့် ဓာတ်အားထုတ်လုပ်ထားတဲ့ ဘက်ထရီနဲ့ ရေဒီယိုကို ယူအက်စ်ဘီကြိုးနဲ့ဆက်ပြီး အသုံးပြုရင် ရေဒီယိုကို ငါးရက်အသုံးပြုနိုင်ပြီး စမတ်ဖုန်းအတွက် အသုံးပြုမယ်ဆိုရင် အကြိမ် ၂၀ အားသွင်းလို့ရနိုင်ပါတယ်။

MgBox က တစ်ကီလိုဂရမ်ရှိမှာဖြစ်တဲ့အတွက် အိမ်တွေမှာ အသုံးပြုလို့ အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ ဘက်ထရီကို တိုပန်ပရင့်တင်း ကုမ္ပဏီက ထုတ်လုပ်တဲ့စက္ကူကို အသုံးပြုပြီး ထုတ်လုပ်ထားတာ ဖြစ်တဲ့အတွက် အသုံးပြုပြီးတဲ့အခါ အခြားအိမ်အသုံးအဆောင် ပစ္စည်းများနည်းတူ စွန့်ပစ်နိုင်မှာဖြစ်ပါတယ်။ MgBox ရဲ့ လက်လီရောင်းဈေးက ယန်းတစ်သောင်းခွဲ (အမေရိကန်ဒေါ်လာ ၁၂၄) ဝန်းကျင်မှာ ရှိမှာဖြစ်ပါတယ်။

ဖူရူဝါကုမ္ပဏီက ဖူကူအိုကာအခြေစိုက် အီကိုမရိန်းပါဝါ ကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ချုပ်ဆိုပြီး သင်္ဘောတွေပေါ်မှာနဲ့ ကုန်းတွင်းပိုင်းပလက်ဖောင်းနေရာတွေမှာ အသုံးပြုနိုင်မယ့် ရေကြောင်းသွားလာရေး ဘက်ထရီများကို ထုတ်လုပ်သွားမယ့် အစီအစဉ်လည်း ရှိပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# အေအီးစီအတွက် အဆင်သင့်ဖြစ်ကြောင်း ထိုင်း SME ၁၁ ရာခိုင်နှုန်းကျော်ကပြော

အာဆီယံစီးပွားရေးအသိုက် အဝန်း (အေအီးစီ)ဟာ ဒီဇင်ဘာလကုန်မှာ အကောင်အထည်ပေါ်လာတော့မှာ ဖြစ်ပေမယ့် ဒူရာကီပန်ဒစ်တက္ကသိုလ်က ဆောင်ရွက်ခဲ့တဲ့ စစ်တမ်းအရ အေအီးစီအတွက် အဆင့်သင့်မဖြစ်သေးကြောင်း ပြောကြားတဲ့ ထိုင်းအသေးစားနဲ့ အလတ် စားစီးပွားရေးလုပ်ငန်း (အက်စ်အမ်အီး) အရေအတွက်မှာ ၁၀ ခုအနက် ကိုးခုပါဝင်နေကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါ တယ်။

အေအီးစီအတွက် စီးပွားရေး လုပ်ငန်းများ အဆင့်သင့်ဖြစ်မှုနဲ့ ဒေသတွင်း ပေါင်းစည်းမှုအတွက် စီးပွားရေးလုပ်ငန်းများ ပြင်ဆင်ထားတဲ့ အစီအမံများအကြောင်းကို သိရှိနိုင်ဖို့ နိုင်ငံတစ်ဝန်းရှိ အက်စ်အမ်အီးလုပ်ငန်းများရဲ့ ပိုင်ရှင်များသို့မဟုတ် ကိုယ်စား လှယ် ၅၈၀ ကို စစ်တမ်းကောက်ယူခဲ့ပါတယ်။

စစ်တမ်းအရ အေအီးစီအတွက် အသင့်ဖြစ်နေကြောင်း ပြောကြားသူက ၁၁ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး အဆင်သင့် မဖြစ်သေးသူဦးရေက ၇၅ ဒသမ ၂ ရာခိုင်နှုန်း ရှိပါတယ် ။ ကျန် ၁၃ ဒသမ ၄ ရာခိုင်နှုန်းက AEC ကို စိတ်ဝင်စားမှုမရှိကြောင်း ပြောကြားပါတယ်။

အဆင်သင့်ဖြစ်အောင် ပြင်ဆင်မယ်ဆိုပါက အချိန်မည်မျှကြာနိုင်ကြောင်း အဆင်သင့်မဖြစ်သေးသူများကို မေးမြန်းခဲ့ပါတယ်။ တစ်နှစ်အတွင်း အဆင်သင့်ဖြစ်အောင် ဆောင်ရွက်နိုင်သူက ၁၄ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး နှစ်နှစ် သို့မဟုတ် သုံးနှစ်လောက် အချိန်ယူ ပြင်ဆင်ရမယ့်သူက ၅၄ ဒသမ ၂ ရာခိုင်နှုန်း ရှိပါတယ်။ သုံးနှစ်ကျော်လောက် ပြင်ဆင်ရမယ့်ဦးရေက ၈၆ ဒသမ ၃ ရာခိုင်နှုန်း ရှိပါတယ်။

အေအီးစီအတွက် ပြင်ဆင်ရာမှာ စီးပွားရေးလုပ်ငန်းတွေ တွေ့ကြုံရတဲ့ အခက်အခဲတွေကိုလည်း မေးမြန်းခဲ့ပါတယ်။ အဆင်သင့်မဖြစ်သေးသူတွေ ပြောကြားတဲ့ အခက်အခဲက ၅၄ ဒသမ ၃ ရာခိုင်နှုန်း၊ အရည်အသွေးပြည့် ဝန်ထမ်းမရှိတာက ၅၀ ဒသမ ၁ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံပြင်ပမှာ စီးပွားဖက်ရှာမရသေးတာက ၄၃ ဒသမ ၂ ရာခိုင်နှုန်း အင်္ဂလိပ်ဘာသာစကားနဲ့ ဆက်သွယ်နိုင်စွမ်းမရှိတာက ၄၁ ဒသမ ၄ ရာခိုင်နှုန်း၊ ထုတ်ကုန်တွေက စံချိန်မသတ်မှတ်နိုင်တဲ့ အခက်အခဲရှိသူ ၄၀ ဒသမ ၅ ရာခိုင်နှုန်း၊ ဘယ်ကစလုပ်ရမှန်းမသိသူက ၃၄ ဒသမ ၆ ရာခိုင်နှုန်း ငွေရင်းမရှိသူက ၃၁ ဒသမ ၆ ရာခိုင်နှုန်း၊ သွင်းကုန်ပို့ကုန် လုပ်ထုံးလုပ်နည်းကို မသိတာက ၃၀ ဒသမ ၂ ရာခိုင်နှုန်း၊ ထုတ်လုပ်မှုစွမ်းရည် မပြည့်တာက ၂၇ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ထိုင်းဘာသာစကားအပြင် တခြားဘာသာစကားတွေ အသုံးပြုပြီးမဆက်သွယ်နိုင်သူက ၁၉ ဒသမ ၅ ရာခိုင်နှုန်းရှိပါတယ်။

အေအီးစီအတွက် အဆင်သင့်ဖြစ်နေသူများကို မေးမြန်းရာမှာ အဆင်သင့်ဖြစ်ဖို့အတွက် ပျမ်းမျှပြင်ဆင်ချိန် ၂ ဒသမ ၄ နှစ်ကြာမြင့်နိုင်ကြောင်း ပြောကြားပါတယ်။ အောင်မြင်မှုအတွက် အရေးပါတဲ့ အချက်များကို အဆင့် ၁ မှ ၅ အထိ ခွဲခြားပြရန် လုပ်ငန်းရှင်များကို မေးမြန်းခဲ့ပါတယ်။ အဆင့်မြင့်ဆုံးအဖြစ်သတ်မှတ်နိုင်တဲ့အကြောင်းအရာက စီးပွားရေးလုပ်ငန်းမှာ ဆောင်ရွက်နေတဲ့ ဝန်ထမ်းတွေကို အေအီးစီကြောင့် ဖြစ်ပေါ်လာမယ့် ဂယက်ကို နားလည်အောင် ဆောင်ရွက်တာဖြစ်ပြီး အဆင့် အမှတ် ၄ ဒသမ ၇ သတ်မှတ်ပါတယ်။

စီးပွားရေးလုပ်ငန်းရဲ့ အားသာချက်အားနည်း ချက်ကို အကဲဖြတ်ပြီး အဆင်ပြေလိုက် ဖက်အောင် ဆောင်ရွက်တာကို ၄ ဒသမ ၅ မှတ်၊ အေအီးစီကြောင့် ဖြစ်လာမယ့် ဈေးကွက် အခွင့်အလမ်းနဲ့ ဂယက်တွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်စု ဆောင်းတာကို ၄ ဒသမ ၄ မှတ် သတ်မှတ် ပါတယ်။ ရည်မှန်းချက်ထားတဲ့ နိုင်ငံ တွေက ကုန်ပစ္စည်းကို တင်သွင်း သို့မဟုတ် တင်ပို့တဲ့ အတွေ့အကြုံကို ၄ ဒသမ ၂ မှတ်နဲ့ ထုတ်ကုန်တွေ တိုးတက်နေအောင် စဉ်ဆက်မပြတ် ဆောင်ရွက်နေတာကို ၄ ဒသမ ၂ မှတ် သတ်မှတ်ပါတယ်။




# ဥရောပဖွံ့ဖြိုးရေးဘဏ် အဖွဲ့ဝင်အဖြစ် တရုတ်နိုင်ငံပါဝင်

တရုတ်နိုင်ငံအား ဥရောပ ပြန်လည်တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးရေးဘဏ် (The European Bank for Reconstruction and Development-EBRD) က အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံလိုက်ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ပြောကြားလိုက်ရာ ကမ္ဘာပေါ် မှာ စီးပွားရေးအရ ဒုတိယနေရာမှာရှိနေတဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးလမ်းကြောင်းကို ဥရောပ၊ အာဖရိကနဲ့ အရှေ့အလယ်ပိုင်းဒေသအထိ ဖြန့်ကြက်နိုင်တော့မှာဖြစ်ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

“ EBRD ရဲ့ အဖွဲ့ဝင်အဖြစ် တရုတ်နိုင်ငံက ရရှိတဲ့အတွက် EBRD က လုပ်ငန်းဆောင်ရွက်နေတဲ့ ဒေသတွေမှာ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေကို ထပ်မံတိုးချဲ့နိုင် တော့မှာဖြစ်ပါတယ်”လို့ EBRD ရဲ့ ဥက္ကဋ္ဌ ဆူမာချက်ကရာဘာတီက ပြောပါတယ်။

ဆိုဗီယက်အုပ်စိုးမှုအောက်မှရုန်းထွက်လာခဲ့တဲ့ ဗဟိုဥရောပနဲ့ အရှေ့ဥရောပရှိ နိုင်ငံများအနေနဲ့ ဈေးကွက် စီးပွားရေးနစ်သို့ ကူးပြောင်းရာမှာ အကူအညီပေးဖို့အတွက် EBRD ကို ၁၉၉၁ ခုနှစ်တွင် ထူထောင်ခဲ့ပြီး ယခု အခါ အဆိုပါဘဏ်က ယူကရိန်း၊ အီဂျစ်နဲ့ မွန်ဂိုလီးယားအပါအဝင် နိုင်ငံ ပေါင်း ၃၆ နိုင်ငံမှာ ဖွံ့ဖြိုးရေး စီမံကိန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

လန်ဒန်အခြေစိုက် EBRD က လုပ်ငန်းဆောင်ရွက်လျက်ရှိနေတဲ့ နိုင်ငံအချို့မှာ တရုတ်နိုင်ငံက “ပိုးလမ်းမစီးပွားရေးရပ်ဝန်း” (Silk Road Economic Belt) လို့ ကင်ပွန်းတပ်ထားတဲ့ နိုင်ငံတွေ ပါဝင်ပြီး တရုတ်နိုင်ငံနဲ့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေးရှိထားတဲ့ နိုင်ငံတွေဖြစ်ပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

# ထားဝယ်စီမံကိန်းတွင် ငွေကြေးထောက်ပံ့ရေး အဖွဲ့အစည်းအဖြစ် ဂျပန်နိုင်ငံကို ထိုင်းအစိုးရ ပါဝင်ခွင့်ပြု

မြန်မာနိုင်ငံ ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ အထူးစီးပွားရေးဇုန်စီမံကိန်းကို စီမံခန့်ခွဲရာမှာ ငွေကြေးထောက်ပံ့ရေးအဖွဲ့အစည်း (Special-purpose Vesicle-SPV) အဖြစ် ဂျပန်အစိုးရ ပါဝင်နိုင်ရေးအတွက် ထိုင်းဘဏ္ဍာရေးဝန်ကြီး ဌာနရဲ့ အဆိုပြုချက်ကို ထိုင်းဝန်ကြီးအဖွဲ့က ဒီဇင်ဘာ ၈ ရက်မှာ အတည်ပြုခဲ့ပါတယ်။

ထားဝယ် SPVအဖြစ် ဆောင်ရွက်မယ့် ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးမှုကုမ္ပဏီအနေနဲ့ စုစုပေါင်းဘတ်ဂျက်အဖြစ် ဘတ်သန်း ၁၀၀ သုံးစွဲမှာဖြစ်ပြီး လောလောဆယ်မှာ ထိုင်းနဲ့ မြန်မာအစိုးရတို့က ၅၀ ရာခိုင်နှုန်းစီ ထည့်ဝင်ကြမှာဖြစ်ပါတယ်။

ဂျပန်နိုင်ငံ ပါဝင်လာမည်ဆိုပါက အဖွဲ့ဝင်သုံးနိုင်ငံတို့က ၃၃ ဒသမ ၃၃ ရာခိုင်နှုန်း အညီအမျှ ရှယ်ယာပါဝင်ကြမှာဖြစ်ပြီး အမြင့်ဆုံးဘတ်ဂျက်သုံးစွဲမှုကို ဘတ်သန်း ၁၀၀ အတိုင်း ထားရှိမှာဖြစ်ပါတယ်။

“ယခင်က ထိုင်းဝန်ကြီးချုပ် ဆွမ်ကစ်ဂျာတူဆရိပီကက် ဂျပန်နိုင်ငံကို သွားရောက်လည်ပတ်ပြီးနောက်ပိုင်း ထားဝယ် SPV မှာ ဂျပန်နိုင်ငံပါဝင်လာတာဖြစ်ပါတယ်။ ဒီလိုပါဝင်လာတဲ့အတွက် SPC ကုမ္ပဏီရဲ့ လုပ်ငန်းများ လုပ်ဆောင်ရာမှာ အကျိုးအမြတ်တွေ ပိုမိုရှိလာတော့မှာဖြစ်ပါတယ်”လို့ ထိုင်းအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဘန်ဆန်းကာင်ကမ်နတ်က ပြောပါတယ်။

ထိုင်းဝန်ကြီးအဖွဲ့က ထိုင်းနိုင်ငံ Mass Rapid Transit Authority အာဏာပိုင်အဖွဲ့ရဲ့ Orange Line ကို ဘတ် ၉၅ ဘီလီယံအကုန်အကျခံ ဆောက်လုပ်ရန်နဲ့ ခန့်မှန်းတည်ဆောက်မယ့် စာချုပ်သက်တမ်းကာလကို ၆၅ လ သတ်မှတ်ဖို့ကိုလည်း သဘောတူခဲ့ပါတယ်။ လုပ်ငန်းအတွက် လေလံတင်တဲ့လုပ်ငန်းတွေကို ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းမှာ စတင်ဆောင်ရွက်ပါမယ်။

Orange Line ရထားလမ်းအရှည်က ၂၁.၂ ကီလိုမီတာရှိပြီး တာလင်းချန်ရှိ ထိုင်းနိုင်ငံယဉ်ကျေးမှုစင်တာမှ မင်ဘူရီရှိ ဆူဝင်တာဝန် ဘူတာအထိ တည်ရှိမှာဖြစ်ပါတယ်။ မြေနဲ့အိမ်ခြံမြေ ကွင်းဆင်းတိုင်းတာမှုတွေအတွက် လျာထားငွေက ဘတ် ၉ ဒသမ ၆၂၅ ဘီလီယံရှိမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးကုန်ကျစရိတ်နဲ့ အရန်ထားငွေ ဘတ် ၈၅ ဒသမ ၄၈၃ ဘီလီယံရှိမှာဖြစ်ပါတယ်။

“Purple Line အပါအဝင် လျှပ်စစ်မီးရထားလမ်းများအတွက် လေလံကိုလာမယ့်နှစ်လယ်လောက်မှာ ဆောင်ရွက်မှာဖြစ်တယ်လို့ ဆွမ်ကစ်က ပြောပါတယ်”လို့ ဆန်ဆန်းက ဝန်ကြီး အဖွဲ့အစည်းအဝေးအပြီးမှာ သတင်းထောက်တွေကို ပြောပါတယ်။

# ငွေကြေးဖလှယ်ရေးအုပ်စုတွင်းမှာ ပါဝင်တဲ့ ငွေကြေးများနဲ့ ဖလှယ်ရာမှာ ယွမ်တန်ဖိုးတည်ငြိမ်

ယွမ်ငွေကြေးတန်ဖိုး တွက်ချက်တဲ့နည်းလမ်းကို ဒီဇင်ဘာ ၁၁ ရက်က ပြောင်းလဲပြီးနောက်ပိုင်း ငွေကြေး ဖလှယ်ရေး အုပ်စုတွင်းမှာ ပါဝင်နေတဲ့ငွေကြေးတွေနဲ့ ဖလှယ်ရာမှာ တရုတ်ငွေကြေးမှာရှိနေတဲ့ အခြေခံအကြောင်းရင်းတွေကြောင့် တည်ငြိမ်မှုရှိခဲ့ကြောင်း တရုတ်ဗဟိုဘဏ်က ပြောကြားချက်အရ ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

အခြေခံအကြောင်းရင်းတွေထဲမှာ မြင့်မားတဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း၊ တိုးတက်လျက်ရှိတဲ့ ယွမ် (RMB) အက်ဆက်စုစည်းမှုများ ခိုင်မာတဲ့ နိုင်ငံခြားအရန်ငွေကြေးနဲ့ ခိုင်မာတဲ့ ဘဏ္ဍာရေးအခြေအနေတို့ ပါဝင်ကြောင်း တရုတ်ဗဟိုဘဏ်ရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

ယွမ်ငွေကြေးနဲ့ အခြားငွေကြေး ၁၃ မျိုးတို့ ဖလှယ်ရာမှာ ယွမ်ငွေကြေးတန်ဖိုးကိုဖော်ပြတဲ့ အညွှန်းကိန်း (Composite Index) ကို တရုတ်နိုင်ငံခြားငွေရောင်းဝယ်ရေးဌာန (China Foreign Exchange Trade System-FFETS) က ဒီဇင်ဘာ ၁၃ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။ တရုတ်ယွမ်ငွေကြေးရဲ့ ဖလှယ်နှုန်းကို တွက်ချက်ရာမှာ အမေရိကန်ဒေါ်လာ၊ ယူရိုနဲ့ ဂျပန်ယန်းစတဲ့ ငွေကြေး ၁၃ မျိုးတို့ ပါဝင်ပြီး တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှုပမာဏကို အခြေပြု တွက်ချက်သတ်မှတ်ပေးတာဖြစ်ပါတယ်။

ငွေကြေးအုပ်စုအလိုက် အခြေပြု၍ တန်ဖိုးသတ်မှတ်ခြင်းဖြင့် ထိုငွေကြေးအုပ်စုနဲ့ ယွမ်ငွေကြေးကို ပုံသေချိတ်ဆက်တဲ့ သဘောမဟုတ်ကြောင်း ဈေးကွက်ရဲ့ ဝယ်လိုအားနဲ့ ရောင်းလိုအားကလည်း ယွမ်ငွေကြေး အတိုးနှုန်းကို သတ်မှတ်ရာမှာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်မှာဖြစ်ကြောင်း တရုတ်ဗဟိုဘဏ်က ပြောပါတယ်။



# ခရစ္စမတ် အားလပ်ရက်ကို ဆီးရီးယားဒုက္ခသည်များနဲ့ ကုန်ဆုံးမယ့် ဆူဇန်ဆာရာဒွန်

အမေရိကန် ရုပ်ရှင်မင်းသမီး ဆူဇန်ဆာရာဒွန်ဟာ သူ့ရဲ့ခရစ္စမတ်အားလပ်ရက်ကို ဆီးရီးယားမှာရှိတဲ့ဒုက္ခသည်တွေနဲ့ ကုန်ဆုံးမယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

Dead Man Walking ဇာတ်လမ်းတွဲရဲ့ စူပါမင်းသမီးတစ်လက်ဖြစ်တဲ့ ဆူဇန်ဟာဆီးရီးယားနိုင်ငံမှာ ဖြစ်ပေါ် နေတဲ့ဒုက္ခသည်တွေအတွက် ကိုယ်ချင်းစာနာစိတ်နဲ့ အဲဒီဒုက္ခသည်တွေနဲ့ အတူတူ ခရစ္စမတ်ကာလကိုဖြတ်ကျော်သွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

"နိုင်ငံတကာမှာ လူတွေ ထောင်သောင်းချီပြီး ဒုက္ခတွေရောက်နေကြတယ်။ အဲဒီလိုဒုက္ခသည်တွေဟာ ကမ္ဘာကြီးရဲ့ နေရာတိုင်းမှာ ရှိနေကြတယ်။ အဲဒီ ဒုက္ခသည်တွေအတွက် စာနာစိတ်ထားဖို့လိုပါတယ်"လို့ ဂရိသတင်းဌာန တစ်ခုဖြစ်တဲ့ ANA-MPA ကိုပြောကြားခဲ့တာဖြစ်ပါတယ်။

ဆီးရီးယားနိုင်ငံမှာဖြစ်ပေါ်နေတဲ့ ပြည်တွင်းစစ်နဲ့ အိုင်အက်စ်အိုင်အက်စ်တို့ရဲ့ ဒုက္ခနွံတွင်းကနေရုန်းထွက်နိုင်ဖို့ ထွက်ပြေးလာခဲ့ကြတဲ့ ဆီးရီးယားပြည်သူတွေအတွက် ခိုလှုံစရာ နေရာတစ်နေရာ ဖန်တီးပေးနိုင်ဖို့ လိုအပ်ပါတယ်လို့ ဆူဇန်က ထပ်မံပြောကြားခဲ့ပါတယ်။



## ချစ်သူနဲ့ လမ်းခွဲရလို့ အင်တာဗျူးတွေကိုရှောင်နေတဲ့

# ဂျနီဖာလောရင့်စ်

ဟောလိဝုဒ်ရဲ့ မင်းသမီးတစ်ပါးဖြစ်တဲ့ ဂျနီဖာလောရင့်စ်ဟာ သူ့ရဲ့ချစ်သူနဲ့ လမ်းခွဲလိုက်ရတဲ့အတွက် အခုလောလောဆယ်မှာ အင်တာဗျူးတွေကို မဖြေချင်သေးဘူးလို့ Contactmusic ကတစ်ဆင့် ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဂျနီဖာလောရင့်စ်နဲ့ Vogue မဂ္ဂဇင်းတို့ မကြာသေးမီက အင်တာဗျူးရာမှာ သူ့ရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး ဖွင့်ဟပြောကြားခဲ့တာဖြစ်ပါတယ်။

ဂျနီဖာလောရင့်စ်ဟာ ပြီးခဲ့ရက်အတွင်းက သူ့ရဲ့ချစ်သူ နီကိုလပ်စ်ဟော့တ်နဲ့ လမ်းခွဲခဲ့တာဖြစ်ပါတယ်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၁၂ ရက်ကတည်းက သူနဲ့လမ်းခွဲခဲ့တာပါ။ တစ်ယောက်နဲ့တစ်ယောက် လေးလေးစားစားနဲ့ ဆက်ဆံခဲ့ပေမယ့် သူက ကျွန်မကို လမ်းဘေးကဂျလေဘီတွေ ပုံစံအတိုင်း ဆက်ဆံခဲ့တာ။ အဲဒါကြောင့် ကျွန်မနဲ့သူနဲ့ လမ်းခွဲခဲ့တာပါ။ အချစ်ရေးမှာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုမရှိရင် လမ်းခွဲကြတာ အကောင်းဆုံးပါပဲ"လို့ ဂျနီဖာလော့ရင့်စ်က ပြောကြားခဲ့ပါတယ်။ ဂျနီဖာလော့ရင့်စ်ဟာ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းက ရီပတ်ဘလစ်ကန်ပါတီကို ဝေဖန်ခဲ့တဲ့အတွက် အများရဲ့ ဝိုင်းဝန်းပြစ်တင်မှုကို ခံခဲ့ရသူတစ်ဦးလည်းဖြစ်ပါတယ်။

ဂျနီဖာလော့ရင့်စ်ဟာ Hunger Games ဇာတ်လမ်းတွဲရဲ့ Mockingjay – Part 1 မှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး အောင်မြင်မှုရရှိနေတဲ့သရုပ်ဆောင်တစ်ဦးလည်းဖြစ်ပါတယ်။









ဝန်းရံခ
CAR SALE CENTER
WUN YAN KHA SERVICES COMPANY LIMITED
“မှန်ကန်သော စေတနာ ၊ ပြည့်ဝသော အရည်အသွေး ၊ ထိုက်တန်သော ဈေးနှုန်း ၊ ကောင်းမွန်သော ဝန်ဆောင်မှု”
ဂျပန်နိုင်ငံမှတိုက်ရိုက်တင်သွင်းလာသည့် အရည်အသွေးမြင့် ကားကောင်း၊ကားသန့်များကို ကြည့်ရှုဝယ်ယူလိုသူများအတွက်
“ဝန်းရံခ” ကားအရောင်းစင်တာမှ ဝယ်ယူသူများစိတ်တိုင်းကျ ဝန်ဆောင်မှုပေးနေပါသည်။
Website : www.wykmotors.com
G-mail : wunyankha.autocentre@gmail.com
Facebook page : Wun Yan Kha Services Company Limited
2016
နှစ်သစ်မှာ ပျော်ရွှင်မှုများစွာ ပိုင်ဆိုင်နိုင်ကြပါစေ...
လိပ်စာ - အမှတ် (၁)၊ ဗဟိုလမ်းမကြီး၊ လှိုင်ရတနာပရိယတ္တိစာသင်တိုက်ဘေး၊ ဘုတာရုံလမ်းနှင့် ပါရမီလမ်းကြား၊ သံလမ်းမှတ်တိုင်အနီး၊ (၇) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၈၆၃၈၅၅၈၅ ၊ ၀၉-၇၃၇၃၈၅၈၅ ၊ ၀၉-၅၀၃၁၄၈၀ ၊ ၀၉-၅၀၂၂၅၇၇ ၊ ၀၉-၉၇၇၁၀၉၈၉၃




Easy Gifts FOR MERRY CHRISTMAS & HAPPY NEW YEAR
ကျပ်နှစ်သောင်းနှင့် အထက် ဝယ်ယူသူတိုင်းအတွက်
ဗလာမပါဆုလက်ဆောင်များစွာ...
70%
20%
10%
15%
7%
5%
၅-၁၂-၂၀၁၅
မှ
၆-၁-၂၀၁၆
အတွင်းသာ
10%
15%
Santa Claus
Table
5%
70%
DM
Maxel
Casio F.200w.2BDF
Coffee Cup(pair)
AC
7%
CHERRY OO
ROMANSON
Trofish
ECCO
CASIO
SKAGEN
ORIENT
DM
RHYTHM

COMMERCE
INTERNATIONAL

## အိုင်တီထုတ်ကုန်များအတွက် အခွန်လျှော့ချဖို့ ဒဗလျူတီအိုအဖွဲ့ဝင်တို့ သဘောတူ

သတင်းအချက်အလက် နည်းပညာ(အိုင်တီ)ထုတ်ကုန် ၂၀၁ မျိုးရဲ့ သွင်းကုန်ခွန်များကို တဖြည်းဖြည်းလျှော့ချသွားဖို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)အဖွဲ့ဝင် ၅၀ ကျော်တို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ရှင်ဝါသတင်းမှာ ဖော်ပြပါတယ်။

ကင်ညာနိုင်ငံမြို့တော် နိုင်ရိုဘီမြို့မှာကျင်းပတဲ့ ဒဗလျူတီအိုဝန်ကြီးအဆင့် ကွန်ဖရင့်မှာ ကြေညာခဲ့တဲ့ သတင်းအချက်အလက်နည်းပညာ သဘောတူစာချုပ် (Information Technology Agreement-ITA) အရ ပရင်တာ၊ မင်တောင့်၊ ဗီဒီယိုကင်မရာ၊ ဒီဗွီဒီနဲ့ ဆေးဝါးကုသရေးထုတ်ကုန်များအစရှိတဲ့ ထုတ်ကုန်များရဲ့ သွင်းကုန်ခွန်များကို အပြီးသတ်လျှော့ချသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံတွေမှာ အခွန်လွတ်ဝယ်ယူခွင့်ရတော့မှာဖြစ်ပါတယ်။

"ဝန်ကြီးအဆင့် အစည်းအဝေးမှာ ဒီသတင်းကို ကြေညာခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီရလဒ်က ထူးခြားတဲ့စွမ်းဆောင်မှုတစ်ခုဖြစ်ပါတယ်"လို့ ဒဗလျူတီအို ညွှန်ကြားရေးမှူးချုပ် အဇယ်ဗယ်ဒိုက ပြောပါတယ်။ ဒဗလျူတီအိုရဲ့ ထုတ်ပြန်ချက်အရ ITA ထုတ်ကုန်များရဲ့ တစ်နှစ်တာ ကုန်သွယ်မှုတန်ဖိုးက အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းရှိပြီး စုစုပေါင်း ကမ္ဘာ့ကုန်သွယ်မှုရဲ့ ဆယ်ပုံတစ်ပုံခန့်ရှိပါတယ်။

"ဒီလိုပမာဏကြီးမားတဲ့ ကုန်သွယ်ရေးမှာ အခွန်တွေပယ်ဖျက်ပေးတဲ့အတွက် ရိုက်ခတ်လာမယ့် ဂယက်က ပြင်းထန်နိုင်ပါတယ်။ အိုင်တီထုတ်ကုန်ပစ္စည်းတွေကို သွင်းအားစုအဖြစ် အသုံးပြုတဲ့ တခြားကဏ္ဍတွေအပါအဝင် ကဏ္ဍအသီးသီးမှာ ဈေးနှုန်းတွေ သက်သာအောင် အထောက်အကူပေးနိုင်ပါတယ်။ အလုပ်အကိုင်သစ်တွေ ဖန်တီးနိုင်ပြီး ကမ္ဘာတစ်ဝန်းမှာ ဂျီဒီပီတိုးတက်နှုန်းကို မြှင့်တင်ပေးနိုင်ပါလိမ့်မယ်"လို့ အဇယ်ဗယ်ဒိုက ပြောပါတယ်။

စေ့စပ်ညှိနှိုင်းမှုများရဲ့ ရလဒ်အဖြစ် အကောက်ခွန်လိုင်းအားလုံးရဲ့ ၆၅ ရာခိုင်နှုန်းကို ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်မှာ အပြီးသတ်ဖျက်သိမ်းပေးမှာဖြစ်ပါတယ်။ ကျန်အခွန်လိုင်းအများစုကို သုံးနှစ်အတွင်း အဆင့်လေးဆင့်ခွဲပြီး တဖြည်းဖြည်းလျှော့ချပေးသွားမှာဖြစ်ပါတယ်။ သဘောကတော့ ၂၀၁၉ ခုနှစ်မှာ သက်ဆိုင်ရာထုတ်ကုန်တွေရဲ့ သွင်းကုန်တွေ လျှော့ချပေးပြီး အခွန်လွတ်ရောင်းချခွင့်ပြုတော့မှာဖြစ်ကြောင်း ဒဗလျူတီအိုက ပြောပါတယ်။ ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိကျင်းပခဲ့တဲ့ ခြောက်လတစ်ကြိမ် ဒဗလျူတီအိုအစည်းအဝေးက နှစ်ပေါင်း ၂၀ အတွင်း အာဖရိကမှာ ပထမဆုံးအကြိမ်ကျင်းပတဲ့ အစည်းအဝေးတစ်ခုဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



## အမေရိကန်ဗဟိုဘဏ်က သမိုင်းဝင်အတိုးနှုန်းကိုမြှင့်တင်

ကိုးနှစ်ကျော် ကာလအတွင်း ပထမဆုံးအကြိမ် သမိုင်းဝင်လှုပ်ရှားမှုတစ်ရပ်အဖြစ် ဗဟိုဘဏ်အတိုးနှုန်းကို ဒီဇင်ဘာ ၁၆ ရက်မှာ မြှင့်တင်လိုက်ကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

အမေရိကန်ပြည်ထောင်စု စီးပွားရေးဖွံ့ဖြိုးမှုနှုန်း အနည်းငယ်မြင့်တက်လာပြီး ၂၀၁၆ ခုနှစ်မှာ အရှိန်အဟုန်မြင့်တက်လာလိမ့်မယ်လို့ သုံးသပ်လိုက်တဲ့အတွက် ဗဟိုဘဏ်ရဲ့ အတိုးနှုန်းကို သုည ဒသမ ၂၅ရာခိုင်နှုန်းမှ သုည ဒသမ ၅၀ ရာခိုင် နှုန်း မြှင့်တင်လိုက်ပါတယ်။ အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်အနေနဲ့ မဟာစီးပွားပျက်ကပ် နောက်ပိုင်း အတိုးနှုန်းကို သုညရာခိုင်နှုန်းဝန်းကျင် ထားရှိခဲ့ရာမှ ယခုကဲ့သို့ မြှင့်တင်လိုက်တာဖြစ်ပါတယ်။

အမေရိကန် ပြည်ထောင်စုက ယခုကဲ့သို့ အတိုးနှုန်းများ မြှင့်တင်လာမှာကို အများကလည်း မျှော်လင့်ထားပြီးဖြစ်ပါတယ်။ ဗဟိုဘဏ်ရဲ့ မူဝါဒရေးရာဘုတ်အဖွဲ့ဖြစ်တဲ့ ပြည်ထောင်စုလွတ်လပ်သော ဈေးကွက်ကော်မတီ (Federal Open Market Committee-FOMC) က အတိုးနှုန်းကို မြှင့်တင်ရာမှာ စီးပွားရေးတိုးတက်မှုနှုန်းအပေါ် မူတည်၍"တဖြည်းဖြည်းချင်း" မြှင့်တင်ပေးသွားမှာဖြစ်ကြောင်း ကတိပြုထားပါတယ်။

ယခုတစ်ကြိမ် မြှင့်တင်လိုက်ခြင်းမှာ ကနဦးဆောင်ရွက်မှုအဖြစ် ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်း သုံးကြိမ်မှ လေးကြိမ်အထိ တဖြည်းဖြည်းချင်း မြှင့်တင်ပေးကာ ၂၀၁၆ ခုနှစ်အကုန်မှာ ၁ ဒသမ ၄ ရာခိုင်နှုန်းအထိ ရောက်ရှိအောင် မြှင့်တင်သွားရန် FOMC က ရည်မှန်းထားပါတယ်။

လက်ရှိဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင်မတိုင်မီ ဗဟိုဘဏ်ဥက္ကဋ္ဌ ဘင်နန်ကီလက်ထက်က ဗဟိုဘဏ်အနေနဲ့ ပျော့ပြောင်းတဲ့ ငွေကြေးမူဝါဒကို ကျင့်သုံးခဲ့ပြီး ဂျနက်ယယ်လင်တာဝန်ယူဆောင်ရွက်ချိန်မှာ အမေရိကန်စီးပွားရေး ပြန်လည်ခိုင်မာလာတာကြောင့် ငွေကြေးမူဝါဒကို ပုံမှန်အနေအထားသို့ ပြန်လည်ပြောင်းလဲရန် ပြင်ဆင်ခဲ့ရပါတယ်။ ဂျနက်ယယ်လင်တာဝန်ယူပြီး နှစ်နှစ်အကြာမှာ အတိုးနှုန်းကို ပြောင်းလဲနိုင်ခြင်းမှာ ထူးခြားတဲ့ ပြောင်းလဲမှုတစ်ခုဖြစ်ခဲ့ပါတယ်။

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို ဖြည်းဖြည်းချင်း တိုးမြှင့်သွားမယ်လို့ ဆိုပေမယ့် ဗဟိုဘဏ်ရဲ့ အတိုးနှုန်းမြှင့်တက်မှုက ကြိုတင်တွက်ဆထားတာထက် ပိုမိုလျင်မြန်တဲ့နှုန်းနဲ့ မြှင့်တက်သွားနိုင်ကြောင်း High Frequency Economics ကုမ္ပဏီမှ ဂျင်မ်အိုဆူလီဗန်က ပြောကြားပါတယ်။

"အတိုးနှုန်းကို ဖြည်းဖြည်းချင်းပဲ တိုးမြှင့်သွားမယ်လို့ ဗဟိုဘဏ်က ပြောတဲ့စကားကို ကျွန်တော်တို့ သံသယရှိပါတယ်။ အဓိက အကြောင်းရင်းကတော့ အလုပ်လက်မဲ့နှုန်း ဆက်လက်ကျဆင်းနေပြီး နောက်ဆုံးမှာ ငွေကြေးဖောင်းပွမှုနှုန်းကို မြှင့်တက်စေမှာဖြစ်လို့ပါပဲ"လို့ သူကပြောပါတယ်။

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 21st December 2015

<< December And January Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.11.2015 | 25.11.2015 | | | 9.12.2015 | 13.12.2015 | |
| | | | S/O CUT | | | | | | 22.11.2015 | 21.11.2015 | | | | | |
| MV.CITY OF MUMBAI V.26 | 1.55 | 1.90 | 2.20 | 3.50 | | | | | 11.12.2015 | 13.12.2015 | 10.12.2015 | | 22.12.2015 | 26.12.2015 | 3.1.2016 |
| | | | S/O CUT | | | | | | 7.12.2015 | 9.12.2015 | 6.12.2015 | | | | |
| MV.HOEGH CHENNAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | | | 27.12.2015 | 26.12.2015 | 28.12.2015 | | 9.1.2015 | 13.1.2015 | |
| | | | S/O CUT | | | | | | 23.12.2015 | 22.12.2015 | 24.12.2015 | | | | |
| MV.CITY OF MUMBAI V.27 | 1.55 | 1.90 | 2.20 | 3.50 | | | | 16.1.2016 | 15.1.2016 | 14.1.2016 | | | 26.1.2016 | 30.1.2016 | |
| | | | S/O CUT | | | | | 12.1.2016 | 11.1.2016 | 10.1.2016 | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor-Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။